The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .17, NO . 16 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | May 1 , 2017

**မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ သုံးဘီးဆိုင်ကယ် အများအပြား တင်သွင်းလျက်ရှိ**

စာမျက်နှာ - ၁၆

**ကိုရီးယားနိုင်ငံသို့တင်သွင်းမည့် စိုက်ပျိုးရေးနှင့်မွေးမြူရေး ထုတ်ကုန်များ အားလုံးအတွက်ရောဂါပိုးမွှား ကင်းရှင်းကြောင်းစစ်ဆေးမည်**

စာမျက်နှာ - ၁၆

**InterPlas Thailand 2017 ပြပွဲတွင် မြန်မာပလတ်စတစ် လုပ်ငန်းရှင်များ သွားရောက်ပြသနိုင်**

စာမျက်နှာ - ၂၆



# ယခုနှစ် ဆန်နှင့် ဆန်ကွဲ တန်ချိန် ၁ ဒသမ ၇၅ သန်းခန့် တင်ပို့နိုင်သော်လည်း တိုးမြှင့်တင်ပို့ရာတွင် ရင်ဆိုင်ရသည့် စိန်ခေါ်မှုများ

လယ်ယာကဏ္ဍက မြန်မာနိုင်ငံရဲ့ အဓိကအသက်သွေးကြောဖြစ်သလို လူဦးရေအများစု (သုံးပုံ နှစ်ပုံခန့်) ကလည်း ကျေးလက် ဒေသများတွင် မှီတင်းနေထိုင်ကြပြီး လယ်ယာလုပ်ငန်းကိုသာ အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်လျက်ရှိပါတယ်။ ပို့ကုန်ကဏ္ဍကိုလေ့လာကြည့်တဲ့အခါ မြန်မာနိုင်ငံဟာ လယ်ယာထွက် ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ အဓိကတင်ပို့နေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုသည် လယ်ယာထွက် ကုန်ပစ္စည်းများတင်ပို့မှုအနက် အများဆုံးတင်ပို့နိုင်ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

စာမျက်နှာ - ၁၀

# ၂၀၁၆ ခုနှစ်အတွက် UNCTAD မှ ပြုစုထားသော ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံနှင့် ပတ်သက်သော အစီရင်ခံစာအကြောင်း သိကောင်းစရာ

ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအား ခွဲခြားသတ်မှတ်ရာတွင် ပထဝီအနေအထား၊ ဖွဲ့စည်းတည်ဆောက်ပုံတို့အပေါ်တွင် မူတည်၍ခွဲခြားသတ်မှတ်ထားပြီး မြန်မာနိုင်ငံသည် အာရှ၏ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံအပါအဝင်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံမှ ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ် ပြောင်းလဲရန်အတွက် ကြိုးပမ်းသောအဆင့်တွင် ၂၀၁၇ ခုနှစ် မှ ၂၀၂၄ ခုနှစ်အထိ ကာလအတွင်း သတ်မှတ်လျာထားသော နိုင်ငံပေါင်း ၁၈ နိုင်ငံရှိပြီး မြန်မာနိုင်ငံလည်း ပါဝင်ကြောင်း ၂၀၁၆ ခုနှစ်အတွက် UNCTAD မှ ပြုစုထားသော ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံနှင့် ပတ်သက်သော

စာမျက်နှာ - ၁၂






# အောင်သစ္စာဦးအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ အောင်သစ္စာဦး အာမခံပါ"







- မီးအာမခံ
- အလုံးစုံမော်တော်ယာဉ်အာမခံ
- ပြည်သူ့ပြည်သားအသက်အာမခံ
- နှစ်ပေါင်းအသက်အာမခံ
- ခရီးသွားအန္တရာယ်အာမခံ
- အားကစားသမားများ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
- ငွေပို့ငွေသယ်အာမခံ
- ငွေသားလုံခြုံမှုအာမခံ
- သမာဓိအာမခံ
- အထူးစရိုးသွားအာမခံ
- ကျန်းမာရေးအာမခံ
- ရေကြောင်းကုန်ပစ္စည်းအာမခံ

Email - aungthitsaooins@gmail.com

Hot Line Number - 09-450 450 561, 09-450 450 562, 09-450 450 563

www.facebook.com/aungthitsaooinsurance

မန္တလေးရုံးခွဲ - အမှတ်(၁၃၆) (၃၄)လမ်း၊ ၈၀X၈၁ကြား
ဆောင်နန်းရိပ်သာ (အရှေ့)
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊
ဖုန်း - ၀၂-၆၉၁၀၄၇၊ ၀၂-၆၉၁၁၅၀၊
Fax - ၀၂-၂၄၄၈၅

ရုံးချုပ် - အခန်း (၁၁-၀၄) Union Financial Center (UFC)၊
မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၈၆၀၁၀၄၄၊ ၀၁-၈၆၀၁၀၄၅
Fax ဖုန်း - ၀၁-၈၆၀၁၀၄၄၄၊ ၀၁-၈၆၀၁၀၄၄၅

မကွေးရုံးခွဲ - အမှတ် (၃၀၉)၊ အဝေရာလမ်း၊ ရန်မျိုးနိုင်ရပ်ကွက်၊
မကွေးမြို့၊
ဖုန်း - ၀၆၃ - ၂၈၄၃၀
Fax - ၀၆၃ - ၂၈၄၃၂

# မြဝတီဘဏ်လီမိတက်
## MYAWADDY BANK LIMITED

### နိုင်ငံခြားဘဏ်လုပ်ငန်းဝန်ဆောင်မှုများ

- နိုင်ငံခြားငွေကြေး (USD/SGD/EUR/Thai Baht)တို့ဖြင့် စာရင်းရှင်စာရင်းဖွင့်လှစ်ခြင်း။
- Western Union Company နှင့် ချိတ်ဆက်၍ ငွေလွှဲဆောင်ရွက်ပေးခြင်း။
- ပြည်ပနိုင်ငံများ မှ ငွေလွှဲပို့ခြင်း။
- ပြည်ပနိုင်ငံများ သို့ ငွေလွှဲပို့ခြင်း။
- နိုင်ငံတကာကုန်သွယ်ရေးလုပ်ငန်း ငွေကြေးဝန်ဆောင်မှုများ
- ဘဏ်အာမခံထုတ်ပေးခြင်း။
- နိုင်ငံခြားငွေကြေး (USD/SGD/EUR/Thai Baht)တို့ကို ဝယ်ယူ/ရောင်းချလဲလှယ်ခြင်း လုပ်ငန်းများ။

### ပြည်တွင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုများ

- ငွေစုဘဏ်အပ်ငွေ၊ စာရင်းသေအပ်ငွေ၊ စာရင်းရှင်အပ်ငွေ၊ ခေါ်ယူအပ်ငွေနှင့် တက္ကသိုလ်ပညာသင်ဆုဝန်ဆောင်မှုစာရင်းများ ဖွင့်လှစ်ပေးခြင်း။
- ချေးငွေထုတ်ချေးခြင်း၊ ပြည်တွင်းငွေလွှဲပေးပို့ခြင်းနှင့် ဘဏ်အာမခံစာတမ်း ထုတ်ပေးခြင်း ဝန်ဆောင်မှုများ။
- လက်ဆောင်ချက်လက်မှတ်များနှင့် ငွေပေးအမိန့်လွှာများရောင်းချပေးခြင်း။
- အငှားဝယ်စနစ် (Hire Purchase System) ဖြင့် ဝန်ဆောင်မှု။
- ATM/ POS အသုံးပြု Card ဝန်ဆောင်မှု။
- Mobile Banking ဝန်ဆောင်မှု၊ Online Shopping ၊ e-Commerce စနစ်များဖြင့် ဖုန်းငွေဖြည့်ခြင်းနှင့် ဈေးဝယ်ခြင်းစသည့် ဝန်ဆောင်မှုများ။
- Safe Deposit Locker ငှားရမ်းခြင်း ဝန်ဆောင်မှု။

- လူကြီးမင်းတို့၏လွှဲပို့ငွေများကို မြဝတီဘဏ်လီမိတက်၏ ဘဏ်ခွဲများတည်ရှိရာ မြို့များသို့ မြန်ဆန်တိကျစွာ ငွေလွှဲပို့နိုင်ပါကြောင်း။
- မြဝတီဘဏ်၏ ချိတ်ဆက်ဘဏ်များဖြစ်သည့်
  - ကမ္ဘောဇဘဏ်
  - ကမ္ဘာ့ရတနာဘဏ်
  - ဧရာဝတီဘဏ်
  - ကျေးလက်ဖွံ့ဖြိုးရေးဘဏ်
  - ယူနိုက်တက်အမရဘဏ်
  - မြန်မာအရှေ့တိုင်းဘဏ်
  - အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်
  - မြန်မာနိုင်ငံသားများဘဏ်
  - ရန်ကုန်မြို့တော်ဘဏ်
  - အင်းဝဘဏ်
  - အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်
  - ရွှေကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဘဏ်
  - သမဝါယမဘဏ်တို့နှင့်ဆက်သွယ်၍
- ငွေလွှဲလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အမြန်အလှန် ငွေလွှဲပို့နိုင်ပါကြောင်း။
- မြန်မာ့စီးပွားရေးဘဏ်ခွဲများအားလုံးသို့ ငွေလွှဲလက်မှတ်ဖြင့်လည်းကောင်း၊ Fax ဆက်သွယ်နိုင်သော မြို့များသို့ ငွေလွှဲဖြင့်လည်းကောင်း ငွေလွှဲပို့နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**စိတ်ချရတာ မြဝတီဘဏ်**
**လိုငွေ ကူညီ မြဝတီ**

JCB UnionPay MPU

မြဝတီဘဏ်(ရုံးချုပ်) - အမှတ်-၁၅၁၊ နိုင်ငံချစ်ဆောင်အိမ်လမ်းနှင့်
ပါးတန်းလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
Phone No : (01) 2301367, 2301368, 2301482, 2301378, 2301401, 2301410
Fax : (01) 2301395, 2301450, 2301402, 2301418
Email : mwdbankygn@mptmail.net.mm

မြဝတီဘဏ်(နေပြည်တော်) - အကွက်(ဃ/၁)
မြတ်မန်းလေးလမ်း၊ ဆီဒိုးနားအဆောက်ဦးမြစ်ကျေးရွာ၊
ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်
Phone No : (067) 421441, 421581, 421582,
Fax : (067) 421442, 421443
Email : mwdbanknpt@gmail.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များ အပါအဝင် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်ထူးတို့က အရာထမ်းများအား တွေ့ဆုံ ရှင်းလင်းမှာကြား





စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များ အပါအဝင် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား တွေ့ဆုံရှင်းလင်းပွဲကို ဧပြီ ၂၅ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ကျင်းပပြု လုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အမှာစကား ပြောကြားရာတွင် အစိုးရသစ်စတင်တာဝန်ထမ်းဆောင်ခဲ့ရာ တစ်နှစ်ကျော်ကြာမြင့်ပြီဖြစ်ကြောင်း၊ အစိုးရသစ်ကာလမှာ ဈေးကွက်စီးပွားရေးစနစ် ပီပြင်ရေးနှင့် စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် နိုင်ငံတော်ကချမှတ်ထားတဲ့ စီးပွားရေးမူဝါဒ (၁၂)ချက်ကို အခြေခံ၍ နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့် ကုန်သွယ်ရေးကဏ္ဍရဲ့ လုပ်ငန်းစဉ် (၂၆) ရပ်ကို ချမှတ်ပြီးဖြစ်တဲ့အတွက် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း၊ နိုင်ငံတော်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးပါကြောင်း၊ ဝန်ကြီးဌာန၏ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အရေးကြီးတဲ့အတွက် အလေးထားပြီး ဆောင်ရွက်သွားဖို့လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ဝန်ကြီးဌာနမှ စီမံခန့်ခွဲလျက်ရှိသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအပြင် အခြားဆက်စပ်ဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအပေါ် သိရှိနားလည်အောင် လေ့လာထားပြီး ကုန်သွယ်မှု ကဏ္ဍမှာ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ကြိုးပမ်း ဆောင်ရွက်ကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထူးကလည်း မြန်မာနိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကုန်သွယ်မှုဟာ အရေးပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍသည် နိုင်ငံစီးပွားရေး၏ ၉၀ ရာခိုင်နှုန်းခန့်ရှိသဖြင့်အရေးကြီးသော အခန်းကဏ္ဍတွင်ပါဝင်ပါကြောင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း မြှင့်တင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီး၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ မိမိနှင့် ဝန်ထမ်းများအနေဖြင့်လည်း ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအပေါ် အကျယ်တဝင့် လမ်းညွှန်မှာကြားခဲ့ပြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများက တာဝန်ယူထားသည့် လုပ်ငန်းများအား အသီးသီး ရှင်းလင်းတင်ပြကြသည်။

အဆိုပါအခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အရာထမ်းများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

## TRT Myanmar Rice Network 2017 အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်




The Rice Trader(TRT)က စီစဉ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းပံ့ပိုးမှုဖြင့် TRT Myanmar Rice Network 2017 အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ ဧပြီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုပမာဏ၏ ၈၈ ရာခိုင်နှုန်းကို ပြည်တွင်း၌စားသုံးပြီး ၁၂ ရာခိုင်နှုန်းကိုသာ ပြည်ပသို့ တင်ပို့လျက်ရှိကြောင်း၊ စတင်စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူလက်ဝယ်ရောက်ရှိသည်အထိ Supply Chain တစ်ခုလုံး ပုံမှန်လည်ပတ်ရန် အရေးကြီးကြောင်း၊ လက်ရှိကာလ၌ လယ်ယာကဏ္ဍကို အဆင့်မြှင့်တင်ရန် လိုအပ်လျက်ရှိပြီး အနာဂတ်ကာလတွင် ထိုက်သင့်တဲ့ဈေးနှုန်းရရှိကာ အရည်အသွေးပြည့်ဝတဲ့ စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်ဖို့ ဦးတည်လုပ်ဆောင်ကြရမှာဖြစ်ကြောင်း၊ ကမ္ဘာ့ဆန်ဈေးကွက်မှ လက်ခံသည့် စံချိန်စံညွှန်းများ၊ အရည်အသွေးဆိုင်ရာ စည်းမျဉ်းများ၊ ကောင်းမွန်သန့်ရှင်းပြီး ကျန်းမာရေးနှင့်အညီ စိုက်ပျိုးထုတ်လုပ်မှု၊ ဘေးအန္တရာယ်ကင်းစွာ စိုက်ပျိုးထုတ်လုပ်မှု၊ ခေတ်မီနည်းစနစ်များဖြင့် သိုလှောင်ထိန်းသိမ်းမှု၊ အဆင့် မြင့်ကြိတ်ခွဲထုပ်ပိုးမှုတို့ကို လုပ်ဆောင်ကြရမှာဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ကမ္ဘာ့ဆန်ဈေးကွက်ဝေစု ရရှိရေးအတွက် အာရှ၊ ဥရောပ၊ အာဖရိကနိုင်ငံများနှင့်ညှိနှိုင်းဆွေး နွေးလျက်ရှိကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့မှု ၂၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ကမ္ဘာ့ဆန်ဈေးကွက်ဝေစု ပိုမိုရရှိရေး အတွက် ဆောင်ရွက်ခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၃၉ ရာခိုင်နှုန်းအထိ တင်ပို့နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့်အညီ အာဆီယံအပါအဝင် ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများနှင့်တကွ နိုင်ငံစုံကုန်သွယ်မှုတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့ဆန်ဈေးကွက်သို့ မြန်မာ့ဆန်များ ပိုမိုတင်ပို့ နိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

စာမျက်နှာ - ၆ သို့

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ညဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊
နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Vol: 17, No.16 Monday May 1 2017

# ဆန်အဝင်နည်းတဲ့အတွက် အချောရောအကြမ်းပါဈေးတက်

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်အဝင်နည်းတဲ့အတွက် ဆန်ချောရော ဆန်ကြမ်းပါ ဈေးတက်တယ်လို့ ဝါးတန်းဆန်ကုန်စည်ဒိုင်မှ ထုတ်ပြန်တဲ့ဈေးနှုန်းများအရသိရပါတယ်။ ကုန်စည်ဒိုင်မှထုတ်ပြန်ထားတဲ့ လက်ကားဈေးနှုန်းများမှာ ဖျာပုံပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၃၆၀၀၀၊ လတ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ ပုသိမ်/မြောင်းမြပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကျပ် ၃၆၅၀၀၊ လတ်စတစ်အိတ် ကျပ် ၃၄၀၀၀၊ နယ်စုံကျိုက်လတ်ပေါ်ဆန်းဆန်ထိပ်စတစ်အိတ် ကျပ် ၃၆၀၀၀၊ လတ်စတစ်အိတ်ကျပ် ၃၁၀၀၀ဖြစ်ပြီး တစ်အိတ်ကို ကျပ် ၂၅၀၀ မှ ၃၀၀၀ အထိ ဈေးတက်ပါတယ်။ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ် ကျပ် ၄၀၀၀၀ မှ ကျပ် ၄၂၀၀၀ ဖြစ်ပြီး ကျပ် ၁၀၀၀ မှ ၁၅၀၀အထိ ဈေးတက်ပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန် ထိပ်စတစ်အိတ်ကျပ် ၁၈၅၀၀၊ လတ်စတစ်အိတ်ကျပ် ၁၆၂၀၀၊ အိတ်စပို့ ၂၅မှတ်ဆန်တစ်အိတ်ကျပ် ၁၅၈၀၀ မှ ၁၆၀၀၀၊ ဆန်ကြမ်းအသစ်(ရှယ်) တစ်အိတ်ကျပ် ၁၇၅၀၀ မှ ၁၈၀၀၀၊ မနောသုခတစ်အိတ်ကျပ် ၂၄၀၀၀ မှ ၂၅၀၀၀ ဖြစ်ပြီး ဈေးနှုန်းပြောင်းလဲမှုမရှိသော်လည်း နှံ့သီးထပ်ရှယ်တစ်အိတ်ကျပ် ၁၈၈၀၀ မှ ၁၉၈၀၀၊ နှံ့ဆန် ရက် ၉၀ တစ်အိတ်ကျပ် ၂၀၀၀၀ မှ ၂၁၀၀၀ဖြစ်ပြီး ယခင်တစ်ပတ်ထက် တစ်အိတ်ကို ကျပ် ၅၀၀မှ ကျပ် ၁၀၀၀ ထိဈေးတက်ပါတယ်။

ယခုတစ်ပတ်မှာ ရန်ကုန်ကို ဆန်အဝင်နည်းတဲ့အတွက် ဆန်ချောရောဆန်ကြမ်းပါ ဈေးတက်ခြင်းဖြစ်ပြီး အဝင်နည်းရခြင်းမှာ ဆန်ကြိုပွဲ့ဝယ်ယူထားသူများအတွက် ဦးစားပေးအပ်နေရတာကြောင့် ရန်ကုန်ကို အဝင်နည်းသွားခြင်းဖြစ်တယ်လို့ ဝါးတန်းဆန်ဈေးကွက်မှ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# ၂၀၁၇ခုနှစ် ပထမသုံးလပတ်လအတွင်း ကမ္ဘောဒီးယားနိုင်ငံက တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၆၇၀၀၀ကျော် တင်ပို့

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၁၇ခုနှစ် ပထမသုံးလပတ်လ အတွင်း တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၆၇၄၈၂တန် တင်ပို့ခဲ့ပြီး အဆိုပါ ပမာဏသည် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၈၂ ရာခိုင်နှုန်းပိုမိုတင်ပို့နိုင်ခဲ့ကြောင်း ယခုလအတွင်း အစိုးရ၏ထုတ်ပြန်သည့်သတင်းအရ သိရှိရသည်။

တရုတ်နိုင်ငံသည်ကမ္ဘောဒီးယားဆန်များကို အများဆုံး ဝယ်ယူသည့်နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံပြီးလျှင် ပြင်သစ်၊ ပိုလန်၊ ဗြိတိန်နှင့် နယ်သာလန်တို့သည် ကမ္ဘောဒီးယားဆန်ကို အများအပြား ဝယ်ယူသည့်နိုင်ငံများဖြစ်ကြောင်း အဆိုပါသတင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်တွင် တရုတ်နိုင်ငံသို့ ဆန်တန်ချိန် နှစ်သိန်းရောင်းချရန် မျှော်မှန်းထားသည်။ အဆိုပါသတင်းထုတ်ပြန်ချက်အရ ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီမှ မတ်အတွင်း နိုင်ငံပေါင်း ၅၃ နိုင်ငံသို့ ဆန်တန်ချိန်စုစုပေါင်း ၁၆၆၆၇၈တန် တင်ပို့ထားပြီး ယခင်နှစ်ကာလတူထက် သုံးရာခိုင်နှုန်း ပိုမိုတင်ပို့နိုင်ခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် တစ်နှစ်လျှင် စပါးတန်ချိန်ကိုးသန်းကျော်ထွက်ရှိပြီး နှစ်စဉ်ပြည်ပသို့ ဆန်များ တင်ပို့ပြီးနောက်လက်ကျန်တန်ချိန် သုံးသန်းကျော်အား ပြည်တွင်း၌ စားသုံးလျက်ရှိကြောင်း၊ ယခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသည် ဆန်တန်ချိန် ၃ ဒသမ ၇ သန်းကျော်ကို ပြည်တွင်း၌ စားသုံးလျက်ရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရသည်။



Source: Xinhua**စန္ဒာထွန်း** (TTI)

# ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဆန်နဲ့ဆန်ကွဲ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ ဧပြီ ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၉၁ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၈၃၀၀ ကျော်ကို တင်ပို့ခဲ့ရာ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၂၀၃၁ တန်နဲ့ ဧည့်မထဆန် ၂၅၉၆ တန်ခန့်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၇၅ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၃၄၉၉ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်ရဲ့ ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှုကို ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက တန်ချိန် ၉၄၆၀ လျော့နည်းခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ဆန်သာမက ဆန်ကွဲတင်ပို့မှုလည်း လျော့ကျခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁ သန်းတန်ဖိုးရှိဆန်ကွဲ၄၉၂တန်ကျော်ကို မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ တန်ချိန် ၂၅၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၂၂၅တန်ခန့်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ၁၇ တန်ကျော် တင်ပို့ပြီး ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၁၃၈၈ တန်လျော့ နည်းခဲ့ကြောင်း သိရပါတယ်။

ဧပြီ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၇၉ သန်းတန်ဖိုးရှိ ဆန် ၁၀၇၃၉ တန် တင်ပို့ခဲ့ပါတယ်။ အာရှ၊ အာဖရိကနဲ့ဥရောပနိုင်ငံများသို့ မြန်မာ့ဆန်ကို တင်ပို့လျက်ရှိရာ ယခုတစ်ပတ်မှာ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန် ၂၁၀၅ တန်၊ တရုတ်နိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၅၀၀ နဲ့ ငစိန်ဆန်တန်ချိန် ၂၄၀၊ ဟောင်ကောင်သို့ ငစိန်ဆန် ၇၅ တန်၊ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၃၇၀၊ မက်ဒါဂါးစကားနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၄၂၄၀ နဲ့ ငစိန်ဆန် ၈၇၅ တန်၊ ရုရှားနိုင်ငံသို့ ပေါင်းဆန် ၂၇၅တန်နဲ့ ဧည့်မထဆန် ၂၇၅ တန်၊ အီးယူနိုင်ငံများသို့ ဧည့်မထဆန် ၅၉၃ တန်နဲ့ အန်ဒိုရာနိုင်ငံသို့ ဧည့်မထဆန် ၁၁၉၁တန်တင်ပို့ခဲ့ပါတယ်။ ယခင် တစ်ပတ်ကတင်ပို့ခဲ့တဲ့ ၅၉၉၃ တန်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်ဆန်တင်ပို့မှုက ၄၇၄၆ တန်ပိုမိုခဲ့ပါတယ်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၉၃ သန်းတန်ဖိုးရှိ ဆန်ကွဲ တန်ချိန် ၆၉၉၃ တန်တင်ပို့ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၁၀၀၀ နဲ့ အီးယူနိုင်ငံများသို့ ၅၉၉၃ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၅၂၂၅ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဆန်ကွဲ ၁၇၆၈ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ကုန်သွယ်ရေးစခန်းများမှ ဆန်နဲ့ဆန်ကွဲတင်ပို့မှု လျော့ကျခဲ့သော်လည်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ **ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၆-၄-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၇ | ၄၀၂ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၃ | ၃၇၇ | △ | ၃၅၂ | ၃၅၂ | □ | ၃၉၀ | ၃၉၀ | □ | ၄၀၅ | ၄၁၀ | △ |
| ဆန်ဖြူ ၁၀% | ၃၇၁ | ၃၇၆ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၇၇ | ၃၇၅ | ▽ | ၃၄၃ | ၃၄၃ | □ | - | - | - | ၃၇၅ | ၃၉၀ | △ |
| ဆန်ဖြူ ၂၅% | ၃၇၁ | ၃၇၂ | △ | ၃၇၁ | ၃၃၅ | ▽ | ၃၇၀ | ၃၇၀ | □ | ၃၆၀ | ၃၃၅ | ▽ |
| ပေါင်းဆန် | ၃၉၇ | ၄၀၂ | △ | - | - | - | ၃၇၅ | ၃၇၅ | □ | ၄၁၅ | ၄၁၅ | □ |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၂၈-၄-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၄၅၀ | □ | ၁၇၀၀၀ | □ | ၆၆၂၄ | □ | ၃၂၅၀၀ | □ |
| ပုသိမ် | ၄၆၀၀ | □ | ၁၈၅၀၀ | □ | ၇၁၀၀ | □ | ၃၁၅၀၀ | □ |
| ပဲခူး | ၄၁၀၀ | □ | ၁၆၅၀၀ | □ | ၆၁၀၀ | □ | ၂၉၀၀၀ | □ |
| ရွှေဘို | ၆၀၀၀ | □ | ၂၄၀၀၀ | □ | ၉၅၀၀ | □ | ၃၃၀၀၀ | □ |
| စစ်တွေ | ၃၇၅၀ | △ | ၁၇၀၀၀ | △ | ၇၀၀၀ | □ | ၃၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၈၀၀ | □ | ၂၂၀၀၀ | △ | - | - | ၃၉၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၃၉၄၀ | □ | ၁၇၀၀၀ | □ | - | - | ၂၇၅၀၀ | □ |
| မန္တလေး | ၆၁၀၀ | △ | ၂၆၀၀၀ | △ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၆၅၀၀ | □ | ၁၉၅၀၀ | □ | - | - | ၃၆၅၀၀ | |
| မော်လမြိုင် | ၄၄၀၀ | ▽ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၇၂၀၀ | □ | ၂၈၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၄၀၀၀ | □ | ၂၀၀၀၀ | □ | - | - | ၃၃၅၀၀ | △ |
| ဘားအံ | ၄၀၀၀ | □ | ၁၇၈၀၀ | △ | - | - | ၃၆၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှံ့(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

| ၂၄-၄-၂၀၁၇ မှ ၂၈-၄-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| Sr.No. | Forms | Copies | Total Value (US$) |
| 1 | Form A | 603 | 33,452,657.261 |
| 2 | Form D | 44 | 1,525,422.340 |
| 3 | Form E | 98 | 2,491,765.915 |
| 4 | Korea GSP | 9 | 276,728.030 |
| 5 | Form AK | 61 | 4,061,414.900 |
| 6 | Form AJ | 4 | 176,289.670 |
| 7 | Form AI | 173 | 9,362,071.450 |
| 8 | Form AANZ | 25 | 112,996.410 |
| 9 | Form DFTP | - | - |
| Grand Total | | 1017 | 51,459,345.976 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၈-၄-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၁/၄ | ၂၈/၄ | ပြောင်းလဲမှု | ၂၁/၄ | ၂၇/၄ | ပြောင်းလဲမှု | ၂၁/၄ | ၂၇/၄ | ပြောင်းလဲမှု | ၂၁/၄ | ၂၇/၄ | ပြောင်းလဲမှု |
| ၁ မတ်ပဲ | ၁၇၀၃ | ၁၆၁၂ | ▼ | ၁၇၁၇ | ၁၇၁၇ | ■ | - | ၁၆၅၀ | - | ၁၇၆၀ | ၁၆၂၅ | ▼ |
| ၂ ပဲစင်းငုံ | ၁၁၇၆ | ၁၀၉၄ | ▼ | - | - | | - | ၁၀၆၀ | - | ၁၁၂၅ | ၁၀၅၀ | ▼ |
| ၃ ပဲတီစိမ်း | ၁၄၀၀ | ၁၄၀၀ | ■ | - | - | - | - | - | - | ၁၅၀၀ | ၁၅၀၀ | ■ |
| ၄ ကုလားပဲရိုးရိုး | ၂၈၀၀ | ၂၇၀၀ | ▼ | ၁၉၅၆ | ၁၉၅၆ | ■ | - | ၂၂၆၃ | - | ၁၉၇၀ | ၁၉၂၀ | ▼ |
| ၅ ပဲလွန်းဖြူ | ၁၃၃၀ | ၁၃၃၀ | ■ | ၁၃၂၄ | ၁၄၁၇ | ▲ | - | - | - | ၁၇၄၀ | ၁၇၁၀ | ▼ |
| ၆ ထောပတ်ပဲ | ၁၀၄၀ | ၉၉၀ | ▼ | ၁၄၂၂ | ၁၄၂၂ | ■ | - | ၁၀၅၃ | - | ၁၀၂၀ | ၁၁၃၂ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၈-၄-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၂၁/၄ | ၂၈/၄ | ပြောင်းလဲမှု | ၂၁/၄ | ၂၇/၄ | ပြောင်းလဲမှု | ၂၁/၄ | ၂၇/၄ | ပြောင်းလဲမှု |
| ၁ မတ်ပဲ | ၈၀၀ | ၇၆၀ | ▼ | ၈၆၇ | ၈၅၈ | ▼ | ၈၀၃ | ၈၀၉ | ▲ |
| ၂ ပဲစင်းငုံ | ၅၅၀ | ၅၃၅ | ▼ | ၆၁၂ | ၆၀၈ | ▼ | ၆၆၆ | ၆၄၀ | ▼ |
| ၃ ပဲတီစိမ်း | ၆၃၀ | ၆၃၀ | ■ | ၇၇၄ | ၇၁၇ | ▼ | ၇၄၃ | ၇၆၄ | ▲ |
| ၄ ကုလားပဲဖြူလုံးကြီး | ၁၀၂၀ | ၁၀၂၀ | ▲ | ၉၁၄ | ၉၂၀ | ▲ | ၈၆၀ | ၈၉၇ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၈.၄.၁၇)ထိ | ယခုတစ်ပတ် (၁၅.၄.၁၇)ထိ | (၁.၁.၁၇) မှ (၁၅.၄.၁၇) ထိ |
| မတ်ပဲ | ၁၁၆၃၆၁ | ၁၂၈၀၀ | ၁၂၉၁၆၁ |
| ပဲတီစိမ်း | ၅၅၁၅၈ | ၇၅၅၉ | ၆၂၇၁၇ |
| ပဲစင်းငုံ | ၇၇၉၁၉ | ၈၉၁၂ | ၈၆၈၃၁ |
| ကုလားပဲ | ၁၅၀၀၃ | ၂၉၁၀ | ၁၇၉၁၃ |
| ပဲလွန်းဖြူ | ၇၈၆၉ | ၁၀၉၁ | ၈၉၆၀ |
| မြေထောက်ပဲ | ၅၆၅၁ | ၇၈၄ | ၆၄၃၅ |

# ပြည်ပဲလွန်းဖြူ ဈေးကွက်သို့အဝင်မရှိ

ပြည်ပဲဈေးကွက်အတွင်းသို့ ပဲဝင်ရောက်မှုကိုကြည့်ပါက အချို့ပဲများ ဝင်ရောက်ခဲ့သော်လည်း ပဲလွန်းဖြူသီးနှံကတော့ လက်ကျန်ပဲလောက်သာရှိလို့ လက်လီသမား ဝယ်ယူမှုအပေါ် နေ့စဉ် အိတ်အနည်းငယ် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၆၅၀၀ ရရှိခဲ့လို့ ဘိုကိတ်၊ ပဲနီပြား သီးနှံများထက် ဈေးပိုရခဲ့တာကို တွေ့ရပါတယ်။ ပဲအထွက် လှိုင်ချိန်ကာလများတွင်သာ ပဲလွန်းဖြူသီးနှံဟာ လက်လီ၊ လက်ကားရောင်းဝယ်မှုဖြစ်ခဲ့ကြပေမယ့် ကျန်ကာလများတွင် လက်လီသမားများနဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲလွန်းဖြူသီးနှံဈေးဟာ ယခင်နှစ်က သင်္ကြန်ပြီး ကာလမှာလည်း တစ်တင်းကျပ် ၂၆၅၀၀ ရရှိခဲ့လို့ ယခုနှစ်ဈေးနှင့် ဈေးတူရရှိခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

# ပြည်ဈေးကွက်မှာ ပြည်ပဲနီပြား လက်လီအဝယ်သွက်

သင်္ကြန်ပြီးကာလ ပြည်ပဲဈေးကွက်မှာ ပဲဝင်ရောက်မှုများ လျော့နည်းလာခဲ့ပေမယ့် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲနီပြားသီးနှံမှာလည်း ပဲဝင်ရောက်မှုနည်းပါးသွားပေမယ့် လက်ကျန်ပဲများရှိခဲ့လို့ လက်လီဝယ်ယူသမားများက အိတ် ၁၀၀ခန့်အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးမှာ တစ်တင်း ကျပ် ၂၄၀၀၀ရရှိခဲ့တဲ့အတွက် သင်္ကြန်မတိုင်ခင်ကာလ လဆန်းရက်ဈေးထက်ဈေး အနည်းငယ်ပိုရနေလို့ အခြားပဲများဈေးလျော့နေသော်လည်း ပဲနီပြားသီးနှံကတော့ ဈေးပိုရခဲ့ပါတယ်။ ယခင်နှစ်ဧပြီလအတွင်းက ပဲနီပြား တစ်တင်း ကျပ် ၂၃၅၀၀ရရှိခဲ့ လို့ ယခုနှစ်ဈေးက တစ်တင်းကျပ် ၂၄၀၀၀ အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် ဈေးကွာခြားမှု သိပ်မဖြစ်ခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

# ပြည်ပဲမျိုးစုံဈေးကွက်တွင် ဧပြီလကုန်ပတ်၌ ပဲဈေးအားလုံးလိုလိုဈေးလျော့နည်းလာပြီး ပဲတီစိမ်းသီးနှံလက်ကျန်ပြတ်သွားကာ ကျန်ပဲများ ပုံမှန်အရောင်းအဝယ်ရှိ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်အတွင်း သင်္ကြန်ပြီးကာလမှစ၍ ပဲဈေးနှုန်းအတော်များများ ဈေးလျော့ကျခဲ့ပြီး ယခုလကုန်ပတ်မှာလည်း ပြည်ပဝယ်လက်ပဲများနှင့် ပြည်တွင်းဝယ်လက်ပဲအချို့ ဈေးဆက်လက်လျော့ကျခဲ့တာကို တွေ့ရပါတယ်။ ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများမှာ ယခင်တစ်ပတ်ကထက် ဈေးလျော့နည်းလာခဲ့လို့မတ်ပဲသီးနှံဆိုပါက တစ်တင်း ကျပ် ၃၃၅၀၀ သာ ရရှိနေခဲ့ပါတယ်။ ပဲဝင်ရောက်မှုအနေဖြင့် ရွှေတောင်၊ ကြီးသဲ၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ ကံမမြို့နယ်များမှ နေ့စဉ်ပဲအဝင်ရှိနေသော်လည်း တစ်ရက်ကိုအိတ် ၄၀၀ မှ ၅၀၀ ကျော်သာ ဝင်ရောက်လျက်ရှိပါတယ်။ လက်ကျန်ပဲများလည်း ဈေးကွက်မှာ ရှိနေကြတာကြောင့် ရန်ကုန်ဝယ်လက်ဝယ်ယူမှုအပေါ် မူတည်ပြီး လိုသလောက်ရောင်းချနေကြပေမယ့် ဈေးနှုန်းက တစ်ပတ်ပြီး တစ်ပတ် တဖြည်းဖြည်း လျော့နည်းလျက်ရှိကြောင်း သိရပါတယ်။ ယခင်နှစ်သင်္ကြန်ပြီးကာလက မတ်ပဲဈေးမှာ သင်္ကြန်မတိုင်ခင်ကာလဈေးထက် ဈေးပိုရခဲ့ပြီး တစ်တင်းကျပ် ငါးသောင်းအထက်ရရှိခဲ့တာကြောင့် ယခုနှစ်မတ်ပဲဈေးကတော့ ယခင်နှစ်ထက် ကျပ်နှစ်သောင်းခန့် လျော့နည်းနေလို့ တောင်သူများလည်း ဈေးစောင့်ရင်း ကျဈေးနဲ့ဆက်လက်ကြုံ နေရတဲ့အတွက် ငွေလိုသူတောင်သူများမှလွဲ၍ တောင်သူအချို့ကတော့ လက်ဝယ်ဆက်လက်သိုလှောင်လျက်ရှိနေခဲ့တာကို တွေ့ရပါတယ်။

ပဲတီစိမ်းသီးနှံမှာ လကုန်ပတ်အတွင်း ပဲဝင်ရောက်မှုလည်းမရှိတော့သလို လက်ကျန်ပဲလည်း မရှိသလောက်ဖြစ်ခဲ့လို့ အရောင်းအဝယ်ဖြစ်မှုမရှိတော့ပေမယ့် ပဲတီစိမ်းပေါက်ဈေးနှုန်းအနေဖြင့် တစ်တင်းကျပ် ၃၃၀၀၀ဈေးဖြစ်နေခဲ့တယ်လို့ သိရပါတယ်။ ပဲတီစိမ်းသီးနှံဟာ ယခင်နှစ် မတ်လဆန်းမှာကတည်းက ပဲလက်ကျန်ပြတ်သွားလို့ ဈေးကွက်အတွင်း အရောင်းအဝယ်မဖြစ်တော့ပေမယ့် ယခုနှစ်မှာတော့ မတ်လတစ်လလုံး ပဲဝင်ရောက်မှုဆက်ရှိကာ အရောင်းအဝယ်ဖြစ်နေခဲ့ပြီး သင်္ကြန်ပြီးကာလမှစ၍ ပဲအဝင်ပါးတဲ့အတွက် ပြည်ပဲဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံသီးနှံများသာ ပြည်ပဝယ်လိုအားရှိမှုအပေါ် ရောင်းချနေခဲ့ကြောင်းသိရပါတယ်။

ပဲစင်းငုံသီးနှံမှာလည်း မတ်ပဲကဲ့သို့ ပဲအဝင်မများတော့ဘဲ တစ်ရက်အိတ် ၁၅၀ ကျော်သာ ဝင်ရောက်ပြီး ရက်ခြား အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ ဒါကြောင့် ပြည်ပဲဈေးကွက်အတွင်း ပြည်ပဝယ်လက်ပဲများအနက် မတ်ပဲသီးနှံကအရောင်းအဝယ်အသွက်ဆုံးဖြစ်ခဲ့သလို အခြားပဲများထက်လည်း ဈေးပိုရနေခဲ့တာကို တွေ့ရပါတယ်။

ပြည်တွင်းဝယ်လက်များနဲ့ အဓိက အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ကုလားပဲ၊ ပဲကြီးသီးနှံများမှာတော့ နေ့စဉ်ဝင်ရောက်ခဲ့သလို အရောင်းအဝယ်လည်း နေ့စဉ်ဖြစ်နေခဲ့ပါတယ်။ ကုလားပဲသီးနှံမှာ ပန်းတောင်းမြို့နယ်၊ မင်းတုန်းနှင့် ကံမမြို့နယ်များမှ အများဆုံးဝင်ရောက်ခြင်းဖြစ်ပြီး တစ်ရက်အိတ် ၄၀၀ကျော် ဝင်ရောက်မှုရှိကာ ဝယ်လက်သမားအဖြစ် ခွဲစက်သမားများ ပုံမှန်ဝယ်ယူလျက်ရှိတဲ့အတွက် အိတ် ၃၀၀ ကျော် ၄၀၀ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ် ပဲဈေးမှာ တစ်တင်း ကျပ် ၃၈၅၀၀ ရရှိ ခဲ့လို့ ယခင်တစ်ပတ်ကဈေးထက် ဈေးလျော့နည်းသွားခဲ့ပေမယ့် လဆန်းရက်ကဈေးထက်တော့ ဈေးပိုရလျက်ရှိနေခဲ့ပြီး ပြည်ပဝယ်လက် မတ်ပဲသီးနှံထက်ပင် ဈေးကောင်းလျက်ရှိခဲ့ကြောင်းသိရပါတယ်။

ပဲကြီးသီးနှံမှာ ဝင်ရောက်မှုများခဲ့သော်လည်း ပဲအရည်အသွေးပေါ် မူတည်၍ဈေးပေးဝယ်ယူခဲ့တာကြောင့်(ရွှေကျွန်း) တစ်တင်းကျပ် ၃၄၀၀၀ မှ ကျပ် ၄၀၀၀၀၊ (ကမ်းနား) တစ်တင်း ကျပ် ၃၃၀၀၀ မှ ကျပ် ၃၈၀၀၀ အထိ ရရှိခဲ့လို့ ဝယ်ယူမှုကတော့ ပဲကြော်ဖိုသမားများ အဓိကထား ဝယ်ယူခဲ့တာကြောင့် တစ်ရက် အိတ် ၃၀၀ ကျော် ၄၀၀ အထိ အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ ပဲကြီးသီးနှံဟာ ပဲသစ်ပေါ် စအချိန်များမှာတစ်တင်း ကျပ် ၂၇၅၀၀သာရရှိခဲ့လို့ ဈေးအေးခဲ့ပေမယ့် တဖြည်းဖြည်း ဈေးတက်လာတာကြောင့် ယခုဆိုလျှင် တစ်တင်းကျပ်သုံးသောင်းကျော် လေးသောင်းနီးပါးအထိ ရရှိခဲ့ပြီး ကုလားပဲသီးနှံဈေးနှင့်ဈေးပြိုင်ရရှိနေတာကို တွေ့ရပါတယ်။

ယခင်နှစ် ဧပြီလအတွင်း ကုလားပဲသီးနှံဟာ တစ်တင်း ကျပ်လေးသောင်းခန့်ရရှိနေပြီး ပဲကြီးသီးနှံဟာ တစ်တင်း ကျပ်သုံးသောင်းအောက် လျော့နည်းရရှိနေတဲ့အတွက် ၎င်း ပဲနှစ်မျိုးဟာ ကျပ်တစ်သောင်းကျော်ခန့် ဈေးနှုန်းကွာခြားမှုရှိနေပေမယ့် ယခုနှစ်မှာတော့ ဈေးကောင်းရလာပြီလို့ သိရပါတယ်။ လက်လီပဲများဖြစ်တဲ့ ထောပတ်ပဲ၊ ပဲပုပ်၊ စားတော်ပဲ သီးနှံများမှာ ပဲအဝင်နည်းခဲ့သလို လက်လီဝယ်ယူမှု အနည်းငယ်သာရှိခဲ့တဲ့အတွက် အရောင်းအဝယ်မှာလည်း အခြားပဲများနှင့်ယှဉ်လျှင် အေးနေခဲ့ပါတယ်။ ဈေးနှုန်းအနေနဲ့ ထောပတ်ပဲတစ်တင်းကျပ် ၂၃၅၀၀၊ ပဲပုပ်သီးနှံတစ်တင်းကျပ် ၂၆၅၀၀၊ စားတော်ပဲသီးနှံတစ်တင်းကျပ် ၃၉၅၀၀ အသီးသီး ရရှိခဲ့ကြကာ လက်လီသမားများ ဝယ်လိုအားရှိသလောက် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**



# ဈေးကွက်မှာ ပြည်မြေပဲဆန် အဝယ်လိုက်လို့ ဈေးပြန်မြင့်လာ

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ မင်းတုန်းနှင့် ကံမဘက်မှ တစ်နေ့လျှင် မြေပဲဆန် အိတ်အနည်းငယ်သာ ဝင် ရောက်လာတာတွေ့ရပါတယ်။ လုံးဆန်ကို မန္တလေး ဝယ်လက်များက အဝယ်ရှိသဖြင့် ဈေးပြန်တက်လာတာ တွေ့ရပါတယ်။ ဆီဆန်ကိုလည်း မြို့တွင်းဆီစက်နှင့်မကွေး ဆီစက်များက ဝယ်ယူမှုရှိသဖြင့် ဈေးမြင့်တက်လာတာ ဖြစ်ပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးနှုန်းမှာ မြေပဲဆီဆန်၊ရွှေးဆန်အဖြူ တစ်ပိဿာလျှင်ကျပ် ၂၄၀၀၊ရွှေးဆန် အနီ တစ်ပိဿာလျှင် ကျပ် ၂၁၀၀ နဲ့ လုံးဆန်အဖြူ တစ်ပိဿာလျှင် ကျပ် ၂၇၀၀၊ လုံးဆန်အနီ တစ်ပိဿာလျှင် ကျပ် ၂၃၇၅ ဖြင့် ပြည်ဈေးကွက်တွင် တစ်နေ့လျှင် အိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မြေပဲဆီဈေးမှာ ရှယ်တစ်ပိဿာလျှင် ကျပ် ၄၈၀၀ ရှိပြီး ဆုံဆီ တစ်ပိဿာလျှင် ကျပ်၆၅၀၀ဖြင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

# ဧပြီစတုတ္ထပတ် မုံရွာကုန်စည်ဒိုင်ရှိ ပဲမျိုးစုံဈေးကွက်တွင် ကုလားပဲမျိုးစုံအဝင်ရှိသလောက် အဝယ်သွက်

ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်သို့ ပဲမျိုးစုံသီးနှံများ ဝင်ရောက်လျက်ရှိရာ ကုလားပဲသီးနှံ အဝင်ရှိသလောက် အဝယ်သွက်လျက်ရှိကြောင်း သိရပါတယ်။ ကုလားပဲသီးနှံကို မုံရွာ၊ ဘုတလင်၊ ယင်းမာပင်၊ ဆားလင်းကြီးမြို့နယ်များမှ မုံရွာကုန်စည်ဒိုင်သို့ နေ့စဉ် အိတ် ၃၀၀၀ ကျော် ဝင်ရောက်နေပြီး ဝင်သလောက်အဝယ်ရှိကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကို ရန်ကုန်ဝယ်လက်မှ အဝယ်များပြီး 929 ကို မုံရွာမြို့နယ်ကြာဆန်စက်၊ ပဲခွဲစက်များနှင့် မန္တလေးဝယ်လက်က ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ် ကုလားပဲမျိုးစုံ တစ်တင်းပေါက်ဈေးမှာ ကုလားပဲဖြူလုံးကြီး ကျပ် ၄၃၀၀၀၊ 929 ကျပ် ၃၈၀၀၀၊ ထိုင်ဝမ် ကျပ် ၃၆၅၀၀ နှုန်းပေါက်လျက်ရှိပါတယ်။ ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲသီးနှံ တစ်တင်းပေါက်ဈေးမှာ ကျပ် ၃၃၀၀၀ ပေါက်လျက် နေ့စဉ် အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကာ ပဲစင်းငုံသီးနှံမှာ ကျပ် ၂၁၂၀၀ နှုန်းပေါက်ပြီး အိတ် ၁၅၀၀ခန့်၊ ပဲတီစိမ်းသီးနှံကတော့ ဝင်ရောက်မှုမှာလည်း နည်းသွား၍ အရောင်းအဝယ် ဖြစ်မှုမှာလည်း အနည်းငယ်သာဖြစ်လျက်ရှိကြောင်းသိရပါတယ်။

ပဲကြီးတစ်တင်းပေါက်ဈေးမှာ (ကြီး) ကျပ် ၃၅၀၀၀ နှုန်းဖြင့် နေ့စဉ် အိတ် ၅၀၀ ခန့်၊ စွန်တာနီပဲ တစ်တင်းပေါက်ဈေးမှာ ကျပ် ၂၀၅၀၀၊ ပဲနီလုံးကြား ကျပ် ၂၁၅၀၀နှုန်းပေါက်ပြီး နေ့စဉ် နှစ်မျိုးပေါင်း အိတ် ၁၀၀၀ ခန့်၊ ပုဂံပဲတစ်တင်းပေါက်ဈေးမှာ ကျပ် ၃၁၅၀၀ နှုန်းနှင့် အိတ် ၁၀၀ ခန့်၊ ပဲယင်းတစ်တင်းပေါက်ဈေးမှာ ကျပ် ၁၆၂၀၀ နှုန်းဖြင့် အိတ် ၆၀၀ ခန့်၊ ထောပတ်ပဲတစ်တင်း ပေါက်ဈေးမှာ ကျပ် ၂၀၀၀၀ နှုန်းဖြင့် အိတ် ၃၀၀ ခန့်၊ မြေထောက်ပဲတစ်တင်း ကျပ် ၂၉၅၀၀ နှုန်းဖြင့် အိတ် ၃၀၀ ခန့်၊ CP ပြောင်း တစ်တင်း ကျပ် ၆၅၀၀ နှုန်းဖြင့် အိတ် ၇၀၀ ခန့်၊ ဂျုံဖြူသန့် တစ်တင်း ကျပ် ၁၈၅၀၀၊ ထွက်တိုးတစ်တင်း ကျပ် ၁၄၀၀၀ နှုန်းများပေါက်ပြီး နှစ်မျိုးပေါင်းအိတ် ၁၅၀၀ ခန့် အရောင်းအဝယ်များဖြစ်လျက် ရှိကြောင်းသိရပါတယ်။

ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲလုံးဆန်အိတ် ၁၅၀၀ ကျော် အဝင်ရှိပြီး ဝယ်လက်အဆွဲရှိ၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် မြေပဲလုံးဆန် တစ်ပိဿာလျှင် ကျပ် ၂၆၅၀ နှုန်းဖြင့် အိတ် ၁၅၀၀ ခန့်၊ လုံးဆန်နီ တစ်ပိဿာ ၂၄၂၅ ကျပ်နှုန်းဖြင့် အိတ် ၁၅၀၀၊ ဆီဆန် တစ်ပိဿာ ကျပ် ၂၁၅၀ နှုန်းဖြင့် အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

# ပင်လယ်ရေကြောင်းမှ မန်ကျည်းပိုမိုတင်ပို့



ဧပြီ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၁၃၀၃ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဗီယက်နမ်နိုင်ငံသို့ ၃၈၇ ဒသမ ၅ တန်၊ စင်ကာပူနိုင်ငံသို့ ၃၂၅ တန်၊ မလေးရှားနိုင်ငံသို့ ၃၁၇ တန်၊ ပါကစ္စတန်နိုင်ငံသို့ ၂၂၄ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန် ၅၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် ဗီယက်နမ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပြီး စင်ကာပူနိုင်ငံသို့ ဒုတိယအများဆုံး တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ တန်ချိန် ၁၀၄၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၆၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၃၇၅၂၈ ဝင်ငွေရရှိခဲ့ပါတယ်။

**သီတာဝင်း(DOT)**

# မုံရွာဈေးကွက်တွင်မြေပဲဆန်ဈေး ဆက်လက်မြင့်တက်

ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်ဈေးကွက်တွင် သင်္ကြန်ပြီးကာလမြေပဲဆန်ဈေး ဆက်လက်မြင့်တက်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်မှ သိရှိရပါတယ်။ ဈေးကွက်အတွင်းသို့ မုံရွာ၊ အရာတော်၊ ချောင်းဦး၊ ဆားလင်းကြီးဒေသတို့မှ တစ်နေ့လျှင် အိတ် ၂၀၀၀-၂၅၀၀ခန့် ဝင်ရောက်မှုရှိနေတာ တွေ့ရပါတယ်။

မြေပဲလုံးဆန်အဖြူကို မန္တလေးဝယ်လက်များက ဝယ်ယူမှုရှိခြင်း၊ မြေပဲဆီဆန်ကို မုံရွာမြို့ရှိ ဆီစက်များက ဝယ်ယူမှုရှိပြီး၊ လုံးဆန်နီများကို ပဲလှော်သမားများက ဝယ်ယူမှုရှိနေတာ တွေ့ရှိရပါတယ်။ မုံရွာကုန်စည်ဒိုင်ဈေးကွက်တွင် သင်္ကြန်မတိုင်ခင်က မြေပဲလုံးဆန်ဖြူ တစ်ပိသာလျှင် ကျပ် ၂၅၀၀ ရှိရာမှ ယခုတစ်ပတ်တွင် ကျပ် ၂၆၀၀၊ မြေပဲလုံးဆန်နီတစ်ပိသာလျှင် ကျပ် ၂၃၀၀ ရှိရာမှ ယခုတစ်ပတ်တွင် ၂၄၅၀ ကျပ်နှင့် မြေပဲဆီဆန် တစ်ပိသာလျှင် ၂၁၅၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရပါတယ်။

**လင်းလင်းသန့်**

# မုံရွာကုန်စည်ဒိုင်ဈေးကွက်တွင် ပဲစင်းငုံနှင့် မတ်ပဲဈေးနှုန်း ကျဆင်း၍ အရောင်းအဝယ်အေး

မုံရွာကုန်စည်ဒိုင်ဈေးကွက်အတွင်းသို့ ဧပြီလနောက်ဆုံးပတ်အတွင်း ပဲစင်းငုံနှင့် မတ်ပဲ ဈေးနှုန်းများ အနည်းငယ်စီ ကျဆင်းလျက်ရှိကြောင်း သိရှိရပါသည်။

ပြီးခဲ့သည့် သီတင်းတစ်ပတ်က အရောင်းအဝယ်သွက်လျက်ရှိသော ပဲကုန်စည်များမှာ ယခုတစ်ပတ်တွင် ဈေးအနည်းငယ်ကျဆင်း၍ အရောင်းအဝယ်အေးကြောင်း မုံရွာကုန်စည်ဒိုင်မှ သိရှိရပါသည်။ ယခင်သီတင်းတစ်ပတ်က ပဲစင်းငုံ တစ်တင်းလျှင် ၂၂၂၀၀ ကျပ်ရှိခဲ့ရာမှ ဧပြီ ၂၄ ရက်တွင် ၂၁၅၀၀ ကျပ်နှင့် မတ်ပဲတစ်တင်းလျှင် ယခင်သီတင်းတစ်ပတ်ကကျပ် ၃၃၅၀၀ ရှိသဖြင့် ယခုတစ်ပတ်တွင် ဈေးနှုန်း ငြိမ်လျက်ရှိကြောင်း သိရှိရပါသည်။

လက်ရှိ မုံရွာကုန်စည်ဒိုင်ဈေးကွက်တွင် ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၂၀၅၀၀၊ မတ်ပဲ တစ်တင်း လျှင်ကျပ် ၃၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရပါသည်။

**လင်းလင်းသန့်**

**စာမျက်နှာ - ၃ TRT Myanmar Rice Network 2017 ···· မှအဆက်**

TRT Myanmar Rice Network 2017 အလုပ်ရုံဆွေးနွေးပွဲကို ဆန်စပါးတင်ပို့ရောင်းချသော နိုင်ငံများအကြား ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေများကို လေ့လာရေး၊ ဆန်တင်ပို့မှုနှင့် ဆန်တင်သွင်းသူ ကုန်သည်လုပ်ငန်းရှင်များအကြား မိတ်ဆက်တွေ့ဆုံရေး၊ ဈေးကွက်ဝေစု ပိုမိုရရှိရေးတို့အတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မကွေးတိုင်းဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးဝန်ကြီး များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ UMFCCI နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများ၊ International Finance Corporation (IFC), JICA, USAID, Australia Aid နှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ The Rice Trader မှ ဥက္ကဋ္ဌနှင့် ပညာရှင်များ၊ နိုင်ငံတကာနှင့်ပြည်တွင်းမှ ဆန်စပါးကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

**သာလင်း**

# မုံရွာဈေးကွက်တွင် ကုလားပဲဖြူလုံးကြီး ($V_2$ - $V_7$ )ဈေးဆက်လက် မြင့်တက်၍ အရောင်းအဝယ်သွက်

မုံရွာကုန်စည်ဒိုင်ဈေးကွက်အတွင်းသို့ ဧပြီလနောက်ဆုံးပတ်အတွင်း ကုလားပဲဖြူလုံးကြီး ($V_2$ - $V_7$) များ ဈေးဆက်လက်မြင့်တက်၍ အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရှိရပါသည်။ ပြည်တွင်းလှော်လက်သမားများနှင့် အရောင်းအဝယ်သမားများအဝယ်များနေသဖြင့် ဈေးဆက်လက်မြင့်တက်သည်ဟု မုံရွာကုန်စည်ဒိုင်မှသိရှိရပါသည်။ ပြည်ပပို့ကုန်ဖြစ်သည့် ကုလားပဲဖြူလုံးကြီး $V_2$ ဈေးနှုန်းမှာ သင်္ကြန်မတိုင်ခင်ကာလမှာ တစ်တင်းလျှင် ကျပ် ၄၄၀၀၀ ရှိရာမှ ဧပြီ ၂၀ ရက်က ကျပ် ၄၆၀၀၀ နှင့် ကုလားပဲဖြူလုံးကြီး $V_7$ ဈေးနှုန်းမှာ သင်္ကြန်မတိုင်ခင်ကာလမှာ တစ်တင်းလျှင် ကျပ် ၄၇၀၀၀ ရှိရာမှ ဧပြီ ၂၀ ရက်တွင် ကျပ် ၄၉၀၀၀ ဖြင့်ဈေးနှုန်းမြင့်တက်ကြောင်း သိရှိရပါသည်။

လက်ရှိ မုံရွာကုန်စည်ဒိုင်ဈေးကွက်တွင် ကုလားပဲဖြူလုံးကြီး $V_2$ တစ်တင်းလျှင် ကျပ် ၄၃၃၀၀၊ ကုလားပဲဖြူလုံးကြီး $V_7$ တစ်တင်းလျှင် ကျပ် ၄၆၀၀၀၊ ကုလားပဲထိုင်ဝမ် တစ်တင်းလျှင် ကျပ် ၃၇၀၀၀ နှင့် ကုလားပဲ 929 တစ်တင်းလျှင် ကျပ် ၃၈၃၀၀ ဖြင့်ဈေးနှုန်းမြင့်တက်၍ အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရပါသည်။

**လင်းလင်းသန့်**

# ပြည်ပ ဝယ်လက်ပဲများအနက် ပြည်ပဲစင်းငုံ ဈေးအနိမ့်နဲ့ အရောင်းအဝယ်ဖြစ်

ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ဧပြီလကုန်ပတ်မှာ ပဲဈေးအားလုံးလိုလို ဈေးလျှော့ကျခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုလည်း အေးနေခဲ့တာကို တွေ့ရပါတယ်။ ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံများအနက် ပဲစင်းငုံသီးနှံမှာ ပန်းတောင်း၊ မင်းတုန်း၊ ကံမ၊ ပေါက်ခေါင်းဘက်မှ တစ်ရက် အိတ် ၁၀၀/၁၅၀ ခန့် သာ ဝင်ရောက်ခဲ့ပါတယ်။

ပဲဝင်ရောက်မှုလည်း သိပ်မများတော့တဲ့အတွက် နေ့စဉ်အရောင်းအဝယ်မဖြစ်ခဲ့ဘဲ ရက်ခြားလောက်သာ ရန်ကုန်ဝယ်လက်က ဝယ်ယူခဲ့ကြပါတယ်။ ပဲဈေးမှာ တစ်တင်း ကျပ် ၂၁၀၀၀ ဖြင့် ပြည်ပဝယ်လက်ပဲများအနက် ဈေးအနိမ့်နဲ့သာ အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ပြီး ကျန်ပဲများကတော့ ကျပ်သုံးသောင်း အထက်ရနေခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

# ပြည်ဘိုကိတ် လက်လီသမားများနဲ့ ပုံမှန်ရောင်းဝယ်မှုရှိ

ဧပြီလကုန်ပတ်အတွင်း လက်လီပဲဈေးကွက်မှာ ဘိုကိတ်ပဲအဝင် သိပ်မရှိတော့ပေမယ့် လက်ကျန်ပဲလည်း အသင့်အတင့်ရှိခဲ့လို့ နေ့စဉ် လက်လီအရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။ ဘိုကိတ်ပဲသီးနှံ အနေဖြင့် တစ်ရက် အိတ် ၄၀၊ ၅၀ ကျော်ကို လက်လီသမားများက ဝယ်ယူတဲ့အတွက် အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိပြီး တစ်တင်း ကျပ် ၂၄၀၀၀ ဖြင့် လဆန်းရက်ကဈေးထက် အနည်းငယ် လျော့သွားခဲ့ပါတယ်။ ယခင်နှစ် ဧပြီလအတွင်းက ဘိုကိတ်ပဲ သီးနှံဈေးဟာ တစ်တင်း ကျပ် ၂၂၀၀၀ ဖြင့် ဈေး အတက်အကျမဖြစ်ဘဲ ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုနှစ် ဧပြီလမှာ တစ်တင်းကျပ် ၂၄၀၀၀ ရရှိနေတဲ့အတွက် ယခင်နှစ်က ဈေးနဲ့ ယခုနှစ်ပေါက်ဈေး ကွာခြားမှုသိပ်မရှိခဲ့ကြဘူးလို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## ကြက်သွန်နီ

### တရုတ် နယ်စပ်တစ်ခုတည်းမှ ကြက်သွန်နီတင်ပို့

ဧပြီ ၁၅ ရက်မှ ၂၁ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၀၈၃၇၅ တန်ဖိုးရှိ ကြက်သွန်နီ ၂၈၉ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင် ပို့ခဲ့တဲ့ ၁၃၆၂ တန်ကျော်နဲ့ နှိုင်းယှဉ် ပါက ၁၀၇၃ တန်ကျော် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်မှာ ကြက်သွန်နီ တစ်တန်ကို လိုင်စင်ဈေး အမေရိကန် ဒေါ်လာ ၃၇၅ ရှိတယ်လို့သိရပါတယ်။ မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန် ဒေါ်လာ ၇၃၅၀၀ တန်ဖိုးရှိကြက်သွန် တန် ၅၀ကို ယခုရက်သတ္တပတ်မှာ တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

### ဈေးကောင်းနေတဲ့ ပြည်ကြက်သွန်နီ

ယခုတစ်ပတ်မှာ ပြည်ကြက်သွန်နီဈေးကွက်သို့ ကြက်သွန်နီအများအပြား ဝင်ရောက်နေတယ်လို့ သိရပါတယ်။ အဝင်များပေမယ့် ဈေးနှုန်းက ကျဆင်းမှုမရှိဘဲ ပုံမှန်ကာလထက် ဈေးမြင့်နေတာတွေ့ရပါတယ်။ ကြက်သွန်နီအဓိကစိုက်ပျိုးရာ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့်ပြည်ဒေသတစ်ဝိုက်ရွာများဖြစ်တဲ့ မော်ဇာ၊ မုဒ္ဒော၊ တောင်လုံးညို၊ ကုန်းရိုးစတဲ့ကျေးရွာများမှ ကြက်သွန်နီများ နေ့စဉ်ပိဿာ ၃၀ ဝင် အိတ်၉၀၀ခန့် ဝင်ရောက်နေကြောင်းသိရပါတယ်။ သင်္ကြန်တွင်းရွာသွန်းတဲ့မိုးကြောင့် ပြည်ဒေသတစ်ဝိုက်စိုက်ပျိုးတဲ့ကြက်သွန်နီဧက ၁၈၄ ဧက အနက် ၄၁ဧကမှာ ရေနစ်မြုပ်သွားခဲ့ရာ အမြန်တူးဖော်၍ဈေးကွက်သို့ တင်ပို့ရောင်းချနေရကြောင်း သိရပါတယ်။ အစိုဓာတ်ရှိနေတဲ့ ကြက်သွန်နီအချို့ကို ခွဲခြားရောင်းချနေရပြီး အစားအသောက်ရောင်းချတဲ့ဆိုင်များမှသာ ဝယ်ယူမှုရှိသောကြောင့် အနိမ့်ဈေးသာ ရရှိကြောင်း သိရပါတယ်။

အရောင်းအဝယ်အားဖြင့် ပြည်ပွဲရုံများတွင် ပုံမှန်ထက်အရောင်းအဝယ် အနည်းငယ်သွက်နေပြီး အရည်အသွေးပြည့်ဝချိန်ဖြစ်တဲ့အတွက် လှောင်လက်သမား၊ အိတ်ဆွဲသမားများ အကြိုက်တွေ့နေတယ်လို့ သိရပါတယ်။ ဈေးနှုန်းအနေနဲ့လည်း အသေးစများမရှိတော့ဘဲ အလတ်စ၊ အကြီး၊ အချောစသဖြင့် ကြိုက်နှစ်သက်ရာ ရယူနိုင်ပြီး လက်ကားတစ်ပိဿာကျပ် ၉၀၀ မှ ကျပ် ၉၅၀ဈေးဖြင့် ပွဲရုံများတွင် ရောင်းချနေကြောင်းလည်းသိရပါတယ်။ ဒေသတွင်းလက်လီဈေးမှာတော့ (အချော/အကြီး) တစ်ပိဿာ ကျပ် ၁၁၀၀၊ (လတ်) ကျပ် ၁၀၀၀၊ (သေး) ကျပ်၉၀၀တို့ဖြင့် ရောင်းချနေပြီး ယခင်နှစ်ကာလတူဈေးနှုန်း (အလတ်စ) လက်ကား တစ်ပိဿာ ကျပ် ၄၅၀နှင့် နှိုင်းယှဉ်လျှင် ပျမ်းမျှ ကျပ် ၅၀၀ ခန့်ဈေးမြင့်နေကြောင်း သိရပါတယ်။ စိုက်ပျိုးသူတောင်သူများ အကြိုက်တွေ့စေတဲ့ဈေးနှုန်းဖြစ်ပေမယ့် စားသုံးသူများ အနေနဲ့တော့ ဈေးအမြင့်နဲ့ ဝယ်ယူစားသုံးနေကြရပါတယ်။

**ဝင်းလှဲ့ဝါ(ပြည်)**

### ဧပြီစတုတ္ထပတ် မုံရွာကြက်သွန်နီဈေးကွက် ဈေးအနည်းငယ်မြင့်

မုံရွာ(ပွဲရုံ) စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ်ကြက်သွန်နီ ဈေးကွက်ပွဲရုံသို့ ကြက်သွန်နီ နေ့စဉ်ဝင်ရောက်မှုမှာ ပိဿာချိန် ၂၀၀၀၀ ကျော်ရှိပြီး မုံရွာပွဲရုံများမှ ဒေသတွင်း အိတ်ဆွဲသမားများအား ရောင်းချပေးလျက်ရှိသကဲ့သို့ ချင်းတွင်း မြစ်ကမ်းတစ်လျှောက်ရှိ ဟုမ္မလင်းနှင့်ခန္တီးမြို့များအပြင် ရန်ကုန်၊ မန္တလေး မြို့များသို့ တင်ပို့ခြင်းဖြင့် အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ် ပတ် ကြက်သွန်နီဈေးနှုန်းမှာ မုံရွာပွဲရုံများ၌ လက်ကားတစ်ပိဿာ (ကြီး) ကျပ် ၇၅၀၊ (လတ်) ကျပ် ၇၀၀၊ (သေး) ကျပ် ၆၅၀၊ လက်လီ တစ်ပိဿာ(ကြီး) ကျပ် ၈၅၀၊ (လတ်) ကျပ် ၈၀၀၊ (သေး) ကျပ် ၇၅၀ နှုန်းပေါက်လျက်ရှိပါသည်။

ယခင်တစ်ပတ်က ပေါက်ဈေးမှာ လက်ကားတစ်ပိဿာ (ကြီး) ကျပ် ၇၅၀၊ (လတ်)ကျပ် ၆၅၀၊ (သေး) ကျပ် ၅၅၀ နှုန်းရှိပြီး လက်လီဈေးနှုန်း တစ်ပိဿာ(ကြီး) ကျပ်၈၅၀၊ (လတ်) ကျပ် ၇၅၀၊(သေး)ကျပ်၆၅၀ နှုန်းပေါက်လျက်ရှိခဲ့တဲ့အတွက် ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်မြင့်ပြီး အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရှိရပါတယ်။ ကြက်သွန်ဖြူဈေးကွက်တွင် မုံရွာပွဲရုံသို့ ကြက်သွန်ဖြူ ပိဿာ ၂၀၀၀ ကျော်အဝင်ရှိပြီး ယခုတစ်ပတ်ကြက်သွန်ဖြူ တစ်ပိဿာပေါက်ဈေးနှုန်းမှာ ပွဲရုံဈေး (ဗမာ)ကျပ် ၄၀၀၀၊ (ရှမ်း) ကျပ် ၃၀၀၀၊ လက်လီဈေးနှုန်းမှာ (ဗမာ) ကျပ်၄၅၀၀၊(ရှမ်း) ကျပ် ၃၅၀၀ နှုန်းပေါက်ပြီး ယခင် တစ်ပတ်ပွဲရုံဈေး(ဗမာ) ကျပ် ၃၅၀၀၊ (ရှမ်း) ကျပ် ၃၀၀၀၊ လက်လီကတော့ တစ်ပိဿာ (ဗမာ) ကျပ် ၄၀၀၀၊ (ရှမ်း) ကျပ် ၃၅၀၀ နှုန်း ပေါက်လျက် ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်မြင့်ပြီး အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှ သိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## နနွင်း

### ရှမ်းနနွင်း(ဝါ)မှအပ လက်ကျန်ပြတ်

ရှမ်းနနွင်းလည်း အောင်ပန်းဈေးကွက်မှာ အဝင်နည်းလာပါပြီ။ ထိပ်စလို့ ခေါ်တဲ့ ရှမ်းနနွင်းကောင်း (ဆင်တောင်နနွင်း)ကတော့ ဝယ်လက်အကြိုက်ဖြစ်လို့ ဈေးကွက်မှာ ကုန်သလောက်ဖြစ်နေပြီလို့ သိရပါတယ်။ နနွင်း(ဝါ) ရောရာတွေကတော့ လက်ကျန်ရှိနေသေးတယ်လို့ သိရပါတယ်။ ထိပ်စတွေဖြစ်တဲ့ ဆင်တောင်နနွင်းနဲ့ တောင်ပို့လစနနွင်းကတော့ ဖြိုးကျော်ကုမ္ပဏီက ဝယ်ယူတာကြောင့် ကုန်သလောက် ဖြစ်သွားပြီလို့လည်း သိရပါတယ်။ နနွင်း(ဝါ) ရောရာတွေကတော့ အဝယ်နည်းတာကြောင့်ဖြန်းအားကလည်းသိပ်ပြီးမရှိလှဘူးလို့သိရပါတယ်။ ပြည်တွင်းသုံးသမားတွေကတော့ ပုံမှန်ဝယ်ယူမှုရှိနေပြီး ဖြိုးကျော်ကုမ္ပဏီကတော့ သင်္ကြန်ကာလမှာ ဝယ်ယူမှုခေတ္တနားနေတယ်လို့လည်း သိရပါတယ်၊

အောင်ပန်းဈေးကွက်မှာ ဒီတစ်ပတ် နနွင်းတစ်ပိဿာပေါက်ဈေးတွေကတော့ နနွင်း(ရောရာ)က ကျပ်၁၃၀၀၊တောင်ပို့လစက ကျပ် ၂၆၀၀၊ ကျပ် ၂၇၀၀နဲ့ဆင်တောင်နနွင်းကကျပ် ၃၀၀၀ဈေးရှိပါတယ်။

**ဧခိုင်-တောင်ကြီး**

### မူဆယ်မှ နနွင်းတက် လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဧပြီ ၁၅ ရက်မှ ၂၁ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၇၇၄၅၂ တန်ဖိုးရှိ နနွင်းတက်(ရှမ်းစ) ၁၁၅တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်မှ ၁၈၈ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၇၀ ကျော် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဧပြီ ၁၅ ရက်မှ ၂၁ ရက်အတွင်း နနွင်းတစ်တန်ကို မိမိဘက်ပေါက်ဈေး ကျပ် ၉၀၇၈၅၀ ရှိကြောင်း၊ ၂၀၁၅ ဧပြီက နနွင်းတက်တစ်တန်ကို (ငွေလဲနှုန်းအရ) လိုင်စင်ဈေး အမေရိကန် ဒေါ်လာ ၅၅၀၊ ၂၀၁၆ ဧပြီက အမေရိကန်ဒေါ်လာ ၇၅၀ နဲ့ ၂၀၁၇ ဧပြီမှာ အမေရိကန်ဒေါ်လာ ၆၇၀ ရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**



### နနွင်းတန်ချိန် ၂၀၀ ကျော်ကို ပင်လယ်ရေကြောင်းမှတင်ပို့

ဧပြီလ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၂၁၁ ဒသမ ဝ၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နနွင်း(ရှမ်းစ) ၅၆ တန်၊ အိန္ဒိယနိုင်ငံသို့ ၁၁၆ဒသမဝ၄တန်၊ ကိုရီးယားနိုင်ငံသို့ ၆တန်နဲ့ စင်ကာပူနိုင်ငံသို့ ၃၃ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၃၀-၇၃၅ ရရှိခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ နနွင်းတန်ချိန် ၃၁၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၉၀ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နနွင်း တင်ပို့မှုမှအမေရိကန်ဒေါ်လာ ၁၅၅၂၈၅ ဝင်ငွေရရှိခဲ့တယ် လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ကြက်သွန်ဖြူ

### ပြည်ကြက်သွန်ဖြူအဝင်နည်းလို့ ဈေးအမြင့်ဆုံးသို့ရောက်နေ

သင်္ကြန်အပြီး ပြည်ကြက်သွန်ဖြူဈေးကွက်မှာ တဖြည်းဖြည်းဈေးမြင့်တက်နေတာ တွေ့ရပါတယ်။ သင်္ကြန်မတိုင်ခင်ကတည်းက တရုတ်လိုင်းဘက်မှ (ကြူကုတ်စ) ကြက်သွန်ဖြူတွေ အဝင်နည်းလာပြီးဈေးနှုန်းတွေ တစ်စတစ်စ မြင့်တက်လာခြင်းဖြစ်ပါတယ်။ ယခုဧပြီ(နောက်ဆုံးပတ်)အထိ အဝင်နည်းနေတာကြောင့်ပစ္စည်းနည်းပြီးဈေးနှုန်းများ အမြင့်ဆုံးရောက်နေတာတွေ့ရပါတယ်။ ဈေးနှုန်းတွေကတော့ (ပွဲရုံဈေး) ကြက်သွန်ဖြူတစ်ပိဿာလျှင် (ရှမ်းစ) ကျပ် ၃၅၀၀ နှင့် (ကြူကုတ်စ) ကျပ် ၆၅၀၀ တို့ရှိနေပြီး၊ ဒေသတွင်းလက်လီအရောင်းဈေးများတွင်တော့ (ရှမ်းစ) ကျပ် ၄၅၀၀နှင့် (ကြူကုတ်) ကျပ် ၇၀၀၀ ထိ မြင့်တက်ပြီး ရောင်းဝယ်လျက်ရှိနေကြပါတယ်။ လက်လီတစ်ဆယ်သား အစိတ်သားဝယ်ယူသုံး စွဲသူများမှာ (ရှမ်းစ) ဆိုလျှင် ကျပ် ၅၀၀၀ ဈေးနှင့် (ကြူကုတ်) ကို ကျပ် ၈၀၀၀ ဈေး အထိ ဝယ်ယူနေရကြောင်းလည်းသိရပါတယ်။

**နီနီဝင်း**

## ချင်း

### ရှမ်းချင်းအဝင်နည်းလာ

ဒီတစ်ပတ်တော့ရှမ်းချင်းက ဈေးကွက်ထဲကို အဝင်နည်းလာပြီလို့ သိရပါတယ်။ ဒီနှစ်က ရှမ်းချင်းကို ပြည်ပဝယ်လက်တွေ ဝယ်ယူမှုရှိနေတာကြောင့်အရောင်းအဝယ်ကတော့ အရင်နှစ်တွေထက် သွက်လာတယ်လို့သိရပါတယ်။ ဒါပေမယ့် ဒီတစ်လအတွင်းမှာတော့ ပြည်တွင်းဝယ်လက်တွေသာရှိနေတယ်လို့လည်း သိရပါတယ်။ ပြည်ပဝယ်လက်တွေကတော့ သင်္ကြန်မတိုင်ခင်မှာ ပိဿာချိန်ခုနစ်သောင်းခန့် ဝယ်ယူသွားတယ်လို့လည်းသိရပါတယ်။ ကလောမြို့နယ်အတွင်းမှာရှိတဲ့ ဒေသတွေမှာတော့ ချင်းကိုပြန်စိုက်နေကြပါပြီ။ မိုးပုံမှန်ရွာပြီး ရာသီဥတုကောင်းရင်တော့ ဇွန်လကုန်ဇူလိုင်လမှာ ချင်း(ဥမ)တွေက ပြန်ပြီးထွက်လာတော့မှာ ဖြစ်တယ်လို့လည်းသိရပါတယ်။ အောင်ပန်းဈေးကွက်မှာ ချင်း(စို)တစ်ပိဿာဈေးက အနိမ့်ဆုံး ကျပ် ၂၀၀ မှ အမြင့်ဆုံး ကျပ် ၅၀၀ဈေးရှိပါတယ်၊ချင်းခြောက်ကတော့ တစ်ပိဿာကို ကျပ် ၁၂၀၀ ဈေးရှိတယ်လို့သိရှိရပါတယ်။ **ဧခိုင်-တောင်ကြီး**

### ပင်လယ်ရေကြောင်းမှ ချင်းတန်ချိန် ၁၀၀ နီးပါး တင်ပို့

ဧပြီလ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း ချင်း၉၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ချင်းခြောက်၁၈တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်းစို ၈၁ တန် တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ချင်းခြောက် တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၄၀၅ ဒေါ်လာရရှိခဲ့ပြီး ချင်းစိုတစ်တန်ကို အမေရိကန်ဒေါ်လာ ၂၁၅ ဒေါ်လာရရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ ချင်းတန်ချိန် ၈၀ ကျော်နဲ့နှိုင်းယှဉ်ရင် ၁၆ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၂၇၀၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**



Vol: 17, No.16 Monday May 1 2017

# အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ်၏ ရည်ရွယ်ချက်၊ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့နှင့် ပို့ကုန်ချေးငွေများ ထုတ်ချေးခြင်း

**ရည်ရွယ်ချက်များ**

**၁၉၈၁ ခုနှစ်** အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ် အက်ဥပဒေတွင် ဘဏ်၏ ရည်ရွယ်ချက်များကို ဖော်ပြထားပါသည်။ဘဏ်၏ရည်ရွယ်ချက်များမှာပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များသို့ ငွေရေးကြေးရေးအကူအညီ (Financial assistance) ဖြည့်ဆည်းပေးရန်၊ကုန်စည်နှင့်ဝန်ဆောင်မှုများ တင်ပို့တင်သွင်းခြင်းအတွက် အထောက်အကူပေးလျက်ရှိသော အဖွဲ့အစည်းများကြား ညှိနှိုင်းပေါင်းစပ်ရာတွင် အဓိကငွေရေးကြေးရေးအဖွဲ့အစည်း (Principal financial institution) အဖြစ် ဆောင်ရွက်ရန်ဖြစ်သည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် တိုင်းပြည်၏ နိုင်ငံတကာကုန်သွယ်မှု (International trade) ကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။ ထို့ပြင် ပြည်သူများ၏အကျိုးစီးပွားအတွက် စီးပွားရေးလုပ်ငန်းအခြေခံမူများ (Business principles) ကို ချမှတ်လိုက်နာစေရေးကိုလည်း ဆောင်ရွက်ရန်ဖြစ်ပါသည်။




**ဘဏ်ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ (Board)**

အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ်ကို ၁၉၈၁ ခုနှစ် စက်တင်ဘာလတွင် လွှတ်တော်အက်ဥပဒေအရတည်ထောင်ခဲ့သည်။အိန္ဒိယအစိုးရက အပြည့်အဝပိုင်ဆိုင်သောဘဏ်ဖြစ်သည်။ ၁၉၈၂ ခုနှစ် မတ်လတွင် ဘဏ်လုပ်ငန်းများ စတင်ဆောင်ရွက်လည်ပတ်ခဲ့သည်။ အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ်သည် အိန္ဒိယနိုင်ငံတွင် ရှေ့ဆောင်ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခု (Apex financial institution) ဖြစ်ပါသည်။

ဘဏ်၏ကောင်းရာကောင်းကျိုးအတွက် အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ်ကို ဘဏ်ကြီးကြပ်ကွပ်ကဲရေးအဖွဲ့က အစဉ်အမြဲ ဦးဆောင်လမ်းညွှန်မှုပေးပါသည်။ အဖွဲ့တွင်ပါသော ပုဂ္ဂိုလ်များမှာ အဆင့်မြင့်ပေါ်လစီချမှတ်သူများ၊ ဘဏ်လုပ်ငန်းအထူးကျွမ်းကျင်သူများ၊ စက်မှုလုပ်ငန်းနှင့် နိုင်ငံတကာကုန်သွယ်ရေးတွင် ဦးဆောင်လျက်ရှိသော လုပ်ငန်းရှင်များ၊ ပို့ကုန် သို့မဟုတ် သွင်းကုန် သို့မဟုတ် ငွေရေးကြေးရေးလုပ်ငန်းတွင်ရှိသော လုပ်ငန်းအတွေ့အကြုံရင့်ကျက်သူများ ပါဝင်သည်။ လက်ရှိဘဏ်ကြီးကြပ်ကွပ်ကဲရေးအဖွဲ့တွင် ပါဝင်သော ထိပ်တန်းအဆင့်ပုဂ္ဂိုလ်များမှာ ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် အိန္ဒိယအစိုးရတို့မှ ပုဂ္ဂိုလ်များ၊ အိန္ဒိယဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အိန္ဒိယစက်မှုဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ၊ အိန္ဒိယပြည်နယ်ဘဏ်ဥက္ကဋ္ဌများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် သုတေသနနှင့်သတင်းအချက်အလက်စနစ် ညွှန်ကြားရေးမှူးချုပ်တို့ဖြစ်ကြသည်။

**ပို့ကုန်ချေးငွေများထုတ်ချေးခြင်း**

အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ်သည် အောက်ပါပို့ကုန်ချေးငွေလိုအပ်ချက်များ (Export credit facilities) ကိုဖြည့်ဆည်းပေးပါသည်။ အဆိုပါချေးငွေ လိုအပ်ချက်များကို အိန္ဒိယတိုင်းရင်းသားကုမ္ပဏီများနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များအပြင် ပြည်ပလုပ်ငန်းရှင်များ (Oversea entities) သို့ဖြည့်ဆည်းပေးပါသည်။

**တိုင်းရင်းသားကုမ္ပဏီများသို့ ထုတ်ချေးခြင်း**

ပြည်ပနိုင်ငံများနှင့် စာချုပ်ချုပ်ဆို၍ကုန်စည်နှင့် ဝန်ဆောင်မှုများ တင်ပို့လျက်ရှိသော တိုင်းရင်းသားကုမ္ပဏီများအတွက် အောက်ပါချေးငွေ လိုအပ်ချက်များကို ထုတ်ချေးလျက်ရှိပါသည်-

| သိန်းမြင့်ဝေ |

**သင်္ဘောမတင်မီချေးငွေ (Pre-shipment Credit)**

ပို့ကုန်သွင်းကုန်ဘဏ်သည် ပို့ကုန်တင်ပို့ရန်အတွက် သင်္ဘောမတင်မီ ချေးငွေလိုအပ်ချက်ကို အိန္ဒိယငွေကြေး(ရူပီး)အပြင် နိုင်ငံခြားငွေကြေး (Foreign currency) ဖြင့်လည်း ထုတ်ချေးသည်။ အဆိုပါချေးငွေကိုကုန်ချောထုတ်လုပ်သောအဆင့်တွင် လိုအပ်မည့် ငွေကြေးအတွက် ဖြည့်ဆည်းခြင်းဖြစ်ပါသည်။ ပို့ကုန်လုပ်ငန်းရှင်အတွက် အဆိုပါချေးငွေဖြင့် ကုန်ချောထုတ်လုပ်ရာတွင် လိုအပ်မည့်ကုန်ကြမ်းနှင့်အခြားသွင်းအားစုများကို ဝယ်ယူနိုင်မည်ဖြစ်ပါသည်။

**ရောင်းချသူ၏ချေးငွေ (Supplier's Credit)**

၎င်းချေးငွေသည် သင်္ဘောတင်ပြီးနောက်ပိုင်းတွင် ထုတ်ချေးသောချေးငွေ (Post-shipment credit) ဖြစ်သည်။ အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များအတွက် ချေးငွေသက်တမ်းကို တိုးမြှင့်ပေးသည့် အစီအစဉ်ဖြစ်ပါသည်။ အိန္ဒိယပို့ကုန်လုပ်ငန်းရှင်အတွက် ပြည်ပတင်ပို့ထားသော ကုန်စည်တန်ဖိုးကျသင့်ငွေကို ပြည်ပသွင်းကုန်လုပ်ငန်းရှင်များ (Oversea importers)ထံမှ မရရှိမီကာလတွင် အဆင်ပြေစေရန် ဘဏ်က ဖြည့်ဆည်းပေးခြင်းဖြစ်သည်။

**ပို့ကုန်တင်ပို့ရန် အလားအလာရှိသူများ (Project exporters)**

အိန္ဒိယတိုင်းရင်းသားလုပ်ငန်းရှင်သည် ပို့ကုန်တင်ပို့ရန် ကြိုးပမ်းအားထုတ်နေစဉ်အတွင်း ငွေကြေးအသုံးစရိတ်လိုအပ်ပါသည်။ အထူးသဖြင့် ပို့ကုန်စတင်တင်ပို့နိုင်ရေးအတွက် ပြည်ပကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အသုံးစရိတ်လိုအပ်ပါသည်။ တစ်နည်းအားဖြင့် ပို့ကုန်တင်ပို့ရန်အတွက် ကုန်ကြမ်းစရိတ်များ၊ ဝန်ထမ်းလစာများနှင့် စက်ပစ္စည်းကိရိယာများအတွက် အသုံးစရိတ်များ ကုန်ကျရန်ရှိပါသည်။ အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ်က အဆိုပါအသုံးစရိတ်လိုအပ်ချက်ကို ပို့ကုန်စတင်တင်ပို့မည့်လုပ်ငန်းရှင်များသို့ ထုတ်ချေးခြင်းဖြစ်သည်။

**နည်းပညာနှင့် အကြံဉာဏ်ဝန်ဆောင်မှုများတင်ပို့သည့်လုပ်ငန်းရှင်များသို့ ထုတ်ချေးခြင်း (Exporters of consultancy & technological services)**

အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ်သည် နည်းပညာနှင့် အကြံဉာဏ်ဝန်ဆောင်မှုများကို ပြည်ပသို့တင်ပို့သော အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များသို့ အထူးချေးငွေ (Special credit) ထုတ်ချေးသည်။ ၎င်းသို့ ထုတ်ချေးခြင်းအားဖြင့် အဆိုပါပို့ကုန်လုပ်ငန်းရှင်များအား ပြည်ပသွင်းကုန်လုပ်ငန်းရှင်များ (Oversea importers) ထံမှ ငွေကြေးမရရှိမီကာလအတွင်း အဆင်ပြေစေပါသည်။ ပြည်ပတင်ပို့ထားသည့်ဝန်ဆောင်မှုအတွက် ငွေကြေးမရရှိမီကာလအတွင်း ပို့ကုန်လုပ်ငန်းရှင်များအတွက် ငွေကြေးအခက်အခဲပြေလည်စေရန် ကူညီခြင်းဖြစ်ပါသည်။

**အာမခံချေးငွေလိုအပ်ချက်များ (Guarantee facilities)**

အိန္ဒိယကုမ္ပဏီများသည် အာမခံကြေးများကြိုတင်ပေးချေထားနိုင်ရန်အတွက် အဆိုပါချေးငွေများကို ရရှိနိုင်သည်။ ပြည်ပကုမ္ပဏီများနှင့် ပို့ကုန်စာချုပ်များ ချုပ်ဆိုရန်အတွက်လည်းကောင်း၊ သွင်းကုန်ရောင်းဝယ်ခြင်းများ (Import transactions) အတွက်လည်းကောင်း လိုအပ်မည့် အာမခံကြေးများကို ပို့ကုန်သွင်းကုန်ဘဏ်က ထုတ်ချေးခြင်းဖြစ်သည်။

**ကူးသန်းရောင်းဝယ်ရေးဘဏ်များအတွက် ချေးငွေများ (Credit for Commercial banks)**

အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ်သည် ကူးသန်းရောင်းဝယ်ရေးဘဏ်များသို့ အတိုးနှုန်းလျှော့ချထားသော ချေးငွေ (Rediscounting credit) ကို ထုတ်ချေးပါသည်။အဆိုပါချေးငွေများက ကူးသန်းရောင်းဝယ်ရေးဘဏ်များအား ယင်းဖောက်သည်များ၏ ပို့ကုန်ငွေတောင်းခံလွှာများ (Export bills) အတွက် အတိုးနှုန်း လျှော့ချပေးနိုင်ပါသည်။ ထို့ပြင် ပို့ကုန်သွင်းကုန်ဘဏ်က ကူးသန်းရောင်းဝယ်ရေးဘဏ်များအား Supplier's credit ထုတ်ချေးနိုင်ရေးအတွက်လည်း ချေးငွေထုတ်ချေးသည်။ ကူးသန်းရောင်းဝယ်ရေးဘဏ်များက အဆိုပါချေးငွေများကို အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များသို့ ထုတ်ချေးခြင်းဖြစ်ပါသည်။

**အိန္ဒိယတိုင်းရင်းသားကုမ္ပဏီများအတွက် အခြားချေးငွေများ (Other Fccilities for Indian companies)**

အိန္ဒိယနိုင်ငံအတွင်းတွင် စာချုပ်ချုပ်ဆိုသော အိန္ဒိယတိုင်းရင်းသားကုမ္ပဏီများကို ပို့ကုန်သွင်းကုန်ဘဏ်က ငွေကြေးလိုအပ်ချက်ဖြည့်ဆည်းပေးပါသည်။ သို့သော် အဆိုပါကုမ္ပဏီများသည် အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်ရေးပေါ်လစီ (Foreign Trade Policy) အရ ယုံကြည်စိတ်ချရသော ပို့ကုန်လုပ်ငန်းရှင်များအဖြစ် သတ်မှတ်ထားသည့်ကုမ္ပဏီများဖြစ်ရပါမည်။ သို့မဟုတ် ပို့ကုန်ရငွေကို နိုင်ငံခြားငွေကြေးဖြင့် ရရှိမည်ဟူသော ပေးချေမှုနည်းလမ်းအရ စာချုပ်ချုပ်ဆိုသော ကုမ္ပဏီဖြစ်ရပါမည်။ ဖော်ပြပါကုမ္ပဏီများ၏ ငွေကြေးစီးဆင်းမှုပြတ်လပ်ခြင်းများ (Cash flow deficits) ကို ဖြည့်ဆည်းရန်အတွက် ပို့ကုန်သွင်းကုန်ဘဏ်က ထုတ်ချေးခြင်းဖြစ်ပါသည်။

**ပြည်ပလုပ်ငန်းရှင်များသို့ ထုတ်ချေးခြင်း**

ပြည်ပလုပ်ငန်းရှင်များအတွက် ထုတ်ချေးသော ချေးငွေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ဝယ်ယူသူ၏ချေးငွေ (Buyer's credit)**

ပြည်ပဝယ်ယူသူများ (Oversea buyers) သည် ပို့ကုန်သွင်းကုန်ဘဏ်ထံမှ Buyer's credit ကို ရယူနိုင်ပါသည်။ သတ်မှတ်ချက်နှင့်ကိုက်ညီသော အိန္ဒိယမှကုန်စည်များ (Eligible goods) ကို ဝယ်ယူတင်သွင်းရန်အတွက် အဆိုပါချေးငွေကို ရယူနိုင်သည်။ ပြည်ပဝယ်ယူသူက အိန္ဒိယကုမ္ပဏီသို့ အဆိုပါကုန်စည်အတွက် ငွေကြေးပေးချေမှုနောက်ကျခြင်းအတွက် အဆိုပါချေးငွေကို ဘဏ်က ဖြည့်ဆည်းပေးခြင်းဖြစ်သည်။

**သတ်မှတ်ချက်နှင့်ကိုက်ညီသော ကုန်စည်များအတွက်ချေးငွေ**

အိန္ဒိယတွင် ထုတ်လုပ်သည့် ပြည်ပတင်ပို့ရန် သတ်မှတ်ချက်နှင့်ကိုက်ညီသော ကုန်စည်များ (Eligible goods) ဖြစ်သည့် ရင်းနှီးကုန်စည် (Capital goods)၊ စက်နှင့် စက်ပစ္စည်း (Plant and machinery)၊ စက်မှုကုန်ချောများ (Industrial manufactures)၊ တာရှည်ခံ စားသုံးကုန်စည်များ (Consumer durables) နှင့် အခြားပို့ကုန်ပစ္စည်းများအတွက် ချေးငွေများရရှိနိုင်ပါသည်။ အဆိုပါ ကုန်စည်များသည် အိန္ဒိယအစိုးရ ပို့ကုန်သွင်းကုန်ပေါ်လစီ (Exim Policy) အရ ပြည်ပတင်ပို့ရန် သတ်မှတ်ချက်နှင့် ကိုက်ညီသော ကုန်စည်များဖြစ်ရပါမည်။

**Source: eximbankindia**

# ခတ်ဆီ/ဒီဇယ်

## ဒီဇယ်၊ ခတ်ဆီ တန်ချိန် ၅၀၀၀၀ ကျော် တင်သွင်း

ဧပြီ ၉ ရက်မှ ၁၅ ရက်အထိသီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၈၃၃၁၆၉၇ တန်ဖိုးရှိ ခတ်ဆီ ၃၃၂၇၉ ဒသမ ၁၄၃ တန်နဲ့ ကန်ဒေါ်လာ ၉၂၅၄၃၂၄ တန်ဖိုးရှိ ဒီဇယ် ၁၈၀၁၁ ဒသမ ၇၅၇ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်၊ (92)နဲ့ (95)တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၇၉၇၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၆၁၇၀၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့ပြီး ယခင် သီတင်းပတ်က တင်သွင်းခဲ့တဲ့ ခတ်ဆီတန်ချိန် ၃၁၄၀ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၀၀၀၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဒီဇယ်အဝင် လျော့ခဲ့ပြီး ခတ်ဆီ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃၄၆၃၂ တန်ဖိုးရှိ ခတ်ဆီ ၅၉ ဒသမ ၅ တန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၇၈၃၃၀ တန်ဖိုးရှိ ခတ်ဆီ ၁၃၆ တန်နဲ့ အမေရိကန်ဒေါ်လာ ၆၈၄၆၀ တန်ဖိုးရှိ ဒီဇယ်တန်ချိန် ၁၄၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ခတ်ဆီရောဒီဇယ်ပါပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (95) နဲ့ (92)တို့ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၇၀၀ကျပ်၊ အောက်တိန်း (92) ၇၁၀ ကျပ်၊ အောက်တိန်း (95) ၇၅၀ ကျပ်၊ အဆင့်မြင့် ဒီဇယ် ၇၂၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဧပြီ ၂၄ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ်၁၄၆၀၀၀၊ ရောင်းဈေး ကျပ်၁၅၀၀၀၀နဲ့ အရောင်း အဝယ် ဖြစ်ခဲ့ရာ ဧပြီ ၂၈ ရက်တွင် ဝယ်ဈေး ကျပ်၁၄၃၀၀၀၊ ရောင်းဈေး ကျပ် ၁၄၆၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ဈေးနဲ့နှိုင်းယှဉ်ရင် ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဧပြီ ၂၄ ရက်မှာ ခတ်ဆီ ဝယ်ဈေး ကျပ် ၁၅၆၀၀၀၊ ရောင်းဈေး ကျပ် ၁၆၀၀၀၀ နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ခတ်ဆီဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ပြင်ပလက်လီ တစ်ဂါလံဈေးများမှာ ဒီဇယ်ကျပ် ၃၀၀၀၊ ခတ်ဆီ တစ်ဂါလံ ကျပ် ၃၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင်အောက်တိန်း(92)ဈေးငြိမ်နေပြီး ကျန်စက်သုံးဆီများ ဈေးအနည်းငယ်မြင့်လာတယ်လို့သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ၈၇၀ကျပ် ၊ ဒီဇယ် ကျပ် ၇၄၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၆၀၊ အောက်တိန်း (92) ၇၈၅ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ် ဖြစ်နေတဲ့ပီပါ ဈေးများမှာ ဧပြီ ၂၄ ရက်မှာ ဒီဇယ်ဝယ်ဈေးကျပ် ၁၄၈၀၀၀၊ ရောင်းဈေး ကျပ် ၁၅၁၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ဧပြီ ၂၈ ရက်တွင် ဝယ်ဈေး ကျပ် ၄၀၀၀၊ ရောင်းဈေး ကျပ် ၅၀၀၀ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ခတ်ဆီဈေးမှာ ဧပြီ ၂၄ ရက်တွင် ဝယ်ဈေး ကျပ် ၁၅၇၀၀၀၊ ရောင်းဈေးကျပ် ၁၆၁၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ ဧပြီ၂၈ ရက်တွင် ဝယ်ဈေး ကျပ် ၁၆၀၀၀၀၊ ရောင်းဈေး ကျပ် ၁၆၅၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ရင် ဒီဇယ်ဈေး အနည်းငယ် ကျလာပြီး ခတ်ဆီဈေး အနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များရဲ့ တစ်ဂါလံဈေးမှာ ဒီဇယ် ကျပ်၃၀၀၀၊ ဓါတ်ဆီ ကျပ်၃၄၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ခတ်ဆီနဲ့ ဒီဇယ်မှာ ဈေးအနည်းငယ်မြင့်ခဲ့ပြီး အောက်တိန်းမှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့တစ်ဂါလံ ဈေးများမှာ ခတ်ဆီကျပ် ၃၄၀၀၊ ဒီဇယ် ၃၄၆၅ ကျပ်၊ အောက်တိန်း ကျပ် ၃၄၂၀ နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ ဒီဇယ် တစ်ဂါလံ ကျပ် ၃၅၀၀၊ အောက်တိန်း တစ်ဂါလံကျပ် ၃၅၀၀နဲ့ အရောင်း အဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

## ပြည်တွင်းငွေလဲနှုန်းအတက်ပြပြီး ပြန်လည်ကျဆင်း

သင်္ကြန်ကာလအပြီး ပြီးခဲ့သည့် ရက်သတ္တပတ်က အရောင်းအဝယ်မရှိသဖြင့် ဈေးငြိမ်ခဲ့သည့် ပြည်တွင်းငွေလဲ နှုန်းများသည် ယခုတစ်ပတ်တွင်မူ ပြန်လည်မြင့်တက်လာခဲ့သည်။ သို့သော်လည်း ရက်သတ္တတစ်ပတ်၏ နောက်ဆုံးရက်တွင်မူ ပြန်လည်ကျဆင်းလာခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ငွေလဲစင်တာအများစုသည်လည်း ဧပြီ ၂၄ ရက်မှသာ ပြန်လည်ဖွင့်လှစ်ခဲ့ကြပြီး အရောင်းအဝယ်များဖြစ်ခဲ့ကာ ဧပြီ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဈေးအနည်းငယ်ပြန်လည်မြင့်တက်လာခဲ့ကြောင်း၊ အရောင်းအဝယ်များလည်း ဖြစ်လာခဲ့ကြောင်း ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

“ဝယ်လိုအားများလာလို့ ဈေးမြင့်တက်လာတဲ့သဘောပါ။ ပိတ်ရက်ရှည်ကာလ ပြီးသွားတော့ လုပ်ငန်းခွင်တွေ ပြန်လည်လည်ပတ်လာတဲ့အတွက် အဝယ်လိုက်လာတဲ့သဘောပါ။ ဒါကြောင့် ဒီတစ်ပတ်ထဲမှာနှစ်ရက်လောက် တော့ ဈေးမြင့်တက်သွားတယ်။ နောက်ရက်တွေမှာတော့ ပြန်ကျလာတယ်”ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသည့် ငွေလဲစင်တာတစ်ခုမှသိရသည်။

ဧပြီ ၂၄ ရက်က အမေရိကန်တစ်ဒေါ်လာကို ရောင်းဈေး ၁၃၅၀ ကျပ်၊ ဝယ်ဈေး ၁၃၄၉ ကျပ်ဖြင့် ဈေးဖွင့်ခဲ့သော်လည်း ဧပြီ ၂၆ ရက်တွင် ရောင်းဈေး ၁၃၆၀ ကျပ်၊ ဝယ်ဈေး ၁၃၅၇ ကျပ်ရှိခဲ့ သော်လည်း ဧပြီ ၂၉ ရက်တွင် ရောင်းဈေး ၁၃၅၀ ကျပ်၊ ဝယ်ဈေး ၁၃၄၈ ကျပ်သို့ ပြန်လည်ကျဆင်းလာခဲ့သည်။ **မယ်သီတာ**

## ပြည်တွင်းရွှေဈေး အတက်အကျအနည်းငယ်သာရှိပြီး အရောင်းအဝယ်အေးနေ

မဟာသင်္ကြန်အပြီးတွင် ကမ္ဘာ့ရွှေဈေးမြင့်တက်မှုကြောင့် ပြည်တွင်းရွှေဈေးမြင့်တက်လာခဲ့ပြီးနောက် ဈေးပြန် လည်ကျဆင်းလာခြင်းမရှိဘဲ ဈေးအမြင့်ဖြင့်သာ ရှိနေကြောင်း သိရသည်။ ဈေးမြင့်တက်လာသော်လည်း အခွန်ကိစ္စများကြောင့် အရောင်းအဝယ်မှာ ထင်သလောက်ဖြစ်မလာဘဲ အေးလျက်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

“ပြည်တွင်းရွှေဈေးကွက်မှာက ဈေးမြင့်တက်နေပေမယ့် အခွန်ကိစ္စကြောင့် အရောင်းအဝယ်က အေးနေတယ်။ ရွှေဝယ်ရင် အခွန်ဆောင်ရမှာဆိုတော့ အမှန်တကယ် ရွှေဝယ်စုချင်တဲ့သူတွေက မဝယ်ချင်ကြတော့ဘူး ဖြစ်နေတယ်။ ဝယ်ရောင်းလုပ်နေတဲ့ သူတွေကလည်း ဝယ်ရောင်းလုပ်ဖို့အတွက် တွန့်ကုန်ကြတယ်။ ဒါကြောင့် ရွှေဈေးကွက်က အေးစက်သွားတဲ့သဘောပါ”ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ဧပြီ ၂၄ ရက်က ကျပ် ၉၀၈၀၀၀ ရှိခဲ့ပြီး ဧပြီ ၂၉ ရက်တွင် ကျပ် ၉၀၈၅၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ကမ္ဘာ့ရွှေဈေးကွက်တွင် ဧပြီ ၂၄ ရက်က တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၇၆ ရှိခဲ့ပြီး ဧပြီ ၂၇ ရက်တွင် ၁၂၆၆ ဒေါ်လာရှိခဲ့သည်။ ဧပြီ ၂၉ ရက်တွင် ၁၂၆၈ ဒေါ်လာရှိခဲ့သည်။

**မယ်သီတာ**

## ရန်ကုန်စတော့ဈေးကွက်မှ အစုရှယ်ယာဈေးများ ကျဆင်းလာ

ရန်ကုန် စတော့ဈေးကွက်တွင် ရောင်းဝယ်လျက်ရှိသည့် အစုရှယ်ယာများ၏ဈေးနှုန်းများ ကျဆင်းလာခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

သင်္ကြန်အပြီးကာလများက ဈေးဖွင့်ထားသော်လည်း အရောင်းအဝယ်အေးခဲ့သော်လည်း သင်္ကြန်ပိတ်ရက်များကုန်ဆုံးပြီးသည့် ဧပြီ ၂၄ ရက်မှစ၍ စတော့ဈေးကွက် ပြန်လည်အသက်ဝင်လာခဲ့သည်။

ဧပြီ ၂၄ ရက် ဈေးကွက်စဖွင့်သည့်နေ့တွင် အနိမ့်ဈေးဖြင့် ဈေးစဖွင့်ခဲ့သည်။ ဧပြီ ၂၄ ရက်တွင် FMI က ကျပ် ၁၆၅၀၀၊ MTSH က ကျပ် ၄၁၀၀၊ MCB က ကျပ် ၈၇၀၀၊ FPB က ကျပ် ၁၆၅၀၀ ဖြင့် ဈေးဖွင့်ခဲ့သည်။

ဈေးစဖွင့်သည့်နေ့တွင် MTSH နှင့် MCB တို့၏ အစုရှယ်ယာများ အရောင်းအဝယ်မဖြစ်ခဲ့ဘဲ ကျန်အစုရှယ်ယာများသာ အရောင်းအဝယ် အနည်းငယ်ဖြစ်ခဲ့သည်။

ဧပြီ ၂၈ ရက်အထိ MCB ၏ အစုရှယ်ယာများအရောင်းအဝယ်မဖြစ်ခဲ့ဘဲ ကျပ် ၈၇၀၀ ဖြင့်ဈေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။ သို့သော် ဧပြီလ ၂၉ ရက်တွင် MCB ၏ အစုရှယ်ယာဈေးနှုန်းသည် ကျပ် ၈၇၀၀ မှ ကျပ် ၉၀၀၀ သို့ မြင့်တက်လာခဲ့သဖြင့် အစုရှယ်ယာ ရောင်းဝယ်မှုပမာဏမှာ သုံးရာ နီးပါးရှိခဲ့သည်။

ဧပြီ ၂၉ ရက်တွင် FMI က ကျပ် ၁၆၅၀၀ ဖြင့် ဈေးငြိမ်ခဲ့ပြီး MTSH က ကျပ် ၄၀၀၀ သို့ ဈေးကျဆင်းခဲ့သည်။ MCB က ကျပ် ၉၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး FPB က ကျပ် ၂၉၀၀၀ သို့ ဈေးမြင့်တက်လာခဲ့ကာ အရောင်းအဝယ်ဖြစ်ခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

April 28, 2017
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.34 |
| BDT | Bangladesh Taka | 83.05 |
| CAD | Canada Dollars | 1.37 |
| CNY | China Yuan Renminbi | 6.90 |
| EUR | Euro | 0.91 |
| H KD | Hong Kong Dollars | 7.78 |
| I NR | India Rupees | 64.21 |
| I DR | Indonesia Rupiahs | 13326.59 |
| JPY | Japan Yen | 111.31 |
| MYR | Malaysia | 4.34 |
| PKR | Pakistan Rupees | 104.76 |
| PHP | Philippines Pesos | 50.11 |
| RUB | Russia Rubles | 57.04 |
| SGD | Singapore Dollars | 1.40 |
| KRW | South Korea Won | 1136.90 |
| LKR | Sri Lanka Rupe | 151.99 |
| THB | Thailand Baht | 34.60 |
| GBP | United Kingdom Pounds | 0.78 |
| VND | VietnamDon | 22732.14 |

*Source:xe.com*

## World Gold Price

April, 2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 24 | 1275 | 1273 | 1272 |
| 25 | 1275 | 1273 | 1274 |
| 26 | 1263 | 1263 | 1263 |
| 27 | 1267 | 1266 | 1266 |
| 28 | 1267 | 1267 | 1266 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 24-4-2017 | 908.00 | 907.20 |
| 25-4-2017 | 910.00 | 909.80 |
| 26-4- 2017 | 908.00 | 907.80 |
| 27-4 -2017 | 907.50 | 907.20 |
| 28-4- 2017 | 907.00 | 907.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဧပြီလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 24 | 6 .89 | 34.38 | 82.99 | 64.48 |
| 25 | 6. 89 | 34.36 | 83.50 | 64.27 |
| 26 | 6 .89 | 34.41 | 83.65 | 64.33 |
| 27 | 6 .89 | 34.55 | 84.03 | 64.11 |
| 28 | 6.90 | 34.60 | 83.05 | 64.21 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 24- April | 17.76 | 2609.82 | 1961.57 | 5700.58 | 966.00 |
| 25- April | 17.85 | 2633.34 | 1970.98 | 5713.34 | 958.00 |
| 26- April | 17.42 | 2649.70 | 1977.47 | 5764.42 | 948.00 |
| 27- April | 17.40 | 2650.14 | 1981.50 | 5757.70 | 945.00 |
| 28- April | 17.30 | 2654.40 | 1937.38 | 5770.02 | 946.00 |

Source:kitco.com

## Energy NYMEX 28-4-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 49.47 | 0.50 | 1.02 |
| Brent Crude Futr (USD/bbl) | 51.91 | 0.47 | 0.91 |
| Gasoline Rbob Fut (Cent/gal) | 156.41 | 1.41 | 0.91 |
| Natural Gas Futr (USD/MMBtu) | 3.25 | 0.01 | 0.37 |
| Heating Oil Futr (Cent/gal) | 150.72 | -2.95 | -1.92 |

## ဘိလပ်မြေ

# ဒီတစ်ပတ် ရေကြောင်းလမ်းမှ ဘိလပ်မြေအဝင်နားခဲ့

ဧပြီလ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း ဘိလပ်မြေ အဝင်နားခဲ့တယ်လို့သိရပါတယ်။ ဧပြီလ ၁ ရက်မှ ၈ရက်အတွင်း ဘိလပ်မြေ ၈၂၉၁ ဒသမ ၁၀ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီလထဲမှာ တီပီအိုင်တံဆိပ်ဘိလပ်မြေများသာ တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ကိုရီးယား၊ ထိုင်း၊ မလေးရှားနဲ့ တရုတ်နိုင်ငံများမှ တင်သွင်းခဲ့တယ်လို့သိရပါတယ်။



# ဘိလပ်မြေဈေးကွက်အရောင်းသွက်

ဧပြီလ ၉ ရက်မှ ၁၅ ရက် အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ ဘိလပ်မြေတန်ချိန် အဝင်မရှိခဲ့ဘူးလို့ သိရပါတယ်။ ဧပြီလ ၁၅ ရက်မှ ၂၁ရက်အထိ နယ်စပ်လမ်းမှဘိလပ်မြေအဝင်မှာတန်ချိန်၁၆၁၉၀ကျော်ရှိခဲ့ပြီးယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၃၃၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၇၁၆၀ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှ ဘိလပ်မြေအဝင်မရှိသလို နယ်စပ်လမ်းမှလည်းဘိလပ်မြေ အဝင်လျော့ခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ**ဒီရက်ပိုင်းဘိလပ်မြေ အရောင်းအဝယ်ပိုသွက်လာတယ်။ ဘိလပ်မြေဈေးကတော့ဆင်(ထိုင်း)နဲ့ စိန်ကဈေးငြိမ်နေပြီး မော်လမြိုင်ဆင်က ဈေးနည်းနည်းမြင့်လာတယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင် ဈေးမှာ ဆင်(ထိုင်း)ကျပ် ၅၅၀၀၊ စိန်(ထိုင်း) ကျပ်၅၇၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၆၀၀၊ ကြံ့ခိုင်နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၂၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ**အရောင်းအဝယ်ပုံမှန်ရှိပြီးဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ဆင် (ထိုင်း) ကျပ် ၆၇၀၀၊ အပါချီ(ထိုင်း)ကျပ် ၅၀၅၀ ၊ ကြံ့ ကျပ် ၅၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** တည်ဆောက်ရေးလုပ်ငန်းများကြောင့် အရောင်းအဝယ်သွက်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဒီတစ်ပတ်ကြံ့(မြိုင်ကလေး) ကျပ်၅၀ ဈေးမြင့်ခဲ့ပြီး ဆင်၊ စိန်နဲ့ မြန်မာဆင်ကယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ကျပ်၅၅၅၀၊ စိန်(ထိုင်း) ကျပ် ၅၅၅၀၊ ကြံ့(မြိုင်ကလေး) ကျပ်၄၉၀၀၊ မြန်မာဆင် ကျပ် ၅၀၅၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်နည်းနည်း ကောင်းလာတယ်။ဒါပေမယ့်ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၂၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၅၀၀၊ ကမ္ဘောဇ ကျပ် ၄၆၀၀၊ နဂါးကျပ် ၄၉၀၀၊ ဆင်(ထိုင်း) ကျပ် ၆၆၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# ယခင်တစ်ပတ်ထက် မြေသြဇာအဝင်လျော့

ဧပြီလ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၁၇၇၉၃၀ တန်ဖိုးရှိ မြေသြဇာတန်ချိန် ၇၁၃၀ ဒသမ ၆၅တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၅၃၈ တန်၊ ဂျပန်နိုင်ငံမှ ၁၂တန်၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၂၁၇၁ ဒသမ ၅၅ တန်၊ ထိုင်းနိုင်ငံမှ ၄၁၉၉ ဒသမ ၁၀တန်နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၁၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ်က တင်သွင်းခဲ့တဲ့တန်ချိန် ၁၆၈၀၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၉၆၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ အမိုးနီးယမ်းဆာလဖိတ်၊ ယူရီးယား၊ ဩဂဲနစ်နဲ့ ကွန်ပေါင်းတို့ ဖြစ်တယ်လို့ သိရပါတယ်။

# ရန်ကုန်မြေသြဇာဈေးကွက် အရောင်းပုံမှန်ရှိ

ဧပြီလ ၉ ရက်မှ ၁၅ ရက် အထိသီတင်းတစ်ပတ်အတွင်း ပြည်တွင်းသို့ရေလမ်းမှ မြေသြဇာ တန်ချိန် ၇၁၃၀ ကျော် အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တန်ချိန် ၁၆၈၀၀ကျော် ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၉၆၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ယခုတစ်ပတ် နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၅၆၈၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၁၂၆၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၇၀၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မြေသြဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ မကွေး ၊ ရန်ကုန်နဲ့ တောင်ကြီးမှာ အရောင်းအေးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ကွန်ပေါင်းက ကျပ်၅၀၀ ဈေးကျခဲ့ပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၁၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၄၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၂၉၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၁၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ယူရီးယားနဲ့ပိုတက်က အရောင်းနည်းနည်းလိုက်တယ်။ ဒါပေမယ့် မြေသြဇာဈေးကငြိမ်နေတယ်လို့ စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀၊ ပိုတက်(အိန္ဒိယ) ကျပ် ၂၃၅၀၀၊ ကွန်ပေါင်း ၁၅ ပတ်လည် ကျပ် ၃၇၇၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ**ပြောင်းစိုက်ခင်းအတွက် ပုလဲမြေသြဇာသာ အရောင်းအဝယ်ဖြစ်တယ်။မြေသြဇာဈေးကတော့ ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၁၅၀၀ ၊ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၂၅၀၀ ၊ ပိုးသတ်ဆေး ကျပ် ၁၉၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၅၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၃၅၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၁၈၀၀၀ ၊ မြွေးကမ္ဘာကျပ် ၁၅၄၀၀ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

## နို့ဆီ /နို့မှုန့်

# နို့ဆီနဲ့ နို့မှုန့်အဝင်လျော့

ဧပြီလ ၉ ရက်မှ ၁၅ ရက် အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၀၃၈၂၈ တန်ဖိုးရှိ နို့ဆီ ၂၁၈ ဒသမ ၈၈တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းကြောင်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်တင်သွင်းခဲ့တဲ့ တံဆိပ်မှာ အိုကေတံဆိပ်နို့ဆီ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၁၂၈၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန်၁၀၆၀ ကျော်တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ နို့မှုန့်က ဒီတစ်ပတ်မှာ နယ်သာလန်နိုင်ငံမှ သုည ဒသမ ၄၂၈ တန်၊ နယူးဇီလန် နိုင်ငံမှ ၈ ဒသမ ၅၅၈ တန်၊ စင်ကာပူနိုင်ငံမှ ၆ ဒသမ ၆၅၇ တန်၊ စပိန်နိုင်ငံမှ သုည ဒသမ ၁၀၂ တန် နဲ့ ဗီယက်နမ်နိုင်ငံမှ ၇ ဒသမ ၉၁၄ တန် ၊ စုစုပေါင်း ၂၃ ဒသမ ၆၅၉ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၁၇၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၄၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ၂၅၆၁၆ တန်ဖိုးရှိနို့ဆီ ၂၇ ဒသမ ၅၃၇ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်မှာ** ပဲ၊ နှမ်းစိုက်ခင်းအတွက် အရောင်းအဝယ် နည်းနည်းကောင်းပြီး ဈေးက သိပ်အပြောင်းအလဲမရှိကြောင်း သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြွားကမ္ဘာ ၁၂း၁၃ (အပြာ) ကျပ် ၁၆၀၀၀ ၊ ဆင် ၁၀း၁၀း၅ ကျပ်၁၅၅၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၆၀၀၀၊ အာမို ၁၅ပတ်လည် ကျပ် ၃၇၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၃၀၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်)ကျပ် ၂၂၀၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၂၀၂၀၀၊ တောင် သူမ ကျပ် ၁၅၀၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၄ မှ ၂၁/၄ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၈/၄ မှ ၁၄/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၄.၅၀ | ၃၈၇.၅၀ | (-) | ၃၅၃.၀၀ |
| ၂။ | လွယ်ဂျယ် | ၃၂၂.၅၀ | ၅၇၅.၀၀ | (-) | ၂၅၂.၅၀ |
| ၃။ | ချင်းရွှေဟော် | - | ၅၁.၅၀ | (-) | ၅၁.၅၀ |
| ၄။ | ကန်ပိုက်တီ | ၂၅၄၁.၅၀ | ၄၀၃၁.၅၀ | (-) | ၁၄၉၀.၀၀ |
| ၅။ | တာချီလိတ် | ၇၅၀၀.၀၀ | ၂၀၀၀.၀၀ | (+) | ၅၅၀၀.၀၀ |
| ၆။ | မြဝတီ | ၃၃၆.၂၀ | ၆၂.၀၀ | (+) | ၂၇၄.၂၀ |
| ၇။ | ကော့သောင်း | ၅၃၅၀.၀၀ | ၁၃၀၇၂.၁၅ | (-) | ၇၇၂၂.၁၅ |
| ၈။ | မြိတ် | ၁၁၀.၀၀ | ၃၁၈၂.၅၀ | (-) | ၃၀၇၂.၅၀ |
| | စုစုပေါင်း | ၁၆၁၉၄.၇၀ | ၂၃၃၆၂.၁၅ | (-) | ၇၁၆၇.၄၅ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၄ မှ ၂၁/၄ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၈/၄ မှ ၁၄/၄ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၆၂၇.၀၀၀ | ၉၄၀၅.၂၅ | (-) | ၅၇၇၈.၂၅၀ |
| ၂။ | လွယ်ဂျယ် | - | ၂၆.၀၀ | (-) | ၂၆.၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၄၂၃.၅၀၀ | ၁၈၁.၀၀ | (+) | ၂၄၂.၅၀၀ |
| ၄။ | ကန်ပိုက်တီး | - | ၁၆၅.၀၀ | (-) | ၁၆၅.၀၀၀ |
| ၅။ | မြဝတီ | ၄၁၄.၀၀၀ | ၁၁၁၃.၄၀ | (-) | ၆၉၉.၄၀၀ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | ၂၂၅.၀၀၀ | - | (+) | ၂၂၅.၀၀၀ |
| ၈။ | ရိုဒ် | ၁၀၀၀.၀၀ | ၁၈၀၀.၀၀ | (-) | ၈၀၀.၀၀၀ |
| | စုစုပေါင်း | ၅၆၈၉.၅၀၀ | ၁၂၆၉၀.၆၅ | (-) | ၇၀၀၁.၁၅၀ |

ခင်မိုးသူ

## နှမ်း

# ပြည်နှမ်းဈေးကွက်တွင် လှောင်နှမ်းများကြောင့် အရောင်းအဝယ်ဖြစ်

ယခု တစ်ပတ်အတွင်း ပြည်ဈေးကွက်သို့ နှမ်းဝင်ရောက်မှု နည်းသွားသဖြင့် ယခင်ဝယ်ယူထားသော လှောင်နှမ်းများ ဖြင့်သာ ရောင်းဝယ်လျက် ရှိပါတယ်။ မန္တလေးဝယ်လက်များက ဝယ်ယူမှုရှိသဖြင့် တစ်နေ့လျှင် အိတ် ၄၀၀-၅၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မိုးနှမ်းများ စိုက်ပျိုးချိန် ဖြစ်၍ မျိုးနှမ်းများဝယ်ယူနေတာတွေ့ရပါတယ်။ ယခုတစ်ပတ်နှမ်းဈေးမှာ နှမ်းနီတစ်တင်းလျှင်ကျပ် ၃၀၀၀၀၊ နှမ်းနက်ရိုးရိုး တစ်တင်းလျှင် ကျပ် ၃၁၆၀၀ နှင့် စမုံနက်နှမ်း တစ်တင်းလျှင် ကျပ် ၄၁၆၀၀ ကျပ်ဖြင့် ဈေးဖွင့်ပြီး ရောင်းဝယ်လျက်ရှိပါတယ်။ ယခင်နှစ်ကာလတူက နှမ်းနီ တစ်တင်းလျှင် ကျပ် ၂၃၀၀၀၊ နှမ်းနက် ရိုးရိုး တစ်တင်းလျှင် ကျပ် ၃၃၀၀၀ နှင့် စမုံနက်နှမ်း တစ်တင်းလျှင် ကျပ် ၅၃၀၀၀ ဈေး ဖြစ် ခဲ့လို့ ယခင်နှစ်ဈေးနှင့် နှိုင်းယှဉ်လျှင် နှမ်းနီ တစ်မျိုးသာဈေးမြင့်ပြီး နှမ်းနက်နှင့်စမုံနက်ဈေးမှာ ယခင်နှစ်ဈေးကို မမီတာတွေ့ရပါတယ်။ **ဝေဝေမင်း**

# ချင်းရွှေဟော်မှ နှမ်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဧပြီ ၁၅ ရက်မှ ၂၁ရက်အတွင်း အမေရိကန်ဒေါ်လာ ၂၆၆၅၀ တန်ဖိုးရှိ နှမ်းနက်တန်ချိန် ၂၀ ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ နှမ်းနက် ၂၂၈ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၂၀၈ တန်ကျော် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

နှမ်းတင်ပို့မှုမရှိပေမယ့် မူဆယ်ကုန်စည်ဒိုင်မှာ ဧပြီ ၁၅ ရက်မှ ၂၁ ရက် သီတင်းပတ်အတွင်း နှမ်းဖြူတစ်တန်ကို ၁၃၂၃၀၇၇ ကျပ်နဲ့ နှမ်းနက်တစ်တန်ကို ၂၀၉၂၃၀၈ ကျပ်ဈေးဖြင့် ယခင်သီတင်းပတ်ဈေးအတိုင်း ပြောင်းလဲမှုမရှိဘူးလို့ သိရပါတယ်။ နှမ်းများကို တပေါင်းလတွင် စိုက်ပျိုးပြီး နယုန်လနဲ့ဝါဆိုလတွင် ရိတ်သိမ်းကြကြောင်း၊ နှမ်းကောင်းပါက တစ်ဧကလျှင် ၁၅ တင်းကျော်ထွက်ကြောင်း၊ တန်ခူးလတွင် မိုးရွာလိုက်တဲ့အတွက် ကဆုန်၊ နယုန်လမှာလည်း မိုးနှစ်မိုး မိရုံဖြင့် နှမ်းအထွက်နှုန်း ကောင်းနိုင်ကြောင်း အမရပူရမှ နှမ်းစိုက်တောင်သူတစ်ဦးက ပြောပါတယ်။ **မော်မော်အောင်**

## စားအုန်းဆီ

# ပဲပုပ်ဆီဈေးမြင့်တက်မှုနှင့် စားအုန်းဆီထုတ်လုပ်မှု ကျဆင်းမည်ဟု ခန့်မှန်းချက်တို့ကြောင့် စားအုန်းဆီဈေးမြင့်တက်

ပဲပုပ်ဆီ ဈေးနှုန်းများ မြင့်တက်မှုနှင့် စားအုန်းဆီဈေးမှာလည်း ကျဆင်းနေရာမှ ပြန်လည်မြင့်တက်ရန် အားယူနေပြီဟု ရင်းနှီးမြှုပ်နှံသူတို့က ခန့်မှန်းချက်ကြောင့် မလေးရှား စားအုန်းဆီ ကြိုရောင်းဈေးသည် စောစောပိုင်းက ကျဆင်းနေရာမှ ဧပြီ ၂၆ ရက်တွင် ပြန်လည်ဦးမော့လာကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

စားအုန်းဆီထုတ်လုပ်မှု အခြေအနေက မူလခန့်မှန်းချက်အောက် ကျဆင်းခဲ့ခြင်းကလည်း ဈေးကွက်ပြန်လည်နာလန်ထူစေရန်အတွက် အထောက်အကူ ဖြစ်စေခဲ့ကြောင်း ကုန်သည်များက ပြောသည်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivative Exchange) တွင် ဇူလိုင်အတွက် ချုပ်ဆိုသော စားအုန်းဆီ ကြိုတင်ရောင်းဈေး၏ အခြေခံစံထားဈေးနှုန်းမှာ ဧပြီ ၂၆ ရက်က တစ်တန်ကို ၂၅၁၄ ရင်းဂစ်( အမေရိကန်ဒေါ်လာ ၅၇၈ ဒသမ ၄၆ ) နှုန်းရှိခဲ့သည့်အတွက် နေ့အလိုက် နှိုင်းယှဉ်ပါက ၁ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ဧပြီ ၂၆ ရက်က တစ်ရက်အတွင်း ရောင်းချရသော ပမာဏမှာ ၂၅ တန်ရှိ အတွဲပေါင်း ၅၅၈၈၈ တွဲအထိ ရှိခဲ့သည်။

“ ရင်းဂစ်တန်ဖိုး မြင့်တက်နေပေမယ့် ချီကာဂို ကုန်သွယ်ရေးဘုတ်အဖွဲ့မှာ ပဲပုပ်ဆီဈေးနှုန်း မြင့်တက်မှုကို အမှီပြုပြီး စားအုန်းဆီဈေးကွက်လည်း မြင့်တက်ခဲ့ပါတယ်” ဟု ရင်းဂစ်တန်ဖိုး မြင့်တက်မှုကြောင့် စောစောပိုင်းက စားအုန်းဆီဈေးနှုန်းကျဆင်းခဲ့သည်ကို ရည်ညွှန်း၍ ကွာလာလမ်ပူရှိ ကြိုရောင်းကြိုဝယ်ကုန်သည်တစ်ဦးက ပြောသည်။

စားအုန်းဆီရောင်းဝယ်ရာတွင် အသုံးပြုသော ရင်းဂစ်တန်ဖိုးမှာ ဒေါ်လာနှင့် ဖလှယ်ရာတွင် သုညဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ရာမှ ငါးလအတွင်း အမြင့်ဆုံး နှုန်းသို့ ရောက်ရှိခဲ့သည်။ ထုံးစံအားဖြင့် ရင်းဂစ်တန်ဖိုးမြင့်တက်ပါက နိုင်ငံခြားငွေကြေးဖြင့်ဖလှယ်၍ ဝယ်ယူရသူများအတွက် စားအုန်းဆီ ဈေးကြီးတတ်ကြသည်။

ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှု၏ ၈၀ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးလျက်ရှိသော အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့၏ ထုတ်လုပ်မှုမှာ ရာသီအလိုက် အနေအထားအရ သော်လည်းကောင်း၊ သီးနှံဖျက်ဆီးတတ်သော အယ်လ်နီညို ရာသီဥတုတွင် သဏ္ဌာန်များ ကျဆင်းသွားသောကြောင့်သော်လည်းကောင်း လာမည့်လများတွင် မြင့်တက်မည်ဟု ခန့်မှန်းရသည်။



စားအုန်းဆီဈေးမှာ အမြင့်ဆုံးအားဖြင့် တစ်တန်ကို ၂၅၄၂ ရင်းဂစ်အထိ ရောက်နိုင်ကြောင်း၊ ရိုက်တာသတင်းဌာနမှကုန်စည်နှင့် စွမ်းအင်လေ့လာဆန်းစစ်ရေးမှူး ဝမ်တောင်းက ပြောသည်။

ပဲပုပ်ဆီဈေးကိုကြည့်ပါက အမေရိကန်နိုင်ငံ ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့တွင် သုညဒသမ ၆ ရာခိုင်နှုန်းကျဆင်းပြီး တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် စက်တင်ဘာအတွက် ပဲပုပ်ဆီ ကြိုရောင်းဈေးမှာ သုညဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၇-၄-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၅၀ | ၁၉၅၀ | □ |
| ရန်ကုန် | ၄၆၀၀ | ၄၆၀၀ | □ | ၃၃၀၀ | ၃၃၀၀ | □ | ၁၇၆၅ | ၁၇၆၅ | □ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၇၅၀ | ၁၇၅၀ | □ |
| ပဲခူး | ၄၀၀၀ | ၄၀၀၀ | □ | ၄၇၀၀ | ၄၇၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မကွေး | ၄၄၀၀ | ၄၀၀၀ | ▽ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၁၇၅၀ | ▽ |
| မုံရွာ | ၄၁၀၀ | ၄၀၀၀ | ▽ | ၃၇၀၀ | ၃၆၀၀ | ▽ | ၂၁၅၀ | ၁၇၆၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၂၀၀ | ၂၃၀၀ | △ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၇-၃-၂၀၁၇ US$/Ton

| အမျိုးအစား | ဧပြီဒုတိယပတ် | ဧပြီတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၇၁.၅၀ | ၆၆၀.၀၀ | ▽ |
| RBD P.Olein | ၆၇၉.၀၀ | ၆၆၄.၅၀ | ▽ |
| RBD P.Stearin | ၆၀၆.၅၀ | ၅၇၅.၅၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၈-၄-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၇၅.၄၆ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၁၀ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၉၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၈၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၇၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၆.၀၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၀.၆၀ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၆ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၂၅.၀၆ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၈-၄-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၁၀ဒေါ်လာနှင့် USD ဈေး ၁၃၅၈ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၈-၄-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၅၈ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

## ၂၀၁၆ခုနှစ်အတွက် UNCTAD မှပြုစုထားသော ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံနှင့်

# ပတ်သက်သော အစီရင်ခံစာအကြောင်းသိကောင်းစရာ

|WTO|




ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအား ခွဲခြားသတ်မှတ်ရာတွင် ပထဝီအနေအထား၊ ဖွဲ့စည်းတည်ဆောက်ပုံတို့ အပေါ်တွင်မူတည်၍ ခွဲခြားသတ်မှတ်ထားပြီး မြန်မာနိုင်ငံသည် အာရှ၏ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံအပါအဝင်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံမှ ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ် ပြောင်းလဲရန်အတွက် ကြိုးပမ်းသောအဆင့်တွင် ၂၀၁၇ ခုနှစ် မှ ၂၀၂၄ ခုနှစ်အထိ ကာလအတွင်းသတ်မှတ်လျာထားသော နိုင်ငံပေါင်း ၁၈ နိုင်ငံရှိပြီး မြန်မာနိုင်ငံလည်း ပါဝင်ကြောင်း ၂၀၁၆ ခုနှစ်အတွက် UNCTAD မှ ပြုစုထားသော ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံနှင့် ပတ်သက်သော အစီရင်ခံစာတွင် ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် ၂၀၂၅ ခုနှစ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ သတ်မှတ်လျာထားသော နိုင်ငံပေါင်း ၃၂ နိုင်ငံရှိကြောင်း သိရှိရပါသည်။

၂၀၁၆ ခုနှစ်တွင် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံ ၄၈ နိုင်ငံရှိသည့်အနက် အာရှဒေသရှိ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများမှာ -မြန်မာနိုင်ငံအပါအဝင် အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ကမ္ဘောဒီးယား၊ လာအို၊ နီပေါနှင့် ယီမင်နိုင်ငံတို့ ဖြစ်ကြောင်း၊ ၂၀၁၇-၂၀၂၄ ကာလအတွင်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရန် ခန့်မှန်းထားသည့် နိုင်ငံများမှာ-မြန်မာနိုင်ငံအပါအဝင် အာဖဂန်နစ္စတန်၊ အင်ဂိုလာ၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ဂျီဘူတီ၊ အီကွေတိုရီယယ်ဂီနီ၊ကီရီဘာတီ၊ လာအို၊ နီပေါ၊ ဆာအိုတိုမေအန်(န်)ပရင်စီပေ (အာဖရိက အလယ်ပိုင်းနိုင်ငံ )၊ ဆော်လမွန် ကျွန်းစု၊ တီမော၊ ကူဗာလူ၊ ဗင်နွာတူနှင့် ယီမင်နိုင်ငံတို့ဖြစ်ပါကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားပါသည်။

UNCTAD အနေဖြင့် ၂၀၁၃ မှ ၂၀၁၅ ခုနှစ်အထိ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများမှ ကုန်စည်နှင့် ဝန်ဆောင်မှု ပို့ကုန် စုစုပေါင်း၏ အနည်းဆုံး ၄၅ ရာခိုင်နှုန်းအား အဓိကပို့ကုန် အမျိုးအစားခြောက်မျိုးဖြင့် နိုင်ငံ၏တိုးတက်မှုအား ခွဲခြားသတ်မှတ်ထားပြီး ၎င်းပို့ကုန်အမျိုးအစား ခြောက်မျိုးမှာ လယ်ယာထွက်ကုန်နှင့်စားသောက်ကုန် တင်ပို့သူ၊ လောင်စာတင်ပို့သူ၊ ထုတ်ကုန်များ တင်ပို့သူ၊ သတ္တုတွင်းထွက်ပစ္စည်းများ တင်ပို့သူ၊ ဝန်ဆောင်မှု တင်ပို့သူစသည်တို့ဖြစ်ကြောင်း ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် Mixed exporters အုပ်စုတွင် ထည့်သွင်းဖော်ပြထားပြီး UNCTAD ၏ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံစာရင်းမှ လွတ်မြောက်မှု ခန့်မှန်းချက်တွင် ပါဝင်စေနိုင်မည့် ကြီးပွား တိုးတက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုနည်းလမ်းများနှင့်ပတ်သက်၍ အလေးထားဖော်ပြထားကြောင်း တွေ့ရှိရသည့်အပြင်၊ ၂၀၁၄ခုနှစ်တွင် တရားဝင်ဖွံ့ဖြိုးတိုးတက်မှုအကူအညီ (ODA) အများဆုံးရရှိသည့် ရှစ်နိုင်ငံမှာ အာဖဂန်နစ္စတန်၊ အီသီယိုးပီးယား၊ တောင်ပိုင်း ဆူဒန်၊ တန်ဇန်နီးယား၊ မိုဇမ်ဘစ်၊ ဘင်္ဂလားဒေ့ရှ်၊ ကွန်ဂိုနှင့် မြန်မာတို့ဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အတွင်း နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ သိသာစွာ တိုးတက်လာသည့် နိုင်ငံများမှာ အင်ဂိုလာ (+၃၅၁ဒသမ ၇ရာခိုင်နှုန်း)၊ မြန်မာ (+၁၉၈ ဒသမ၄ရာခိုင်နှုန်း)၊ လိုက်ဘေးရီးယား (+၈၅ဒသမ၁ရာခိုင်နှုန်း)၊ နီပေါ (+၇၃ဒသမ၈ရာခိုင်နှုန်း) နှင့် လာအို (+၆၉ဒသမ၂ရာခိုင်နှုန်း) ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

အချို့သော နိုင်ငံများအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့် LDC မှလွတ်မြောက်နိုင်ရေးအတွက် graduation. ဖြစ်ရန် လုပ်ငန်းစဉ်အပေါ် အထောက်အကူပြုစေရေး ရည်ရွယ်၍ Institution တည်ထောင်ခြင်းကို ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် အဆိုပါလုပ်ငန်းစဉ်များတွင် ဒုတိယသမ္မတ ဦးဆောင်သည့် LDC နိုင်ငံအဆင့်မှ လွတ်မြောက်ရေးအဆင့်မြင့်ကော်မတီ တစ်ရပ်ဖွဲ့စည်းကာ အညွှန်းကိန်းတစ်ခုချင်းအလိုက် သတ်မှတ်ချက်ပြည့်မီရေး ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိပါကြောင်း၊ ကမ္ဘာ့ဘဏ်အုပ်စုမှ ဝင်ငွေအုပ်စုခွဲခြားရာတွင် မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် ဝင်ငွေနိမ့်ကျသည့်နိုင်ငံမှ အလယ်အလတ် ဝင်ငွေနိမ့်ကျသည့် နိုင်ငံအဖြစ်သို့ ပြောင်းလဲတိုးတက်လာပြီဖြစ်ပါကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအနေဖြင့် နိုင်ငံတကာစီးပွားရေးနှင့် ငွေကြေးပျက်ကပ်တွင် စီးပွားရေးတိုးတက်မှု ဆက်တိုက် ကျဆင်းကာ ကုန်စည်စီးဆင်းမှု နည်းပါးလာခဲ့သည်ကို ကြုံတွေ့ခဲ့ရပြီး ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအတွက် စီးပွားရေး လေ့လာသုံးသပ်ချက်အနေဖြင့် နောင်လာမည့် နှစ်နှစ်အတွင်း ကမ္ဘာ့စီးပွားရေးဝန်းကျင်တွင် ပါဝင်လာနိုင်မည့် အခြေအနေမရှိသေးကြောင်း၊ ချေးငွေပမာဏများပြားလာခြင်းနှင့်အတူ နိုင်ငံတကာဈေးကွက်တွင် ပါဝင်ဆောင်ရွက်နိုင်ရန် များစွာ အခက်အခဲများရှိနိုင်ကြောင်းနှင့် အချို့သော ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများသည် ပြည်တွင်းစစ်အခြေအနေများကြောင့် အဘက်ဘက်မှ ကျဆင်းလျက်ရှိပြီး တိုးတက်မှုအလားအလာများ ပျောက်ဆုံးလျက်ရှိပါကြောင်း ဖော်ပြထားပါသည်။

ကမ္ဘာပေါ်တွင် ကုလသမဂ္ဂက သတ်မှတ်ထားသော ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံပေါင်း ၄၈ နိုင်ငံရှိ ပြီးကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် ပါဝင်လျက်ရှိသော ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံပေါင်း ၃၃ နိုင်ငံ ရှိပါသည်။ ၎င်းတို့အနေဖြင့် ကမ္ဘာ့ကုန်သွယ် ရေးအဖွဲ့မှ ချမှတ်ထားသော အထူးနှင့်ကွဲပြားခြားနားသော အခွင့်အရေး (Special and Differential Treatment) များ ရရှိခံစားလျက်ရှိပါသည်။

ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံများအနေဖြင့် မိမိနိုင်ငံ၏ တိုးတက်မှုအဆင့်အတန်းအား မြှင့်တင်၍တစ်ဆင့်မြင့်သော ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်ရောက်ရှိနိုင်ရေးအတွက် ကြိုးစားနိုင်သည့် အခွင့်အရေးများရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးရာကိစ္စရပ်များရှိ တိုးတက်မှုများအပေါ် တားဆီးနိုင်မှု မရှိစေနိုင်ရန်အတွက် နိုင်ငံတကာ အဖွဲ့အစည်းများက အထူးနိုင်ငံတကာ အထောက်အပံ့ပေးရေးအစီအမံများဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအား အဓိက သက်ရောက်မှုရှိနေသော အကြောင်းသုံးရပ်ရှိပြီး ၎င်းတို့မှာ - ဆင်းရဲနွမ်းပါးမှုကိုကြာရှည်စွာ ခံစားနေရခြင်း၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မှုအပေါ်တွင်သာ မှီခိုနေရခြင်းနှင့် ပို့ကုန်တိုးမြှင့်၍ဈေးကွက်ရရှိနိုင်ရေးအတွက် ပြည်တွင်းထုတ်လုပ်နိုင်မှု နည်းပါးနေခြင်း စသည့်အကြောင်းအရင်းများ ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများအနေဖြင့်တစ်ဆင့်တိုးမြှင့်ဆောင်ရွက်ခြင်းအဆင့်တွင် ဖွဲ့စည်းပုံအဆင့်ဆင့် ပြောင်းလဲတိုးတက်လာခြင်း၊ ထုတ်လုပ်နိုင်မှု စွမ်းဆောင်ရည် တိုးတက်လာနိုင်မှုအတွက် ပူးပေါင်းဆောင်ရွက်နိုင်ခြင်းတို့အပေါ်တွင် ကျယ်ကျယ်ပြန့်ပြန့် ရေရှည်ဆောင်ရွက်ရမည့် နည်းလမ်းတစ်ခုအနေဖြင့် သုံးသပ်ရမည်ဖြစ်ပါကြောင်း ဖော်ပြပါရှိပါသည်။

တစ်ဆင့် တိုးမြှင့်ဆောင်ရွက်ခြင်းအဆင့်တွင် မူဝါဒ ဖွံ့ဖြိုးတိုးတက်မှု ကော်မတီက သုံးနှစ်တစ်ကြိမ် လေ့လာဆန်းစစ်မှု နှစ်ကြိမ်ပြုလုပ်ရမည်ဖြစ်ပြီး စံနှုန်းသတ်မှတ်ချက်သုံးခု (Gross National Income, the Human Assets index, Economic Vulnerability index ) အနက်မှ အနည်းဆုံးနှစ်ခုဖြင့် ကိုက်ညီဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ တစ်ဆင့်တိုးမြှင့်ဆောင်ရွက်ခြင်းအဆင့်တွင် နိုင်ငံအလိုက် လုပ်ဆောင်မှုများ ကွဲပြားခြားနား နိုင်ကြောင်းနှင့် ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်သို့ တိုးတက် ပြောင်းလဲနိုင်ရန်အတွက် ဖွံ့ဖြိုးရေး မူဝါဒကော်မတီ (Committee for Development Policy - CDP )၊ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ (United Nations Economic and Social Council - ECOSOC)နှင့်အထွေထွေကောင်စီ၏ ဆုံးဖြတ်ချက်များသည်အရေးပါဆုံးဖြစ်ပါကြောင်း၊ နိုင်ငံတကာမှ အထောက်အပံ့ပေးရေး အစီအမံများမှာ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအား ဈေးကွက် အောင်မြင်မှုအပေါ် အဓိကထားပြီး နည်းပညာအကူအညီပေးရေးအစီအမံများအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Enhanced Integrated Framework - EIF အစီအစဉ်ဖြင့် ကူညီထောက်ပံ့လျက်ရှိပါကြောင်း၊ တစ်ဆင့်တိုးမြှင့်ဆောင်ရွက်ခြင်းအဆင့်တွင် တွေ့ကြုံရမည့် စိန်ခေါ်မှုများ ရှိပါကြောင်းနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အစီရင်ခံစာတွင် အသေးစိတ်ဖော်ပြထားကြောင်း သိရှိရပါသည်။

အဆိုပါ အစီရင်ခံစာတွင် အခန်း ၅ ခန်း ပါဝင်ပြီး ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ လက်ရှိကြုံတွေ့နေရသော အခက်အခဲများ၊ အားနည်းချက်များနှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် လိုက်ပါဆောင်ရွက်ရမည့်အချက်များအပါအဝင် တစ်ဆင့်တိုးမြှင့်ဆောင်ရွက်ခြင်းအဆင့်တွင် ထိထိရောက်ရောက် ဆောင်ရွက်ရမည့် အစီအမံများကိုပါ အခန်းလိုက် သုံးသပ်ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင် ပထမအကြိမ် သုံးသပ်တင်ပြချက် (triennial review) ဆောင်ရွက်နိုင်မည်ဆိုပါက ၂၀၂၁ ခုနှစ်တွင် graduated country အဖြစ် ပြောင်းလဲတိုးတက်နိုင်လိမ့်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်သည့်အားလျော်စွာ နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေး တို့တွင် နိုင်ငံ၏တက်နိုင်သည့်အနေအထားနှင့် နိုင်ငံတကာမှ ပံ့ပိုးပေးလျက်ရှိသော အကူအညီများအား အချိုးညီမျှတစွာစိစစ်အသုံးချရန် လိုအပ်ပြီး မိမိနိုင်ငံ၏အဆင့်အတန်းကို တစ်ဆင့် တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် UNCTAD မှ သတ်မှတ်ထားသော စံနှုန်းများ ပြည့်မီရေးအား ထိထိရောက်ရောက်ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဆိုပါက အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာနိုင်ကြောင်း ဖော်ပြထားကြောင်း ဖော်ပြထားရှိပါသည်။

❑

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အငြိမ်းစားဝန်ထမ်းများအတွက် အသက်အာမခံထောက်ပံ့ရေးစီမံချက်ကို ဟောင်ကောင်အစိုးရက လာမည့်နှစ်တွင်စတင်မည်

အသက် ၆၅ နှစ်နှင့်အထက် နိုင်ငံသား အငြိမ်းစား ဝန်ထမ်းများအား ကူညီရန် အနည်းဆုံး ဟောင်ကောင်ဒေါ်လာ ၅၀၀၀၀မှ အများဆုံး တစ်သန်းအထိ တစ်လုံးတစ်ခဲတည်း အာမခံကြေးနှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုမှ လစဉ်ပုံမှန်ပြန်လည်ရရှိစေနိုင်မည့် ဟောင်ကောင် အပေါင်စာချုပ်ကော်ပိုရေးရှင်း၏ အသက်အာမခံ ထောက်ပံ့ရေးစီမံချက်အား မူအားဖြင့် အတည်ပြုချက်ရရှိခဲ့သည်။

အဆိုပါစီမံချက်၏ အရင်းပြန်ရချက်နှုန်းမှာ သုံးရာခိုင်နှုန်းမှ လေးရာခိုင်နှုန်းအကြား ခန့်မှန်းထားကြောင်း ဟောင်ကောင်အပေါင် စာချုပ်ကော်ပိုရေးရှင်းဥက္ကဋ္ဌဖြစ်သည့် ဘဏ္ဍာရေးအတွင်းဝန်က ပြောကြားခဲ့သည်။ အဆိုပါစီမံချက်အား ဆွဲဆောင်မှုရှိ၍ တည်ငြိမ်မှုရှိသောရင်းနှီးမြှုပ်နှံမှုထုတ်ကုန်အတွက် ဈေးကွက်လိုအပ်ချက်အား ပြည့်မီရန် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အသက် ၆၅ နှစ်ရှိသော အမျိုးသားများအတွက် ဟောင်ကောင်ဒေါ်လာ တစ်သန်း ရင်းနှီးမြှုပ်နှံပါကတစ်နှစ်လျှင် ဟောင်ကောင် ဒေါ်လာ ၇၀၀၀၀ (သို့မဟုတ်) တစ်လလျှင် ဟောင်ကောင်ဒေါ်လာ ၅၈၀၀ခန့်ရရှိနိုင်မည်ဖြစ်သည်။

အမျိုးသမီးများ၏ သက်တမ်းများမှာ အမျိုးသားများအတွက် ပိုမိုရှည်လျားသည့်အတွက် အမျိုးသမီးများအတွက် တစ်လလျှင်ဟောင်ကောင် ဒေါ်လာ ၄၅၀၀မှ ၅၃၀၀အတွင်းသာ ရရှိနိုင်မည်ဟု ခန့်မှန်းကြောင်း ပြောကြားခဲ့သည်။

ထောက်ပံ့ကြေးလျှောက်ထားလိုသူတစ်ဦးချင်းစီအတွက် အနည်းဆုံး အာမခံထည့်ဝင်ကြေး ၅၀၀၀၀မှ အများဆုံးတစ်သန်းအထိခွင့်ပြုထားပြီး၊ စီမံချက်အနေဖြင့် ရန်ပုံငွေပမာဏ ၁၀ ဘီလီယံအထိ လက်ခံဆောင်ရွက်သွားမည်ဖြစ်သည်။ စီမံချက်မှရရှိသောရန်ပုံငွေများအား ဟောင်ကောင် ငွေကြေးအာဏာပိုင်အဖွဲ့၏ Exchange Fund တွင် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး ဟောင်ကောင် အပေါင် စာချုပ်ကော်ပိုရေးရှင်းမှ ပုံသေလစဉ် ပြန်ရချက်အား အာမခံသွားမည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ၎င်းတို့ရင်းနှီးငွေအားပြန်လည် ထုတ်ယူလိုပါကပြန်လည်ထုတ်ယူခွင့်ပြုမည်ဖြစ်သည်။ သေဆုံးသွားသူများအတွက် ပရီမီယံကြေး၏ ၁၀၅ ရာခိုင်နှုန်းကို ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။ ၎င်းစီမံချက်အား ၂၀၁၈ ခုနှစ်၊ နှစ်လည်ပိုင်းတွင် စတင်ရန် ရည်ရွယ်ထားပြီး အသေးစိတ် အချက်အလက်များအား ဇွန်လကုန်တွင် ထုတ်ပြန်သွားမည်ဖြစ်သည်။ iBonds နှင့် ဘဏ်အပ်ငွေများမှရရှိ သောအတိုးနှုန်းများကဲ့သို့ တည်ငြိမ်သောပုံမှန်ဝင်ငွေအတွက် အခြားရွေးချယ်စရာများနှင့်နှိုင်းယှဉ်ပါက ယခုစီမံချက်မှာ ပိုမိုဆွဲဆောင်မှုအားကောင်းသောရင်းနှီးမြှုပ်နှံမှုလက်နက်တစ်ခုဖြစ်ကြောင်းပြောကြားခဲ့သည်။

စီမံချက်အနေဖြင့် ရင်းနှီးမြှုပ်နှံသူများ၏ သက်တမ်းကိုကာမိစေရန် ရည်ရွယ်ကြောင်း၊ ပိုမိုအသက်ရှည်လေလေ အကျိုးကျေးဇူးပိုမိုရရှိလေဖြစ်ကြောင်း စီမံချက်မှာ ဟောင်ကောင်ဒေါ်လာ တစ်သန်းရှိပြီး မည်ကဲ့သို့ရင်းနှီးမြှုပ်နှံရမည်ကိုမသိသော သက်ကြီးရွယ်အိုများအတွက် ဆွဲဆောင်မှုရှိသောစီမံချက်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

## အာဆီယံဒေသတွင်း၌ ထိုင်းနိုင်ငံရှိ CRC Sports ကုမ္ပဏီက ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည်

ထိုင်းနိုင်ငံတွင် အားကစားပစ္စည်းအမျိုးမျိုးရောင်းချသည့် CRC Sports ကုမ္ပဏီ သည် ၂၀၂၀ ခုနှစ်တွင် အာဆီယံဒေသတွင်း၌ အားကစားပစ္စည်းအမျိုးမျိုးရောင်းချသည့် အကြီးဆုံးကုမ္ပဏီဖြစ်လာရန်နှင့် ကမ္ဘာ့ထိပ်တန်းကုမ္ပဏီ ၅၀ စာရင်းတွင် ဝင်ရောက်နိုင်သည်အထိ မျှော်မှန်းဆောင်ရွက်လျက်ရှိပါသည်။

CRC Sports ကုမ္ပဏီသည် ထိုင်းနိုင်ငံအပြင် ဗီယက်နမ်နိုင်ငံတွင်လည်း အရောင်းဆိုင်များ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ခြင်းကို ၂၀၂၀ခုနှစ်အတွင်း ဆောင်ရွက်ရာ၌ စီးပွားရေးအခွင့်အလမ်းကောင်းများရှိသည့် ကမ္ဘောဒီးယားနိုင်ငံနှင့်မြန်မာနိုင်ငံတို့တွင်လည်း ရင်းနှီးမြှုပ်နှံမည် ဖြစ်ပါသည်။ CRC Sportsသည် ထိုင်းနိုင်ငံတွင် အားကစားပစ္စည်းများရောင်းချသည့် အကြီးဆုံးကုမ္ပဏီတစ်ခုဖြစ်ပြီး အာဆီယံဒေသတွင် အင်ဒိုနီးရှားနိုင်ငံ ရှိ Mitra Adiperkasa ပြီးနောက် ဒုတိယအကြီးဆုံးကုမ္ပဏီနှင့် ကမ္ဘာ့အဆင့် ၅၉ ရှိပါသည်။

CRCသည် ရှေ့လာမည့်လေးနှစ် အတွင်း ပြည်တွင်း၌ လုပ်ငန်းတိုးချဲ့ရန်အတွက် ဘတ်သန်း ၄၀၀ ကို ရင်းနှီး မြှုပ်နှံရန်နှင့် ယခုနှစ်အတွင်း ပြည်တွင်းရှိ အရောင်းဆိုင်ခွဲများကို ပြန်လည်ပြင်ဆင်ရန်နှင့် အရောင်းဆိုင်အသစ် ၂၉ ဆိုင်ကို ဖွင့်လှစ်ရန်အတွက် ဘတ်သန်း၄၀၀ ကို သုံးစွဲရန် လျာထားပါသည်။ ထို့အပြင် ယခုနှစ်အတွင်း Online ရောင်းချမှုကိုလည်း တိုးချဲ့လုပ်ကိုင်မည်ဖြစ်ပါသည်။

ယခုနှစ်ကုန်တွင် ပြည်တွင်း၌ အရောင်းဆိုင်ခွဲပေါင်း ၁၇၈ဆိုင် ဖွင့်လှစ်ရန်နှင့် ၂၀၂၀ ခုနှစ်တွင် အရောင်းဆိုင်ခွဲပေါင်း ၂၅၀ ဆိုင်အထိ ဖွင့်လှစ်နိုင် ရန် မျှော်မှန်းထားပါသည်။ ဗီယက်နမ် အားကစားပစ္စည်းဈေးကွက်၏ တိုးတက်မည့်အလားအလာကောင်းများကြောင့် ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်တိုးချဲ့မည်ဖြစ်ရာ ဗီယက်နမ်နိုင်ငံတွင် ယခုနှစ်ကုန်၌အရောင်းဆိုင်ခွဲပေါင်း ၄၃ ဆိုင်ထိတိုးချဲ့ဖွင့်လှစ်ရန်နှင့် ၂၀၂၀ ခုနှစ်တွင် ဆိုင်ခွဲပေါင်း ၁၀၀ ထိ ရောက်ရှိရန် မျှော်မှန်းထားပါသည်။

ကုမ္ပဏီ၏အရောင်းတန်ဖိုးသည် ၂၀၁၆ ခုနှစ်တွင် ဘတ် ၈ ဒသမ ၇၆ ဘီလီယံရှိခဲ့ရာ ၂၀၁၅ ခုနှစ်ထက် ၁၀ ရာခိုင်နှုန်းတိုးတက်မှုရရှိခဲ့ပါသည်။ ဆိုင်များ၌ အများဆုံးရောင်းချရသည့် အားကစားပစ္စည်းသုံးမျိုးမှာ ရှူးဖိနပ်အမျိုးမျိုး၊ အဝတ်အထည်အမျိုးမျိုးနှင့် ဘောလုံးအမျိုးမျိုးတို့ဖြစ်ကြပါသည်။ ယခုနှစ်တွင် အားကစားပစ္စည်းဈေးကွက်တိုးတက်မှုသည် ယခင်နှစ်ထက် ပိုမိုကောင်းမွန်ရန် မျှော်မှန်းထားရာ အရောင်းတန်ဖိုးစုစုပေါင်းဘတ် ၉ ဒသမ ၈ ဘီလီယံရရှိ၍ ၂၀၁၆ ခုနှစ်ထက် ၁၂ ရာခိုင်နှုန်း တိုးတက်မှုရရှိရန် နှင့် ၂၀၂၀ ခုနှစ်တွင် အရောင်းတန်ဖိုး စုစုပေါင်းဘတ် ၁၅ ဒသမ ၅ ဘီလီယံထိ ရရှိရန် မျှော်မှန်းထားပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## ထိုင်းနိုင်ငံရှိ BDC ကုမ္ပဏီက သနပ်ခါးပေါင်ဒါ (Thanaka Powder) ထုတ်လုပ်ရောင်းချမည်

ထိုင်းနိုင်ငံရှိ BDC (British Dispensary Consumer Plc) အများပိုင်ကုမ္ပဏီသည် Snake ကုန်အမှတ်တံဆိပ်ဖြင့် အလှကုန်ပစ္စည်းအသစ်ဖြစ်သည့် သနပ်ခါးပေါင်ဒါ (Thannaka Powder) ကို ယခုနှစ်နွေရာသီတွင် ထုတ်လုပ်ရောင်းချမည်ဖြစ်ပါသည်။

အလှကုန်အသစ်ဖြစ်သော သနပ်ခါးပေါင်ဒါ (Thanaka Powder) ကို ထုတ်လုပ်ရန်အတွက် ထိုင်းဘတ်သန်း ၂၀၀ ကို ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ အထူးသဖြင့် မြန်မာလူမျိုးများသည် မျက်နှာတွင် လိမ်းခြယ်သည့်အလှကုန်ပစ္စည်းအဖြစ် ရှေးနှစ်ပေါင်းများစွာကတည်းက သုံးစွဲလာခဲ့ကြသည့် သဘာဝသနပ်ခါးခေါက်ကို အဓိက ကုန်ကြမ်းအဖြစ်အသုံးပြု၍ ထုတ်လုပ်မည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံရှိ ပေါင်ဒါမှုန့်ဈေးကွက်တန်ဖိုးသည် စုစုပေါင်း ထိုင်းဘတ် နှစ်ဘီလီယံရှိပြီး ကုမ္ပဏီအနေဖြင့် ပြည်တွင်းဈေးကွက်ဝေစု ၂၅ ရာခိုင်နှုန်းရရှိထားရာမှ ၃၀ရာခိုင်နှုန်းသို့ တိုးတက်ရရှိရန်နှင့် သနပ်ခါးပေါင်ဒါကို ထုတ်လုပ်ရောင်းချခြင်းဖြင့် ယခုနှစ်အတွင်း ကုမ္ပဏီ၏ စုစုပေါင်း အရောင်းတန်ဖိုး ဘတ်သန်း ၁၀၀ တိုးတက်ရရှိရန် မျှော်မှန်းထားပါသည်။

အသစ်ထုတ်လုပ်မည့်သနပ်ခါးပေါင်ဒါကို လူအများသိရှိရန်အတွက် သမားရိုးကျကြော်ငြာနည်းလမ်းများကို အသုံးပြုသည့်အပြင် အွန်လိုင်းဆိုရှယ်မီဒီယာ (Social Media) များဖြစ်သော Facebook, You Tube, Instagram များ၌ " to invite people to Tah Na Ka " (a play on " Thanaka ") အစီအစဉ်ဖြင့် ထည့်သွင်းကြော်ငြာ မည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံ၏ ပေါင်ဒါမှုန့်အလှကုန်ဈေးကွက်သည် နှစ်စဉ်တိုးတက်မှုနှုန်း နှစ်ရာခိုင်နှုန်းမှ လေးရာခိုင်နှုန်းသာရှိသော်လည်း ကုမ္ပဏီ၏ နှစ်စဉ်တိုးတက်မှုသည် ၁၀ ရာခိုင်နှုန်းကျော်ရှိကြောင်း တွေ့ရှိ ရပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## ငွေကြေးဆိုင်ရာ ထိန်းချုပ်မှုအား အစိုးရက ရပ်တန့်ခဲ့သည့်အတွက် တရုတ်နိုင်ငံ၏ အရန်နိုင်ငံခြားငွေမြင့်တက်

တရုတ်ပြည်သူ့ဘဏ်မှ ငွေကြေးဆိုင်ရာ ဝင်ရောက်စွက်ဖက်ထိန်းချုပ်မှုအား ရပ်ဆိုင်းခဲ့သည့်အတွက် တရုတ်နိုင်ငံ၏ အရန်နိုင်ငံခြားငွေမှာ ဖေဖော်ဝါရီလ တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၀၅ ထရီလီယံမှ မတ်လကုန်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၀၉ ထရီလီယံထိ မြင့်တက်ခဲ့ပြီး တစ်နှစ်နီးပါးအတွင်း ပထမဆုံးအကြိမ်နှင့်နှစ်လဆက်တိုက် မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ယွမ်ငွေဈေးနှုန်းကျဆင်းမှုကို လျှော့ချရန်နိုင်ငံခြားအရန်ငွေအား ၁၆ လဆက်တိုက်ရောင်းချခဲ့ပြီးနောက် တရုတ်ပြည်သူ့ဘဏ်အနေဖြင့် မတ်လတွင် ငွေကြေးဆိုင်ရာ ထိန်းချုပ်မှု ရပ်တန့်ခဲ့ကြောင်း၊ တရုတ်စီးပွားရေးပညာရှင်တစ်ဦးက ပြောကြားခဲ့သည်။

ယမန်နှစ်နောက်ပိုင်းမှစ၍ ကုန်သွယ်မှုဝင်ငွေရရှိရန် အထောက်အကူဖြစ်ခဲ့သည့်ဘဏ်များ၏ အသားတင်နိုင်ငံခြားငွေ ရောင်းချမှုနှင့် အသားတင်နိုင်ငံခြားငွေ နယ်စပ်ဖြတ်ကျော်ပေးချေမှုများမှာ မတ်လတွင် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလထက် ကျဆင်းမှုများခဲ့ပြီး လစဉ်ပြည်ပနိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလည်း သိသိသာသာကျဆင်းခဲ့သည်။နိုင်ငံခြားငွေကြေးဖြင့် ထုတ်ဝေသော ချေးငွေစာချုပ်များကြောင့် လွန်ခဲ့သော နှစ်လအတွင်း တရုတ်ကော်ပိုရိတ်လုပ်ငန်းများတွင် အလျင်အမြန် အကျိုးရရှိစေခဲ့သည်။

ပြည်ပသို့ရင်းနှီးငွေ စီးထွက်မှုနှေးကွေးစေရန်အတွက် အချက်နှစ်ချက်မှာ အရေးကြီးကြောင်း၊ ပထမတစ်ချက်မှာ ဗဟိုအစိုးရအနေဖြင့် ငွေအရင်းအနှီး ထိန်းချုပ်မှုအား ယမန်နှစ်ဒုတိယနှစ်ဝက်မှစ၍ ပြင်းပြင်းထန်ထန် တင်းကျပ်ခဲ့သည့်အတွက်ဖြစ်ကြောင်း၊ ဒုတိယအချက်မှာ ဒေါ်လာငွေကြေးအားပျော့မှုကြောင့် ရင်းနှီးငွေစီးထွက်မှု နှေးကွေးစေရန် အထောက်အပံ့ဖြစ်စေခဲ့ကြောင်း၊ သိသာထင်ရှားသည့် နောက်ဆက်တွဲမေးခွန်းမှာ တာဝန်ရှိသူများအနေဖြင့် ငွေကြေးဆိုင်ရာ ဝင်ရောက်စွက်ဖက်ထိန်းချုပ်မှုကို ရပ်တန့်ခြင်းမှာ ယာယီရပ်ဆိုင်းခြင်း(သို့မဟုတ်) အချိန်ကြာ ကြာရပ်ဆိုင်းခြင်းလော ဆိုသည့်မေးခွန်းပင်ဖြစ်ကြောင်း၊ ယခုနှစ်နှစ်စပိုင်းမှစ၍ ယွမ်တန်ဖိုးမှာ အမေရိကန်ဒေါ်လာနှင့်ယှဉ်လျှင်သုည ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၈–၄–၂၀၁၇)

ဇော်ဝင်း

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးတက်

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်း ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ မတ်လနောက်ဆုံးပတ်က အစေ့ထုတ်ပြောင်း ၅၀ ကီလိုတစ်အိတ်ကို ၆၄ ယွမ်မှ ၆၈ ယွမ် ဈေးသာ ရှိခဲ့သော်လည်း ယခုတစ်ပတ်မှာ ၅၀ ကီလိုတစ်အိတ်ကို ၆၈ ယွမ်မှ ၇၅ ယွမ် (တစ်တန်ကိုယွမ် ၁၃၆၀ မှ ယွမ် ၁၅၀၀) ထိ ဈေးမြင့်ခဲ့ပါတယ်။အရောင်းအဝယ်ဖြစ်မှုအနေနဲ့ မတ်လ နောက်ဆုံးပတ်မှာ တစ်ဖက်နိုင်ငံသို့ တန်ချိန် ၂၂၄၀၀ တင်ပို့ နိုင်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တန်ချိန် ၁၅၀၀၀ ကျော်သာ တင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။ သယ်ယူပို့ဆောင်ရေးစရိတ်ကားခအနေနဲ့ ပြောင်းတစ်ပိဿာကို မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အထိ လားရှိုးမှ ၃၈ ကျပ်၊ ကျောက်မဲမှ ၄၂ ကျပ်၊ သီပေါမှ ၄၄ ကျပ်၊ နောင်ချိုမှ ၅၄ ကျပ်ရှိကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးတက်ပြီး အရောင်းအဝယ်သွက်

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးမြင့်တက်ခဲ့သလို အရောင်းအဝယ်လည်း သွက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပြောင်းဈေး တစ်ပိဿာကျပ် ၃၃၀ သာရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၃၅၀ (တစ်တန် ၂၁၄၃၃၆ ကျပ်) ထိ ဈေးမြင့် အရောင်းအဝယ် ဖွင့်ခဲ့ပါတယ်။ အရောင်း အဝယ်ဖြစ်မှုအနေနဲ့ မတ်လနောက်ဆုံးပတ်က ပိဿာချိန် ၂၇၃၁၃၁၀ ရှိခဲ့ပေမယ့်ယခုတစ်ပတ်မှာ ပိဿာချိန် ၃၂၆၉၀၀၀ ကျော်ရှိခဲ့တာကြောင့် ဈေးနှုန်းမြင့်ခဲ့သလို အရောင်းအဝယ်လည်း သွက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးတက်

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးတက်ခဲ့ပါတယ်။ ပြောင်းဈေးအနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာ ၂၈၅ ကျပ် သာရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၃၃၀ (တစ်တန် ၂၀၂၀၈၀ ကျပ်) ထိ ဈေးမြင့်တက်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ မတ်လနောက်ဆုံးပတ်မှာ ပိဿာချိန် ၅၄၀၀၀၀ ကျော် ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ ပိဿာချိန် ၄၈၀၀၀၀ ကျော်သာရှိတာမို့ အရောင်းအဝယ် အနည်းငယ်အေးခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီ ဈေးကျ

ယခုတစ်ပတ် ဘုရင့်နောင် ဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီတို့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ မတ်ပဲ FAQ(RC) က မတ်လနောက် ဆုံးပတ်မှာ တစ်တန်ကျပ် ၁၀၅၂၀၀၀ ၊ ဧပြီလ တတိယပတ်မှာ ကျပ် ၁၀၆၆၀၀၀၊ ယခုတစ်ပတ်မှာ ကျပ် ၁၀၀၄၀၀၀ ဖြစ်ခဲ့တာမို့ ယခင်သီတင်းပတ်များနဲ့ နှိုင်းယှဉ်ပါက ဈေးကျခဲ့ပါတယ်။ အလားတူ မတ်ပဲ SQ(RC) ကလည်းမတ်လ နောက်ဆုံးပတ်က ကျပ် ၁၂၇၀၀၀၀၊ ဧပြီလ တတိယပတ်မှာ ကျပ် ၁၃၃၂၅၀၀၊ ယခု တစ်ပတ်မှာ ကျပ် ၁၂၅၂၀၀၀ ဖြစ်ခဲ့တာမို့ ဈေးကျခဲ့ကြောင်း သိရ ပါတယ်။ ပဲစင်းငုံနီကလည်း မတ်လနောက်ဆုံးပတ်က ကျပ်၇၄၅၀၀၀၊ ဧပြီ တတိယပတ်မှာ ကျပ် ၇၃၀၀၀၀၊ ယခုတစ်ပတ်မှာ ကျပ် ၆၈၇၅၀၀ ဖြစ်ခဲ့တာကြောင့် ယခင်သီတင်းပတ်များနဲ့ နှိုင်းယှဉ်ပါက မတ်ပဲနဲ့ ပဲစင်းငုံတို့ ဈေးနှုန်းကျဆင်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးကျ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၇၂၅ ကျပ် ဈေးရှိခဲ့တဲ့ မတ်ပဲက ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၆၇၅ ကျပ် (တစ်တန်ကျပ် ၁၀၂၅၇၅၀) နဲ့ ဈေးနိမ့် အရောင်းအဝယ်ဖွင့်ခဲ့ပါတယ်။ မတ်ပဲကို ရန်ကုန် ဝယ်လက်ရော မန္တလေး ဝယ်လက်ပါ ဝယ်ယူမှုမရှိဘဲ မြို့ခံပဲခွဲစက်များကသာ ဝယ်ယူမှုရှိပြီး အရောင်းအဝယ်အေးတာကြောင့် တစ်နေ့ အိတ် ၅၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၁၁၃၅ ကျပ်ရှိခဲ့ရာက ယခုတစ်ပတ်မှာတော့ တစ်ပိဿာကျပ် ၁၀၆၀ (တစ်တန်ကျပ် ၆၄၉၁၃၀ ) နဲ့ ယခင်တစ်ပတ်ထက် ဈေးနိမ့်ခဲ့ပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က ဝယ်ယူမှုမရှိဘဲ လှော်လက်များကသာ ဝယ်ယူမှုရှိတာကြောင့် အရောင်းအဝယ်အေးခဲ့ပြီး အိတ်၁၀၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ ကြောင်းသိရပါတယ်။ ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၂၂၃၇ ကျပ် (တစ်တန်ကျပ် ၁၃၆၉၉၁၀)၊ ကုလားပဲ(ထိုင်ဝမ်) တစ်ပိဿာ ၁၈၉၅ ကျပ် (တစ်တန် ကျပ် ၁၁၆၀၄၇၀) နဲ့ ကုလားပဲဖြူလုံးကြီးကို ရန်ကုန်ဝယ်လက်၊ ကုလားပဲထိုင်ဝမ်ကို မြို့ခံပဲခွဲစက်များက ဝယ်ယူခဲ့ကြကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်းကတော့ တစ်ပိဿာ ၃၇၆ ကျပ် (တစ်တန်ကျပ် ၂၃၀၂၅၀) နဲ့ အသီးသီး အရောင်းအဝယ် ဖြစ် ခဲ့ကြောင်းသိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ မတ်ပဲ ၊ ပဲစင်းငုံနီ ဈေးကျသော်လည်း ပဲတီစိမ်း ဈေးငြိမ်

ယခုတစ်ပတ် မကွေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၇၆၁၀ ကျပ်နဲ့ တက်ရိပ်ပြခဲ့တဲ့ မတ်ပဲဈေးက ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၆၂၅ ကျပ်(တစ်တန်ကျပ် ၉၉၅၁၃၀) ထိ ဈေးကျခဲ့ပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၁၁၂၅ ကျပ် ဈေးရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၁၀၅၀ (တစ်တန်ကျပ် ၆၄၃၀၀၀) ထိ ဈေးကျဆင်းခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်ခဲ့ပြီး တစ်ပိဿာ ကျပ် ၁၅၀၀ ( တစ်တန်ကျပ် ၉၁၈၅၈၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းမျိုးစုံအနေနဲ့ ယခင်တစ်ပတ်ကထက် ဈေးမြင့်ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းဖြူထိပ်စ တစ်ပိဿာ ကျပ် ၂၂၉၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၄၀၀(တစ်တန်ကျပ် ၁၄၆၉၇၃၀) ၊ ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၇၃၅ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၈၄၅ ကျပ် (တစ်တန်ကျပ် ၁၇၄၂၂၄၀) နဲ့ အသီးသီး ဈေးမြင့် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ အရောင်းအဝယ် ဖြစ်မှုအနေနဲ့ နှမ်းနက်စမုံကို မန္တလေး ဝယ်လက်နဲ့ နှမ်းဖြူထိပ်စကို မြို့ခံနှမ်းလှော် လုပ်ငန်းရှင်များက ဝယ်ယူခဲ့ကြပြီး နှမ်းမျိုးစုံ တစ်နေ့ အိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေး ဈေးကွက်မှာ ပဲတီစိမ်းရွှေဝါ ဈေးတက် မတ်ပဲဈေးကျ

ယခုတစ်ပတ်မန္တလေးဈေးကွက်မှာ ပဲတီစိမ်းရွှေဝါ ဈေးတက်လာခဲ့ပေမယ့် မတ်ပဲဈေးကတော့ ဆက်လက်ကျဆင်းခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း ရွှေဝါဈေးကျခဲ့ပြီး တစ်ပိဿာ ၁၈၄၉ ကျပ်သာ ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၀၀၉ ကျပ်(တစ်တန်ကျပ် ၁၂၃၀၂၉၀) ထိ ပြန်လည်ဈေးမြင့်လာခဲ့ပါတယ်။ ပဲတီစိမ်း ရွှေဝါကို တရုတ်ဝယ်လက်က ပုံမှန်ဝယ်ယူတာကြောင့် တစ်နေ့ အိတ် ၁၀၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၇၁၇ ကျပ်ထိ ဈေးကျခဲ့တဲ့ မတ်ပဲက ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၆၆၇ ကျပ် ( တစ်တန်ကျပ် ၁၀၂၀၈၅၀) ထိဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ မတ်ပဲကို ရန်ကုန်ဝယ်လက်နဲ့ မြို့ခံ ပဲခွဲစက်များက ဝယ်လိုအားနည်းတာကြောင့် တစ်နေ့ကို အိတ် ၂၀၀ မှ ၂၅၀ ကြားသာ အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ တစ်ပိဿာ ၁၀၅၃ ကျပ် (တစ်တန် ကျပ် ၆၄၄၈၄၀) နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံဈေးကွက်ကတော့ နှမ်းနက်စမုံဈေး တက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ကျပ် ၂၈၀၀ ထိ ဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၉၇၈ ကျပ်၊ တစ်တန် ကျပ် ၁၈၂၃၆၉၀ ထိ ပြန်လည် ဈေးမြင့်ခဲ့ပြီး နှမ်းဖြူထိပ်စက ယခင်တစ်ပတ်ဈေးအတိုင်း အပြောင်းအလဲမရှိ ဈေးငြိမ်နေကာ တစ်ပိဿာ ၂၃၁၁ ကျပ် (တစ်တန် ကျပ် ၁၄၁၅၂၃၀) နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းနက်ရိုးရိုးကတော့ တစ်ပိဿာ ၂၃၃၃ ကျပ် (တစ်တန် ကျပ် ၁၄၂၈၇၀၀) နဲ့ နှမ်းမျိုးစုံ တစ်နေ့ အိတ် ၁၄၀၀ ခန့် အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ သိပ္ပံနှမ်းနက် ဈေးတက် နှမ်းနီ၊ နှမ်းနက်ဈေးငြိမ်

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ နှမ်းမျိုးစုံအနက် သိပ္ပံနှမ်းနက် ပြန်လည်ဈေးမြင့်လာကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က သိပ္ပံနှမ်းနက် တစ်ပိဿာကျပ် ၂၇၈၀ ထိ ဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၈၂၂ ကျပ် (တစ်တန်ကျပ် ၁၇၂၈၁၆၀) ထိ ပြန်လည်ဈေးမြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းနီ၊ နှမ်းနက် တို့က ယခင်တစ်ပတ် ဈေးအတိုင်း ဈေးငြိမ်နေခဲ့ပြီး နှမ်းနီတစ်ပိဿာ ၁၉၃၅ ကျပ် (တစ်တန် ကျပ် ၁၁၈၄၉၇၀)၊ နှမ်းနက် တစ်ပိဿာ ၂၂၂၂ ကျပ် (တစ်တန် ကျပ် ၁၃၆၀၇၃၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရ ပါတယ်။ ပဲသီးနှံအနေနဲ့ ပဲတီစိမ်းဈေးငြိမ်နေခဲ့ပေမယ့် ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်ထက် ဈေးကျဆင်းခဲ့ပါတယ်။

ပဲတီစိမ်းက ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာ ၁၅၇၅ ကျပ် (တစ်တန်ကျပ် ၉၆၄၅၁၀)နဲ့ ပဲစင်းငုံနီက ယခင်တစ်ပတ်က တစ်ပိဿာ ၁၁၃၅ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၁၀၅၀ (တစ်တန်ကျပ် ၆၄၃၀၀၀) နဲ့ ဈေးနိမ့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနဲ့ ပဲတီစိမ်းကို ဝယ်ဈေးဖွင့်ခဲ့ပေမယ့် ရောင်းသူများဘက်မှ ဝယ်ဈေးကို မကြိုက်တဲ့အတွက် အရောင်းအဝယ်မရှိကြောင်း သိရပါတယ်။ ကုလားပဲ ဟော်လန်က တစ်ပိဿာ ကျပ် ၁၉၅၀( တစ်တန်ကျပ် ၁၁၉၄၁၆၀) နဲ့ မြို့ခံပဲခွဲစက်များက တစ်နေ့ အိတ်၁၅၀ ခန့် ဝယ်ယူခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတ ဈေးကွက်မှာ မတ်ပဲအရောင်းအဝယ်သွက်

ဒီတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲ အရောင်းအဝယ် သွက်ခဲ့ကြောင်း သိရပါတယ်။ မတ်လနောက်ဆုံးပတ်က မတ်ပဲ တစ်ပိဿာ ကျပ် ၁၇၂၅ ထိဈေးရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၆၅၀ ကျပ် ( တစ်တန်ကျပ် ၁၀၁၀၄၄၀)နဲ့ ဈေး နိမ့်ခဲ့ပေမယ့် ရန်ကုန်ဝယ်လက်က ဝယ်လိုအားများခဲ့ပြီး တစ်နေ့ကို အိတ် ၄၀၀၀ မှ ၅၀၀၀ ထိ အရောင်းအဝယ် ဖြစ်ခဲ့တာကြောင့် အရောင်းအဝယ်သွက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

# အမျိုးသား ပို့ကုန်မဟာဗျူဟာတွင် အရေးပါလာတော့မည့် ကြယ်ပဲ

|လှစိုး - ကျိုင်းတုံ|

**မူရင်းဒေသ**

ကြယ်ပဲ (Sacha Inchi ) ၏ မူလစိုက်ပျိုးရာဒေသမှာ တောင်အမေရိကတိုက်၊ ပီရူးနိုင်ငံရှိ အမေဇုန်တောထဲတွင် အလေ့ကျ ပေါက်ရောက်သော နှစ်ရှည်ဆီထွက်သီးနှံ နွယ်ပင်တစ်မျိုးဖြစ်ပါသည်။ အာရှတိုက်တွင်မူ တရုတ်နိုင်ငံမှ ပထမဆုံးစတင်စိုက်ပျိုးခဲ့ပြီးနောက်ပိုင်း အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံအထိ ပျံ့နှံ့ရောက်ရှိလာခဲ့ပါသည်။

**စိုက်ပျိုးမှုနည်းစနစ်**

ကြယ်ပဲသည် အော်ဂဲနစ်သီးနှံဖြစ်ပြီး စိုက်ပျိုးရာတွင် ပင်လယ်ရေမျက်နှာပြင် မီတာ ၂၀၀၀ အမြင့်ပေတွင် စိုက်ပျိုးနိုင်ပြီး တစ်နှစ်ပတ်လုံး မိုးရေချိန် ၈၅၀ မှ မီလီမီတာ ၁၀၀၀ (လက်မ ၂၀၀) ကျော်၊ အနိမ့်ဆုံး အပူချိန် ၁၀ ဒီဂရီစင်တီဂရိတ်မှ ၃၆ ဒီဂရီစင်တီဂရိတ်အထိ ခံနိုင်ရည်ရှိသော်လည်း ပျမ်းမျှအပူချိန် ၂၆ ဒီဂရီစင်တီဂရိတ်ရှိရန် လိုအပ်ပါသည်။ နုန်းတင်မြေနုပါမကျန် စိုက်ပျိုးနိုင်၍ ရေကြိုက်သောအပင် ဖြစ်သော်လည်း ရေဝပ်ခြင်း၊ မိုးများခြင်း၊ အအေးဓာတ် လွန်ကဲခြင်းတို့ကို မနှစ်သက်သော အပင်ဖြစ်ပါသည်။ အပူချိန်မြင့်ပါက ပန်းပွင့်မှုနှုန်းကျဆင်းပြီး အသီးအထွက်နှုန်းလည်း ကျဆင်းနိုင်ပါသည်။ စိုထိုင်းဆ ၇၀ ရာခိုင်နှုန်းရှိရန် လိုအပ်ပြီး ခြောက်သွေ့သော ကာလများတွင် ရေပေးသွင်းရန် လိုအပ်မည်ဖြစ်ကာ ခြောက်သွေ့လွန်းသောဒေသမှလွဲ၍ ကျန်ဒေသများတွင် ဖြစ်ထွန်းနိုင်ပါသည်။

သာမန်အားဖြင့် တစ်ဧကစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ် ကျပ် ၅၀၀၀၀၀ ခန့်ရှိပြီး သိပ္ပံနည်းကျ စိုက်ပျိုးမည်ဆိုပါက တစ်ဧက ကျပ် ၁၂၀၀၀၀၀ ခန့် ကုန်ကျမည်ဖြစ်ပါသည်။ ကြယ်ပဲမျိုးစေ့ တစ်ကီလိုလျှင် အစေ့ပေါင်း ၈၀၀မှ ၈၅၀ ရှိပြီး ၁ ဒသမ ၅ ဧက စိုက်ပျိုးနိုင်ပါသည်။ပင်ကြားတန်းကြား ၆ ပေ x ၁၂ ပေ စိုက်ပျိုးပါက အပင် ၆၀၀ ကျော် ဝင်ဆံ့ပြီး ၉ ပေ x ၉ ပေ စိုက်ပျိုးပါက အပင် ၅၂၀ ဝင်ဆံ့ပါသည်။ သို့သော် ပင်ကြားတန်းကြား ၆ ပေ x ၉ ပေ နည်းစနစ်သည် အပင် ၈၀၀ ဝင်ဆံ့၍ အကောင်းဆုံး စိုက်ပျိုးနည်းစနစ် ဖြစ်ပါသည်။ စတင်စိုက်ပျိုးရာတွင် ပျိုးထောင်စိုက်ပျိုးခြင်း၊ အစေ့ချစိုက်ပျိုးခြင်း၊ ကိုင်းပွားစိုက်ပျိုးခြင်း စသည့် စနစ်များဖြင့် စိုက်ပျိုးနိုင်ပြီး မျိုးစေ့ချစိုက်ပျိုးခြင်း သည် ငွေကုန်ကြေးကျသက်သာသော်လည်း ပျိုးထောင်စိုက်ပျိုးခြင်းသည် အကောင်းဆုံးနည်းစနစ် ဖြစ်ပါသည်။ ပျိုးထောင်ချိန် ၁ ဒသမ ၅ လခန့်ကြာလျှင် စိုက်ခင်းသို့ ပြောင်းရွှေ့စိုက်ပျိုးနိုင်ပြီး လေးလ၊ ငါးလခန့်အကြာတွင် အပွင့်ပွင့်၍ အပင်မြင့် ၂ မီတာမှ ၃ မီတာ၊ ခုနစ်လခန့်ကြာသောအခါ အသီးခြောက်များကို ခူးဆွတ်နိုင်ပါသည်။

စိုက်ပျိုးနိုင်သည့် မြေအမျိုးအစားမှာ အလူမီနီယမ်မြေ၊ အက်ဆစ်မြေတို့တွင် ရှင်သန်ကြီးထွားနိုင်ပြီး မြေဆီလွှာစံ ၄ ဒသမ ၆ မှ ၆ ဒသမ ၅ အတွင်း ဖြစ်ထွန်းပါသည်။ အစေ့မှ အပင်ဖြစ်စဉ်နှင့် အသီးသီးသည်အထိ သတ်မှတ်စိုက်ပျိုးရေးနည်းစနစ်များအတိုင်းဆောင်ရွက်ရမည်ဖြစ်ပြီး သဘာဝအော်ဂဲနစ်အဖြစ်သာ စိုက်ပျိုးရမည်ဖြစ်ပါသည်။ သဘာဝပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးများ၊ သဘာဝမြေဩဇာ၊ ဇီဝမြေဩဇာများကို အသုံးပြုရမည်ဖြစ်ပြီး မလွှဲမရှောင်သာမှသာ ဓာတုပိုးသတ်ဆေးကို အသုံးပြုရမည်ဖြစ်ပါသည်။

**တစ်ဧကကုန်ကျစရိတ်နှင့်အကျိုးအမြတ်**

ပျမ်းမျှအပင်တစ်ပင်သည် အစေ့ တစ်ကီလိုမှ ၁ ဒသမ ၅ ကီလို ထွက်ရှိနိုင်ပြီး GAP နည်းစနစ်များအတိုင်း စိုက်ပျိုးမည်ဆိုပါက ပထမနှစ်တွင် အပင်တစ်ပင်မှ ၂ ကီလိုထွက်ရှိပြီး ဒုတိယနှစ်တွင် ၃ ကီလိုမှ ၅ ကီလိုအထိ ထွက်ရှိမည်ဖြစ်ပါသည်။ တစ်ပင်လျှင် ပျမ်းမျှ ၁ ဒသမ ၅ ကီလိုနှုန်းဖြင့် ၁ ဒသမ ၅ တန်မှ ၃ တန်အထိ ထွက်ရှိနိုင်သောကြောင့် ပထမနှစ်တွင် ဝင်ငွေ ကျပ် ၃၀၀၀၀၀၀ ခန့်ရရှိနိုင်ကာ တစ်ဧက အကျိုးအမြတ် ကျပ် ၁၈၀၀၀၀၀ ခန့်ရရှိမည်ဖြစ်ပါသည်။ ပြည်ပဝယ်လိုအားရှိသည့်အတွက် စနစ်တကျ စီးပွားဖြစ်စိုက်ပျိုးပါက အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကြယ်ပဲကို ၂၀၁၄ ခုနှစ်က စတင်စိုက်ပျိုးခဲ့ပြီး ထိုင်းနိုင်ငံမှ မျိုးစေ့ဝယ်ယူစိုက်ပျိုးကြကြောင်း သိရပါသည်။ စစ်ကိုင်း၊ ပြင်ဦးလွင်၊ တောင်တွင်းကြီး၊ သာစည်၊ တိုက်ကြီး၊ အေးသာယာ စသည့် မြို့နယ်များမှာလည်း စိုက်ပျိုးပြီး၊ ရှမ်းပြည်နယ်တစ်ခုလုံးအနေဖြင့် ရှမ်း(မြောက်)တွင် ဧက ၄၀၀ ကျော်၊ ရှမ်း(အရှေ့ပိုင်း)တွင် ဧက ၂၀၀ ခန့် စိုက်ပျိုးထားပါသည်။

**ကျန်းမာရေးနှင့် အာဟာရတန်ဖိုး**

ကြယ်ပဲတွင် ဗီတာမင် (A,B)၊ အိုမီဂါ (3,6,9) တို့ ကြွယ်ဝစွာပါဝင်သော ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်ပါသည်။ ကြယ်ပဲမှထွက်ရှိသော အသီး၊ အရွက်၊ အစေ့တို့တွင် အာဟာရတန်ဖိုးများစွာပါဝင်နေခြင်းကြောင့် အရွက်ကို လက်ဖက်ခြောက်ပြုလုပ်ပြီး လက်ဖက်ရည်ကြမ်းအဖြစ် သောက်သုံးနိုင်သလို အဖန်အရသာကြိုက်ပါက Green Tea ဖြင့်လည်း ရောနှောသောက်သုံးနိုင်ပါသည်။ ၎င်းအပြင် Hot Tea, Ice Tea အဖြစ်နှင့် Ice Tea Jelly အဖြစ်လည်း အစားအစာ အချိုပွဲများပြုလုပ်၍ အသုံးပြုနိုင်ပါသည်။ ကြယ်ပဲရွက်ကို လက်ဖက်ခြောက်ပြုလုပ်ပြီး နေ့စဉ်သောက်သုံးခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများမှာ အရိုး၊ နှလုံးကျန်းမာရေး၊ ကိုယ်အလေးချိန်ထိန်းညှိပေးခြင်း၊ အိုမင်းရင့်ရော်မှုကိုကာကွယ်ပေးခြင်း၊ သွေးတိုး၊ ဆီးချိုနှင့် သွေးထဲမှအဆီများ လျှော့ချပေးနိုင်ခြင်း၊ ကိုယ်ခံစွမ်းအား မြှင့်တင်ပေးနိုင်၍ ကင်ဆာရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း သိရှိရပါသည်။ ပါဝင်သည့် အာဟာရဓာတ်များမှာ ကြယ်ပဲစေ့ ၁၀၀ ဂရမ်တွင် energy-308 Keal, protein-23 gm, Fat-4gm နှင့် Carbohydrate 45gm တို့ပါဝင်သောကြောင့် စားသောက်ကုန် ဆေးဝါးကုန်ကြမ်းနှင့် အလှကုန်ပစ္စည်းများဆိုင်ရာ ဈေးကွက်ဝင်သီးနှံများဖြစ်ပါသည်။ ကြယ်ပဲစေ့တွင် အဓိကထုတ်လုပ်သည့်ကုန်ပစ္စည်းမှာ ကြယ်ပဲဆီဖြစ်ပြီး ပီရူးနိုင်ငံ Inca ဒေသကို အစွဲပြု၍ Inca Oil ဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။ ကြယ်ပဲဆီသည် လူသားတို့အတွက် ကောင်းကျိုးနှင့် ကျန်းမာရေး ဂုဏ်သတ္တိများရှိခြင်းကြောင့် နိုင်ငံတကာမှ အသိအမှတ်ပြုလာခဲ့ပြီး ဈေးကွက်စီးပွားရေးအရလည်း ပိုမိုတိုးချဲ့စိုက်ပျိုးလာကြောင်း သိရှိရပါသည်။

**ဈေးကွက်အလားအလာ**

ကြယ်ပဲသည် အလားအလာကောင်းသောသီးနှံဖြစ်၍ စိုက်ပျိုးနည်းစနစ်များ၊ ဈေးကွက်နှင့် အကျိုးအမြတ်တို့ကို ချိန်ဆ၍စနစ်တကျဖြစ်ထွန်းအောင် စိုက်ပျိုးရန် အရေးကြီးပါသည်။ စပါး၊ ပဲ၊ ပြောင်း၊ နှမ်း စသော မူဝါဒချမှတ်ထားသည့် သီးနှံများကို အားပေးစိုက်ပျိုးရန်လိုအပ်သကဲ့သို့ ရေရှည်တွင် ဘဝမြင့်မား တိုးတက်စေ မည့် စီးပွားရေးဈေးကွက်ဝင် တွက်ခြေကိုက်သည့် သီးနှံများကိုလည်း စိုက်ပျိုးထုတ်လုပ်ရမည် ဖြစ်ခြင်းကြောင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ဝင်ငွေပိုမိုရရှိမည့် သီးနှံတစ်ခုဖြစ်ပါသည်။

**စာမျက်နှာ - ၁၇ သို့**

# အိုင်ယာလန်နိုင်ငံမှ ကဏန်းအရှင်များအား တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့ခွင့်ရရှိ

|ဝင်းပပသူ|

အိုင်ယာလန်နိုင်ငံမှ ကဏန်းအရှင်များအား တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့ခွင့်ရရှိခဲ့ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

ယင်းကဲ့သို့ ပြန်လည်တင်ပို့ခွင့်ရရှိရေးအတွက် တရုတ်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ အိုင်ယာလန်နိုင်ငံသို့ ရောက်ရှိစဉ်အတွင်း အိုင်ယာလန်နိုင်ငံမှ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း၊ ယခုကဲ့သို့ ညှိနှိုင်းနိုင်ခဲ့ခြင်းသည် အိုင်ယာလန်နိုင်ငံ၏ အရေးပါသောခြေလှမ်းသစ်တစ်ရပ်ပင်ဖြစ်ကြောင်း ဧပြီ ၁၃ ရက်က ထုတ်ဖော်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသို့ ကဏန်းအရှင်များ ပြန်လည်တင်ပို့နိုင်ရေးအတွက် ပို့ကုန်သက်သေခံလက်မှတ်ထုတ်ပေးနိုင်ရန် နှစ်နိုင်ငံမှ တာဝန်ရှိသူများက သဘောတူညီခဲ့ကြကြောင်း အိုင်ယာလန်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီး Michael Creed က ပြောကြားခဲ့သည်။

အိုင်ယာလန်နိုင်ငံမှ ကဏန်းအရှင်များကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရန်အတွက် တရုတ်နိုင်ငံ အထွေထွေအုပ်ချုပ်ရေးနှင့် အရည်အသွေး ကြီးကြပ်ရေးဌာန၊ ကူးစက်ရောဂါစစ်ဆေးရေးနှင့် အရည်အသွေး ကြီးကြပ်ကွပ်ကဲရေးဌာနခွဲ (AQSIQ)မှ ကိုယ်စားလှယ်အဖွဲ့သည် အိုင်ယာလန်နိုင်ငံသို့ ဧပြီလ၁၀ ရက်က ရောက်ရှိခဲ့ပြီး ကဏန်းအရှင်များနှင့်ပတ်သက်၍ လေ့လာစုံစမ်းမှုများပြုလုပ်ခဲ့ကြကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထို့ပြင် လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း တရုတ်နိုင်ငံ AQSIQ မှ တာဝန်ရှိသူများနှင့် အိုင်ယာလန်နိုင်ငံ ပင်လယ်ပြင် ငါးဖမ်းမှုကာကွယ်ရေးဆိုင်ရာ အာဏာပိုင်အဖွဲ့ (SFPA) မှ တာဝန်ရှိသူများတွေ့ဆုံ၍ ကဏန်းအရှင်များ တင်ပို့ခြင်းအတွက် သက်သေခံလက်မှတ်ထုတ်ပေးရာတွင် ဖြေရှင်းနိုင်မည့် နည်းစနစ်များနှင့်ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာသဘောတူညီမှုတစ်ရပ်ကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အဆိုပါ သဘောတူညီမှုများသည် အိုင်ယာလန်နိုင်ငံ SFPA မှ တာဝန်ယူ အကောင်အထည်ဖော်သည့် တရုတ်နိုင်ငံသို့ ကဏန်းအရှင်များ တင်ပို့နိုင်ရေးအတွက် အမျိုးသားအဆင့်ကြီးကြပ်ကွပ်ကဲစောင့်ကြည့်ရေး အစီအစဉ်အား အကောင်အထည်ဖော်မှု၏ ခြေလှမ်းများဖြစ်သည်ဟုဆိုသည်။

အိုင်ယာလန်နိုင်ငံမှ ကဏန်းအရှင်များ တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် တရုတ်နိုင်ငံ AQSIQ က ဆက်လက်စောင့်ကြည့်ကြီးကြပ်သွားမည်ဖြစ်ပြီး၊ တရုတ်နိုင်ငံသို့ ပင်လယ်စာကုန်ပစ္စည်းများ တင်ပို့ရာတွင် လိုက်နာရမည့် လိုအပ်ချက်များ၊ ကဏန်းအရှင်တင်ပို့မှု ထောက်ခံချက်အတွက်လိုအပ်ချက်များကို ကဏန်းအရှင်တင်ပို့နေသည့် အိုင်ယာလန် ကုန်သည်လုပ်ငန်းရှင်များနှင့် ကုန်ထုတ်လုပ်မှုဇုန်များသို့ အသိပေးခြင်း ညှိနှိုင်းဆွေးနွေးခြင်းများကို အိုင်ယာလန် (SFPA) က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၀ ခုနှစ်တွင် အိုင်ယာလန်နိုင်ငံအနေဖြင့် တရုတ်ဈေးကွက်သို့ ကဏန်းအရှင်တင်ပို့ခြင်း အရည်အသွေးလုံခြုံစိတ်ချရမှုအား နှစ်နိုင်ငံပူးပေါင်း၍ တင်းကျပ်ဆောင်ရွက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး၊ အိုင်ယာလန်နိုင်ငံမှတင်ပို့သည့် ကဏန်းများတွင် ကက်ဒမီယန်သတ္တု အပြင်းစားများပါဝင်နေမှု အဆင့်မြင့်မားနေကြောင်း ၂၀၁၅ ခုနှစ်တွင် တရုတ်နိုင်ငံက ဖော်ပြရေးသားခဲ့ပါသည်။

ထို့ကြောင့် သတင်းတွင် ဖော်ပြပါရှိချက်များအရ လည်းကောင်း၊ တရုတ်နိုင်ငံသည် မူလကတည်းကပင် ၎င်းနိုင်ငံသို့ တင်ပို့သည့် ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အရည်အသွေးတင်းကျပ်စိစစ်ချက်များအရ လည်းကောင်း၊ မိမိတို့မြန်မာနိုင်ငံမှ ကဏန်းတင်ပို့သူလုပ်ငန်းရှင်များအနေဖြင့်လည်း ပိုမိုအရည်အသွေးကောင်းမွန်သော ကုန်စည်များ ထုတ်လုပ်တင်ပို့နိုင်ရေး၊ အရည်အသွေး စံချိန်စံညွှန်းစစ်ဆေးသည့် ဓာတ်မီကိရိယာ ဓာတ်ခွဲခန်းများဖြင့် အရည်အသွေးပိုင်းအား စိစစ်ကြီးကြပ်ဆောင်ရွက်နိုင်ရေးသည် အနာဂတ်ကာလ ကဏန်းပို့ကုန်ဈေးကွက် နေရာရရှိရေး၊ ဈေးကောင်း ရရှိရေးနှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်မှုရရှိရေးတို့အတွက် လွန်စွာအရေးကြီးကြောင်း တင်ပြလိုက်ရပါသည်။

❑

# ကိုရီးယားနိုင်ငံသို့ တင်သွင်းမည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်ကုန်များ အားလုံးအတွက် ရောဂါပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးမည်

ကိုရီးယား သမ္မတနိုင်ငံမှ စိုက်ပျိုးရေးထွက် ပို့ကုန်များနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်ကုန်များတွင် ရောဂါပိုးမွှားကင်းစင်ရေးဆိုင်ရာ မူဝါဒများနှင့်ပတ်သက်သည့် အစည်းအဝေးအား မတ် ၃၁ ရက်တွင် ဆိုးလ်မြို့၌ ကျင်းပပြုလုပ်ခဲ့ရာ ကိုရီးယားသမ္မတနိုင်ငံ စိုက်ပျိုးရေး၊ အစားအစာနှင့် ကျေးလက်ရေးရာ ဝန်ကြီးဌာန ဝန်ကြီး Mr KIM Jeo-Soo နှင့် အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ တက်ရောက်ခဲ့ကြောင်း သိရပါသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ အစားအစာနှင့် ကျေးလက်ရေးရာဝန် ကြီးဌာန ဝန်ကြီးက ကိုရီးယားနှင့် အာဆီယံနိုင်ငံများကြား ကုန်သွယ်မှု အခြေအနေများကို ဆွေးနွေးခဲ့ရာတွင် အာဆီယံသည် တရုတ်နိုင်ငံပြီးပါက ကိုရီးယား၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၁၁၈ ဒသမ ၈ ဘီလီယံရှိကြောင်း၊ အာဆီယံနိုင်ငံများသို့ ကိုရီးယားနိုင်ငံ၏ နံပါတ်တစ်ပို့ကုန်မှာ စီးကရက်ဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် တင်ပို့မှု ပမာဏအမေရိကန် ဒေါ်လာ ၁၄၄ သန်း ရှိကြောင်း၊ နံပါတ်တစ် သွင်းကုန်မှာ အထပ်သားဖြစ်ပြီး တင်သွင်းမှုပမာဏ အမေရိကန် ဒေါ်လာ ၄၆၉ သန်းရှိကြောင်း သိရှိရပါသည်။

ကိုရီးယားနိုင်ငံသို့ တင်သွင်းမည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်ကုန်များအားလုံးအတွက် ကိုရီးယားနိုင်ငံစိုက်ပျိုးရေး၊ အစားအစာနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးလုံခြုံရေး ဝန်ကြီးဌာနတို့မှ ရောဂါပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးပြီး အတည်ပြုချက်ရရှိမှသာ ဖြန့်ဖြူးခွင့်ရနိုင်မည် ဖြစ်ကြောင်း၊ သွင်းကုန် ရောဂါပိုးမွှားကင်းရှင်းကြောင်းကို ထောက်ခံချက်လက်မှတ် တင်သွင်းစဉ်တွင်ကုန်စည်အပေါ် စစ်ဆေးခြင်းနှင့် ဓာတ်ခွဲခန်းတွင် စစ်ဆေးခြင်း စသည်တို့ကို ဆောင်ရွက်ကြောင်းနှင့် သွင်းကုန်များအတွက် အန္တရာယ်ဖြစ်နိုင်ချေ ဆန်းစစ်မှုကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပြီး တောင်ကိုရီးယားနှင့် ကုန်သွယ်ဖက်နိုင်ငံများမှ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်းတို့ကို ဆွေးနွေးခဲ့ကြောင်း သိရှိရပါ သည်။

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုပြုရာတွင် ကိုရီးယား ပို့ကုန်လုပ်ငန်းရှင်များ ကြုံတွေ့နေရသည့် အခက်အခဲမှာ မြန်မာနိုင်ငံတွင် FDA ထောက်ခံချက် ရရှိရေးအတွက် ဆောင်ရွက်ရာ၌ အခြားနိုင်ငံများထက် အချိန်ပိုမို ကြာမြင့်ခြင်းဖြစ်ကြောင်း၊ ကိုရီးယားနိုင်ငံမှ ဝက်ပေါင်ခြောက်များ တင်သွင်းမှုအတွက် IRA (Import Risk Analysis) လုပ်ငန်းစဉ်အား ပြန်လည်ဆောင်ရွက်ရန်နှင့် Working -Level အစည်းအဝေးကို ကိုရီးယား (သို့မဟုတ်) မြန်မာနိုင်ငံတွင် ကျင်းပနိုင်ရန် မျှော်လင့်ကြောင်း၊ ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေး လုပ်ကိုင်ရန် စိတ်ဝင်စားမှု များပြားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှ တောင်ကိုရီးယားနိုင်ငံသို့ ကော်ဖီစေ့အပါအဝင် အခြားသော စိုက်ပျိုးရေး ထုတ်ကုန်များ ပိုမိုတင်ပို့ရန် အလားအလာ ကောင်းများရှိပြီး အမဲသားကို စည်သွတ်၍ ကိုရီးယားနိုင်ငံသို့ တင်ပို့နိုင်ပါက ဈေးကွက်ပိုမိုရရှိ နိုင်ကြောင်းနှင့် စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုတင်ပို့နိုင်ရေးနှင့် အစားအသောက် များတွင် ရောဂါပိုးမွှား ကင်းစင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ သံရုံး၊ ဆိုးလ်မြို့**
**ဒေါက်တာမျိုးထွန်း(DOT)**

# မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ သုံးဘီးဆိုင်ကယ် အများအပြား တင်သွင်းလျက်ရှိ

မြန်မာနိုင်ငံတွင် ကုန်စည်စီးဆင်းမှု သွက်လက်လာသည်နှင့်အမျှ နယ်စပ်ဒေသများမှ ကုန်ပစ္စည်း တင်သွင်းမှုမှာလည်း ဘဏ္ဍာနှစ် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားတာကို တွေ့ရမှာဖြစ်ပါတယ်။ လူသုံးကုန်ပစ္စည်းများ တင်သွင်းရာမှာ ယာဉ်နှင့် စက်ကိရိယာပစ္စည်းများကိုပါ တင်သွင်းလျက်ရှိနေပါတယ်။ မြန်မာနိုင်ငံရဲ့ မြို့ငယ်လေးတွေမှာ ယနေ့ထက်တိုင် အသုံးဝင်နေဆဲဖြစ်တဲ့ သုံးဘီးဆိုင်ကယ်များကိုလည်း တရုတ်နိုင်ငံမှတစ်ဆင့် တင်သွင်းလျက်ရှိပါတယ်။



သုံးဘီးဆိုင်ကယ်ဟာ အရွယ်သေးငယ်ပေမယ့် တစ်နိုင်တစ်ပိုင် ကုန်စည်ပို့ဆောင်ရာမှာ လွယ်ကူလျက်ရှိတဲ့အတွက် အသုံးများနေတာ ဖြစ်ပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံထုတ် သုံးဘီးဆိုင်ကယ်များကို မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တင်သွင်းရောင်းချနေကြတာ ဖြစ်ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရဲ့ ကုန်သွယ်မှုတွင် သုံးဘီးဆိုင်ကယ်စီးရေ ၈၄၆၉ စီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၂၅၉ သန်း တင်သွင်းခဲ့ပြီး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁၁၃၅၂ စီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၄ဒသမ ၂၅၆ သန်း တင်သွင်းခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလ ၂၅ ရက်အထိ သုံးဘီး ဆိုင်ကယ်စီးရေ ၇၂၀ စီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၈၈၁ သန်း တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။

ဧပြီလအတွင်း တင်သွင်းခဲ့တဲ့ သုံးဘီးဆိုင်ကယ် ကုန်အမှတ်တံဆိပ် (Brand) များအနေဖြင့် Honlei (Lifan)၊ Lifan၊ Dongben၊ UKN liba၊ Xin Li Fu၊ Super Nifan Power (SNFP)၊ JRC၊ Skygo၊ King Elephant၊ Sky Dragon၊ Higo၊ Zongshen၊ LLA၊ Zonlon၊ Dayang, Nulang, Kiwisiky တို့ ဖြစ်ပါတယ်။ Lifan နှင့် JRC (Brand) များမှာ လူကြိုက်များကြောင်း သိရပါတယ်။ အင်ဂျင်ပါဝါအနေဖြင့် 110CC၊ 125CC၊ 150CC၊ 175CC၊ 200CC၊ 250CC၊ 300CC တို့ ဖြစ်ပါတယ်။ အင်ဂျင်ပါဝါ 200CC နှင့် 250CC တို့မှာ အသုံးများကြောင်း သိရပါတယ်။ သုံးဘီးဆိုင်ကယ်၏ ကိုယ်ထည်အရွယ်အစားမှာ အလျား ၁၂ ပေ ၁၀ လက်မ၊ အကျယ် လေးပေ ခုနစ်လက်မ၊ အမြင့် လေးပေ သုံးလက်မ ဝန်းကျင် ဖြစ်ပါတယ်။

မန္တလေးမြို့ အရောင်းဆိုင်များတွင် သုံးဘီးဆိုင်ကယ် ရောင်းဈေးများမှာ 110 CC ကို ကျပ် ၁၁ သိန်း၊ 125CC နှင့် 150 CC ကို ကျပ် ၁၃ သိန်း၊ 200CC ကို ကျပ် ၁၇ သိန်း၊ 250CC ကို ကျပ် ၁၉ သိန်းနှင့် 300CC ကိုကျပ် ၂၁ သိန်းရှိကြောင်း သိရပြီး အရစ်ကျ စနစ်ဖြင့် ဝယ်ယူမည်ဆိုပါက ကျပ်နှစ်သိန်းဈေးပိုကြောင်း သိရပါတယ်။ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် ပြည်တွင်းဈေးကွက်လိုအပ်ချက်အရ သုံးဘီးဆိုင်ကယ်များ ဆက်လက်တင်သွင်းလျက်ရှိကြောင်း သတင်းရရှိပါတယ်။

**အောင်ဇော်မင်းဒင်၊ ကသရ(မူဆယ်)**

# ထိုင်းနယ်စပ်မှ ရေထွက်ပို့ကုန်များ ပိုမိုတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ ဧပြီလ ၁၅ ရက်မှ ၂၁ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၈၀ သန်းတန်ဖိုးရှိ ရေထွက်ပို့ကုန် ၅၀၈၅ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၄၇၃ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၆၁၂ တန် ပိုမိုတင်ပို့နိုင်တယ်လို့ သိရပါတယ်။

ဤကဲ့သို့ ပိုမိုတင်ပို့နိုင်ခြင်းမှာ ယခုတစ်ပတ်တွင် မြဝတီ ကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန်များ တင်ပို့မှုလျော့နည်းခဲ့ ပေမယ့် မြိတ်ကုန်သွယ်ရေးစခန်းနဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းတို့မှ ရေထွက်ကုန်များ ပိုမိုတင်ပို့ခဲ့တဲ့အတွက် ဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅၃ သန်း တန်ဖိုးရှိ ငါး မျိုးစုံ၊ ကဏန်း ၄၆ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၆၀ သန်းတန်ဖိုးရှိငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ သဲကဏန်းတို့ကို ၁၅၇၈ တန်နဲ့ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၆၇ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ ရေဘဝဲ၊ ပင်လယ်ငါးရှဉ့် ၃၄၆၀ တန်တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# သကြင်္န်လွန်ကာလ မူဆယ်မှ ရေထွက်ကုန် လျော့နည်းတင်ပို့

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဧပြီ ၁၅ ရက်မှ ၂၁ ရက်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၉၁၁ သန်း တန်ဖိုးရှိ ရေထွက်ကုန် တန် ၄၃၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အမေရိကန် ဒေါ်လာ ၁ ဒသမ ၇၃၉ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၆၁၉ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ သုည ဒသမ ၈၂၈ သန်း၊ တန်ချိန်အားဖြင့် ၁၁၈၉ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ငါးခြောက်၊ ငါးလေးခြောက်၊ ကင်းမွန်ခြောက်၊ ငါးစီဖောင်း၊ ငါးဆားနယ်နဲ့ ငါးမျိုးစုံ တင်ပို့မှု လျော့နည်းခဲ့တာကြောင့် ရေထွက်ကုန်တင်ပို့မှု လျော့နည်းရတာ ဖြစ်ကြောင်း၊ တစ်ဖက်တရုတ်နိုင်ငံမှာ ငါးရှဉ့်ဈေးရော၊ ကဏန်းဈေးပါ ယခင်တစ်ပတ်ဈေးအတိုင်း ပြောင်းလဲမှုမရှိကြောင်း မူဆယ်ရေထွက်ကုန်ဒိုင်မှ သိရပါတယ်။ **မော်မော်အောင်**

# ထိုင်းနိုင်ငံ၏ ကုန်စည်ကုန်သွယ်ရေး တိုးတက်မှုမှာ ကာလတိုအတွက်သာ ဖြစ်နိုင်

| နှစ်နိုင်ငံ |

ထိုင်းနိုင်ငံတွင် ၂၀၁၇ ခုနှစ်၊ ပထမသုံးလပတ်အတွင်း ပို့ကုန်တိုးမြင့် တင်ပို့နိုင်မှုမှာ ကာလတိုအတွက်သာဖြစ်နိုင်ပြီး တစ်နှစ်ပတ်လုံးအပေါ် ၁ ဒသမ ၅ ရာခိုင်နှုန်းသာ တိုးတက်နိုင်မည်ဟု ခန့်မှန်းကြောင်း၊ အမေရိကန်၏ ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒကို စိုးရိမ်၍သာ ပထမသုံးလပတ်အတွင်းတင်ပို့မှု တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း Siam Commercial Bank သုတေသနဌာနက ပြောကြားခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ မတ်လတွင် အစိုးရ၏ လျာထားချက်ဖြစ်သော ပို့ကုန်တိုးတက်မှုနှုန်းငါးရာခိုင်နှုန်းကို ကျော်လွန်အောင်ဆောင်ရွက်နိုင်ခဲ့သည့်ရလဒ်မှာ ထိုင်းနိုင်ငံ၊ ပို့ကုန်လုပ်ငန်းရှင်များအတွက် မျှော်လင့်ချက် ဖြစ်စေခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

Siam Commercial Bank ၏ Economic Intelligence Center (EIC) မှ ယခုတစ်နှစ်ပတ်လုံးအတွက် ကုန်စည်တင်ပို့မှု တိုးတက်နှုန်း ၁ ဒသမ ၅ ရာခိုင်နှုန်းသာ ခန့်မှန်းကြောင်း ပထမသုံးလပတ် တိုးတက်မှုမြင့်မားခဲ့ခြင်းမှာ ကာလတိုအတွက်သာ ဖြစ်နိုင်ကြောင်း၊ လျှပ်စစ်ပစ္စည်းထုတ်ကုန်များအပေါ် အမေရိကန် ဝယ်လိုအားမြင့်တက်ခဲ့သဖြင့် ပုံမှန်မဟုတ်သော တိုးတက်မှုကိုဖြစ်ပေါ်ခဲ့ကြောင်း၊ အမေရိကန်နိုင်ငံသို့လျှပ်စစ်ပစ္စည်းတင်ပို့မှုအပေါ် အမေရိကန်အစိုးရကတားမြစ်မည်ဟု တွက်ဆပြီး အမြန်တင်သွင်းကြခြင်းကြောင့်ဖြစ်ကြောင်း သုံးသပ်ခဲ့ပါသည်။

ဥပမာအားဖြင့် တရုတ်နိုင်ငံမှ လျှပ်စစ်ပစ္စည်းပေးသွင်းသူများအနေဖြင့် ကုန်သွယ်ရေးတားမြစ်ခြင်း အမိန့်မထုတ်ပြန်မီ အလောတကြီးတင်သွင်းခဲ့ကြသည့် အခြေအနေမျိုးနှင့်တူကြောင်း၊ အမေရိကန်မှ ကုန်သွယ်ရေး တားမြစ် ခြင်းကြောင့် ဒုတိယသုံးလပတ်တွင် ပို့ကုန်တင်ပို့မှု ကျဆင်းသွားနိုင်ကြောင်း ပြောကြားခဲ့ပါသည်။ သုတေသနဌာနအနေဖြင့် ဒုတိယသုံးလပတ်တွင် ပို့ကုန်တိုးတက်မှု ၂ ဒသမ ၉ ရာခိုင်နှုန်း၊ တတိယ သုံးလပတ်တွင် ၁ ဒသမ ၃ ရာခိုင်နှုန်းနှင့် စတုတ္ထ သုံးလပတ်တွင် သုည ရာခိုင်နှုန်းသို့ကျဆင်းသွား ပြီး တစ်နှစ်ပတ်လုံးတိုးတက်မှုမှာ ၁ ဒသမ ၅ ရာခိုင်နှုန်းသာရှိမည်ဟုခန့်မှန်းကြောင်း Mr.Phacharaphot က ရှင်းလင်းပြောကြားပါသည်။ ပထမသုံးလပတ် ပို့ကုန် တိုးမြင့်ခြင်းကြောင့် မတ်လတွင် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်း တိုးမြင့်စေခဲ့ပြီး အလုပ်လက်မဲ့နှုန်း ၁ ဒသမ ၃ ရာခိုင်နှုန်းသို့ ကျဆင်းသွားသော်လည်း ၂၀၁၆ ခုနှစ်တွင် ပျမ်းမျှ အလုပ်လက်မဲ့နှုန်း တစ်ရာခိုင်နှုန်းထက် ပိုမိုနေသေးကြောင်း သူကပြောကြားပါသည်။

အလုပ်လက်မဲ့နှုန်း တိုးတက်ခြင်းကြောင့် လုပ်သားများ၏ ဝယ်ယူနိုင်မှုစွမ်းအား ကျဆင်းပြီး ပုဂ္ဂလိကစားသုံးမှုတန်ဖိုး လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ပုဂ္ဂလိကစားသုံးမှု တိုးတက်နှုန်း ၃ ဒသမ ၁ ရာခိုင်နှုန်း ခန့်မှန်းထားကြောင်း ဆက်လက်ပြောကြားခဲ့ပါသည်။ နိုင်ငံတကာတွင်ဖြစ်ပေါ်နေသော မရေရာ မသေချာမှုများကြောင့် ထုတ်လုပ်မှုစွမ်းရည်နှင့် ရင်းနှီးမြှုပ်နှံမှုကို ကျဆင်းစေမည်ဖြစ်ကြောင်း ပုဂ္ဂလိက ကဏ္ဍရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၆ ခုနှစ်တွင် သုည ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး တဖြည်းဖြည်း တိုးတက်လာကာ ယခုနှစ်တွင် ၁ ဒသမ ၄ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ရင်းနှီးငွေ အသုံးပြုမှု ၅၇ ဒသမ ၂ ရာခိုင်နှုန်း ရှိခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် အလုပ်လက်မဲ့နှုန်း လျော့နည်းခဲ့ခြင်းကြောင့် ၂၀၁၇ ခုနှစ် ပထမသုံးလပတ် တိုးတက်မှုကို အထောက်အကူဖြစ်စေခဲ့ကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်မှုမှာလည်း ယာယီသာဖြစ်ကြောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် ဝန်ဆောင်မှု ကဏ္ဍအပေါ် စိတ်ဝင်စားလာပြီး ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု လျော့နည်းသွားနိုင်ကြောင်း သုံးသပ်ပြောကြား ပါသည်။ လက်ရှိ ကုန်စည်ရောင်းဝယ်မှုမှာ ထပ်မံတိုးတက်ရန် မမျှော်လင့်နိုင်တော့ကြောင်း လုပ်ငန်းသစ်များအတွက် ရင်းနှီးမြှုပ်နှံမှုအသစ် လိုအပ်လာပြီဖြစ်ကြောင်း သုံးသပ်ခဲ့ပါသည်။

၂၀၁၇ ခုနှစ်၊ မတ်လအတွင်း ထိုင်းပို့ကုန်တင်ပို့မှုမှာ ၉ ဒသမ ၂ ရာခိုင်နှုန်းသို့ ခုန်တက်ခဲ့ကြောင်း ထိုင်းအမျိုးသား သယ်ယူပို့ဆောင်ရေးကောင်စီ ယာယီဥက္ကဋ္ဌ Nopporn Thepsithar က ပြောကြားရာတွင် ရေနံနှင့်ဆက်စပ်ပစ္စည်း ဈေးနှုန်းတိုးတက်မှု၊ လယ်ယာထွက်ကုန်ပစ္စည်း ဈေးနှုန်းတိုးမြင့်မှုတို့အပြင် တရုတ်နိုင်ငံမှ သွင်းကုန်တင်သွင်းမှု တန်ဖိုးမြင့်တက်ခဲ့ခြင်းတို့ကြောင့် တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်ပြောကြားပါသည်။ လာမည့် တတိယသုံးလပတ်ကာလမှာ ထိုင်းပို့ကုန် ဆောင်ရွက်မှုအတွက် အရေးအကြီးဆုံးကာလဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အမျိုးသားအကျိုးစီးပွား ကာကွယ်ရေးအပေါ် ရပ်တည်မှု၊ ကမ္ဘာ့ဘဏ္ဍာရေးနှင့် စီးပွားရေးအခြေအနေ ရှင်းလင်းလာမှုတို့ကို စောင့်ကြည့်ရမည်ဖြစ်ကြောင်း၊ အဆိုပါ အခြေအနေများ ပျက်ပြယ်သွားပါက ထိုင်းပို့ကုန်တိုးတက်မှုမှာ ငါးရာခိုင်နှုန်းအထိ ရရှိနိုင်ကြောင်း သုံးသပ်ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ ကုန်သည်ကြီးများအသင်း တက္ကသိုလ်မှ ဒုတိယကျောင်းအုပ်ကြီး Thanavath Phonviphar ကလည်း ကမ္ဘာ့စီးပွားရေးနာလန်ထူမှာ အဓိက ကုန်သွယ်ဖက် တရုတ်၊ စင်ကာပူ၊ ဂျပန်တို့၏ စီးပွားရေးအခြေအနေအပေါ် အခြေပြု၍ ယခုနှစ် ထိုင်းပို့ကုန်တင်ပို့မှု ငါးရာခိုင်နှုန်း တိုးတက်နိုင်ကြောင်း သုံးသပ်ပါသည်။ သို့သော် ဥရောပသမဂ္ဂအထွေထွေ ရွေးကောက်ပွဲ၊ ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်သွားမှု၊ နိုင်ငံတကာ နိုင်ငံရေးနှင့်စစ်ရေး မတည်ငြိမ်မှုများကိုလည်း ထည့်သွင်းစဉ်းစားထားသင့်ကြောင်း သတိပေး ပြောကြားခဲ့ပါသည်။

ထိုင်းကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ Kalin Sarasin ကလည်း ထိုင်းပို့ကုန် စဉ်ဆက်မပြတ်တိုးတက်ရန် အစိုးရက စီးပွားရေးလုပ်ငန်း လွယ်ကူစွာ ဆောင်ရွက်နိုင်မှု (Ease of Doing Business) အတွက် ပို့ကုန်သွင်းကုန်ဆိုင်ရာ အတားအဆီးများ လျှော့ချပေးမှသာ တိုးတက်အောင်မြင်နိုင်မည်ဟု ပြောကြားခဲ့ပါသည်။

ထိုင်းစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားရာတွင် အကောက်ခွန်စာရင်းအရ ထိုင်းပို့ကုန်တန်ဖိုးမှာ ဖေဖော်ဝါရီလတွင် ၂ ဒသမ ၈ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ သော်လည်း မတ်လ တွင် ၉ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးတက်လာပြီး ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၃ ဘီလီယံ ရှိခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ ကုန်သွယ်မှုမူဝါဒ မဟာဗျူဟာဌာန ညွှန်ကြားရေးမှူးချုပ် Pimchanok Vonkorpon ကလည်း မတ်လတွင် ကမ္ဘာ့ကုန်သွယ်ရေးနှင့် စီးပွားရေး တိုးတက်မှုကြောင့် ရေနံနှင့် ဆက်စပ်ပစ္စည်းများနှင့် အထူးသဖြင့် ရော်ဘာတင်ပို့မှု တိုးတက်ခဲ့ကြောင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်ဈေးကွက်များသို့ စီးပွားရေးလုပ်ငန်းများ ပြောင်းရွှေ့ရေး မဟာဗျူဟာ ရေးဆွဲနေကြောင်း၊ တောင်အာရှဈေးကွက်မှာ ကောင်းမွန်တည်ငြိမ်နေကြောင်း၊ တရုတ်နှင့် အိန္ဒိယသို့တင်ပို့မှု တိုးတက်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ မတ်လအတွင်း တရုတ်နိုင်ငံသို့တင်ပို့မှု တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၃ ဘီလီယံရှိခဲ့ပြီး ၄၇ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ကြောင်း၊ အိန္ဒိယသို့ တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာသန်း ၅၇၀ ရှိတဲ့အတွက် ၁၄ ဒသမ ၉ ရာခိုင်နှုန်းသို့ တိုးတက်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ ၎င်းအပြင် အဓိက ဈေးကွက်များဖြစ်သော အမေရိကန်သို့ ၇ ဒသမ ၁ ရာခိုင်နှုန်း၊ ဥရောပသို့ ၁၀ ဒသမ ၂ ရာခိုင်နှုန်း၊ ဂျပန်သို့ ၁၄ ဒသမ ၉ ရာခိုင်နှုန်း၊ တောင်အာရှသို့ ၁၉ ဒသမ ၁ ရာခိုင်နှုန်းထိ အသီးသီး တိုးတက်တင်ပို့နိုင်ခဲ့ပြီး၊ အာဆီယံ ငါးနိုင်ငံဖြစ်သော မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ဘရူနိုင်းနှင့် အရှေ့အလယ်ပိုင်းသို့တင်ပို့မှု ကျဆင်းခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ ဆက်လက်ပြီး စိုက်ပျိုးရေးနှင့် လယ်ယာထွက်ကုန်တင်ပို့မှု တန်ဖိုးအမေရိကန်ဒေါ်လာ ၃ ဒသမ ၂၅ ဘီလီယံ ရှိ၍ ၁၂ ရာခိုင်နှုန်း တိုးတက်ကြောင်း၊ အဓိကအားဖြင့် ရော်ဘာ ၉၅ ဒသမ ၄ ရာခိုင်နှုန်း၊ အေးခဲ အသား ၁၅ ရာခိုင်နှုန်း၊ အေးခဲသစ်သီးဝလံ သုံးရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ကြောင်း၊ စက်မှုထုတ်ကုန် တင်ပို့မှုမှာ ၈ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၇ ဘီလီယံရှိခဲ့ကြောင်း၊ အဓိကအားဖြင့် ပြုပြင်ပြီး ရော်ဘာ ၆၄ ဒသမ ၇ ရာခိုင်နှုန်း၊ ကွန်ပျူတာဆက်စပ်ပစ္စည်း ၁၈ ဒသမ ၄ ရာခိုင်နှုန်း၊ လောင်စာဆီ ၅၃ ဒသမ ၉ ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ကြောင်း၊ အလားတူ သွင်းကုန်တန်ဖိုးမှာလည်း ၁၉ ဒသမ ၃ ဘီလီယံ အထိ တိုးတက်ခဲ့ပြီး ကုန်သွယ်မှု ပိုငွေ ၁ ဒသမ ၆၂ ဘီလီယံ ရှိခဲ့ကြောင်း ပြောကြားခဲ့ပါ သည်။ ထိုင်း နိုင်ငံ၏ ၂၀၁၇ ခုနှစ်၊ ပထမသုံးလပတ် ပို့ကုန် တင်ပို့မှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၅ ဘီလီယံရှိသဖြင့် ၄ ဒသမ ၉၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး လေးနှစ်အတွင်းအများဆုံးဖြစ်ခဲ့ကြောင်း၊ သွင်းကုန် တန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၄ ဘီလီယံ ရှိ၍ ၁၄ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ပထမသုံးလပတ် အတွင်း ကုန်သွယ်မှုပိုငွေ အမေရိကန် ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံရှိခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနမှ ပို့ကုန်တိုးတက်မှုနှုန်းအား ၂၀၁၆ ခုနှစ်ထက် သုည ဒသမ ၅ ရာခိုင်နှုန်း တိုးမြင့်ပြီး ယခုနှစ်တွင်ငါးရာခိုင်နှုန်း လျာထားကြောင်း ပြောကြားခဲ့ပါသည်။

**သတင်းရင်းမြစ် -(၂၅-၄-၂၀၁၇) ရက်နေ့ထုတ် ထိုင်းနိုင်ငံ Bangkok Post သတင်းစာပါ "Merchandise recovery may be short - term"**

**စာမျက်နှာ - ၁၅ အမျိုးသားပို့ကုန်မဟာဗျူဟာတွင် .... မှအဆက်**

ရှမ်းပြည်နယ်အတွင်း ပြည်တွင်းဈေးကွက်တွင် ကြယ်ပဲစေ့ကုန်ကြမ်း တစ်ကီလိုလျှင် ၂၅၀၀ ကျပ်ရှိပြီး ကုန်ချောအဖြစ်လည်း ကြယ်ပဲဆီ၊ ကြယ်ပဲစေ့လှော်၊ ကြယ်ပဲလက်ဖက်ခြောက်တို့ကို ထုတ်လုပ်လျက်ရှိပါသည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသတွင် ပြည်တွင်းဈေးကွက် ဖြန့်ဖြူးရောင်းချလျက်ရှိသလို ကြယ်ပဲကို သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း (ကျိုင်းတုံ)မှ GIZ အဖွဲ့နှင့်ပူးပေါင်းကာ ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာပေါင်း ၅၀ ကို သတ်မှတ်ရွေးချယ်ကာ တောင်သူတစ်ဦးလျှင် မျိုးစေ့ ငါးတင်းနှုန်း အခမဲ့ဖြန့်ဖြူးလျက် နည်းပညာများပံ့ပိုးကူညီကာ တိုးချဲ့စိုက်ပျိုးလာနိုင်အောင် စည်းရုံးဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် ထုတ်လုပ်သည့် ကြယ်ပဲဆီအား ပြည်ပဈေးကွက်ဂျပန်နိုင်ငံသို့ လီတာ ၄၀ ကို ပေးပို့စမ်းသပ်ရာ ပိုးသတ်ဆေးကြွင်းပါဝင်မှုကို လက်ခံနိုင်သည့်အဆင့်ရှိပြီး ဈေးကွက်နေရာ ရရှိထားပြီးဖြစ်ပါသည်။ ပြည်ပဈေးကွက်အနေဖြင့် တရုတ်နိုင်ငံမှ အဓိက ဝယ်ယူကြောင်း သိရှိရပါသည်။ ထိုင်းနိုင်ငံမှလည်း တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကာ ထိုင်းနိုင်ငံတွင် ဆီကြိတ်စက်များ တည်ထောင်လျက် ကုန်ချောအဖြစ် ဥရောပနှင့် အမေရိကဈေးကွက်တွင် တင်ပို့လျက်ရှိနေသည့်အတွက် ပြည်ပဝယ်လိုအား ရှိသောသီးနှံ လည်းဖြစ်သည့်အတွက်ကြောင့် တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် အရည်အသွေးမီ ထုတ်လုပ်ရန် အရေးကြီးပါသည်။ ပြည်ပဈေးကွက်နှင့်လည်း နီးစပ်နေသည်ဖြစ်ခြင်းကြောင့် စနစ်တကျ တိုးတက်စိုက်ပျိုး ထုတ်လုပ်သွားနိုင်အောင် စိုက်ပျိုးထုတ်လုပ်သူများကို စည်းရုံး ဆောင်ရွက်သွားခြင်းဖြင့် ပို့ကုန်အမယ်သစ်များတိုးချဲ့တင်ပို့လာနိုင်ခြင်း၊ ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိလာနိုင်မှာဖြစ်ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ဈေးကွက်တိုးချဲ့တင်ပို့နိုင်ရေးအတွက် ကဏ္ဍကြီး ၆ ရပ်တွင်ပါဝင်သော ကုန်သွယ်မှုမြှင့်တင်ရေးကဏ္ဍကိုလည်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်ကဏ္ဍကို အမျိုးသားပို့ကုန် မဟာဗျူဟာတွင်ပါဝင်လာစေရန် ဆောင်ရွက်နေပြီဖြစ်ခြင်းကြောင့် ရှမ်းပြည်နယ်ဒေသတွင်း ပို့ကုန် အမယ်သစ် ကြယ်ပဲ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာမည်ဆိုပါက စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် အကျိုးစီးပွား ဖြစ်ထွန်းလာနိုင်သလို ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ခြင်း၊ တရားမဝင် ကုန်သွယ်မှုများလျော့နည်းကျဆင်းကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်လာနိုင်ခြင်း၊ ပို့ကုန်တိုးတက်လာနိုင်စေသည့် ပြည်တွင်းပြည်ပ ကုန်သွယ်မှုလုပ်ငန်းများကိုပါ များစွာအထောက်အကူပြုလာနိုင်မှာဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

❑

Vol: 17, No.16 Monday May 1 2017

# ယခုနှစ် ဆန်နှင့် ဆန်ကွဲ တန်ချိန် ၁ ဒသမ ၇၅ သန်းခန့် တင်ပို့နိုင်သော်လည်း တိုးမြှင့်တင်ပို့ရာတွင် ရင်ဆိုင်ရသည့် စိန်ခေါ်မှုများ

ရှင်မင်းအံ့ (တန့်ဆည်)



လယ်ယာကဏ္ဍက မြန်မာနိုင်ငံရဲ့ အဓိကအသက်သွေးကြော ဖြစ်သလို လူဦးရေအများစု (သုံးပုံ နှစ်ပုံခန့်) ကလည်း ကျေးလက်ဒေသများတွင် မှီတင်းနေထိုင်ကြပြီး လယ်ယာလုပ်ငန်းကိုသာ အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်လျက်ရှိပါတယ်။ ပို့ကုန်ကဏ္ဍကိုလေ့လာကြည့်တဲ့အခါ မြန်မာနိုင်ငံဟာ လယ်ယာထွက်ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ အဓိကတင်ပို့နေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတင်ပို့မှုသည် လယ်ယာထွက်ကုန်ပစ္စည်းများတင်ပို့မှု အနက်အများဆုံး တင်ပို့နိုင်ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ယခု ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အတွင်း (ဧပြီလမှ မတ်လထိ) မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုကိုကြည့်ရင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၉၆၄ ဘီလီယံ၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၂၁၂ ဘီလီယံရှိတဲ့အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၁၇၆ ဘီလီယံကျော် ရရှိနေပြီဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ယခင်နှစ် ကာလတူထက် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၂၈ သန်း၊ သွင်းကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၆၃၄ သန်း ပိုမိုတင်ပို့၊ တင်သွင်းနိုင်ပြီး ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၁၄၆၂ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။

၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ပို့ကုန်တင်ပို့မှုရဲ့ ၂၅ ရာခိုင်နှုန်းခန့် တင်ပို့ လျက်ရှိသည့် လယ်ယာ ထွက်ကုန်ပစ္စည်းအုပ်စုတွင် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတင်ပို့မှုက တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၅၄ ဒသမ ၉၀၆ သန်း၊ အရေအတွက် တန်ချိန် ၁ ဒသမ ၇၅ သန်း ဖြစ်သဖြင့် လယ်ယာကဏ္ဍရဲ့ ၂၀ ရာခိုင်နှုန်းခန့်အနေဖြင့် လည်းကောင်း၊ ပို့ကုန်ကဏ္ဍတစ်ခုလုံးရဲ့ ငါးရာခိုင်နှုန်းခန့်အနေဖြင့် လည်းကောင်း တင်ပို့နိုင်သည်ကို လေ့လာတွေ့ရှိရပါတယ်။

ယခုနှစ် ဆန်နဲ့ဆန်ကွဲတင်ပို့ နိုင်သည့် ဈေးကွက်ကို လေ့လာကြည့်မည်ဆိုပါက ယခင်ဘဏ္ဍာနှစ်ထက် ဈေးကွက်သစ်အနေဖြင့် နိုင်ငံပေါင်း ၂၂ နိုင်ငံကိုထပ်မံရှာဖွေတင်ပို့နိုင်ခဲ့ကာ ဈေးကွက်လက်လွှတ်ဆုံးရှုံးလိုက်ရသည့် နိုင်ငံပေါင်း ၁၉ နိုင်ငံရှိကြောင်း လေ့လာသိရှိရပါတယ်။ သို့ရာတွင် ဈေးကွက်သစ်ရရှိသည့်နိုင်ငံများသို့ တင်ပို့ခွင့်ရရှိသည့် အရေအတွက်က ဈေးကွက်ပျောက်သွားတဲ့ နိုင်ငံများသို့ တင်ပို့ခဲ့တဲ့ အရေအတွက်ထက် ပိုမိုများပြား တင်ပို့နိုင်တဲ့အတွက် ဆန်တင်ပို့တဲ့ဈေးကွက်မှ ရလဒ်ကောင်းများ ရရှိလာတာကို လေ့လာတွေ့ရှိရပါတယ်။

ကမ္ဘာ့ဈေးကွက်တွင် ဆန်တင်ပို့မှု အများဆုံး နိုင်ငံများဖြစ်ပြီး မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံနဲ့ အာဆီယံဒေသတွင်း နိုင်ငံများလည်းဖြစ်တဲ့ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနဲ့ ပါကစ္စတန်နိုင်ငံများရဲ့ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အတွင်း ဖြစ်ပေါ်ခဲ့တဲ့ ဆန် FOB Export ဈေးနှုန်းများကို လေ့လာကြည့်မည်ဆိုပါက အောက်ပါအတိုင်း တွေ့ရှိရပါတယ်-




Source: Rice: World Markets and Trade (April 2017)

လက်ရှိအနေအထားအရ ထိုင်းနိုင်ငံမှာ ဘတ်ဈေး ခိုင်မာမှုရှိတဲ့အတွက် ဆန်ဈေးနှုန်းမှာ များစွာပြောင်းလဲမှုမရှိဘဲ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၇ ခန့်တွင် ဈေးရရှိတင်ပို့လျက်ရှိတာကို တွေ့ရှိရပါတယ်။

ဗီယက်နမ်နိုင်ငံမှာ ယခင်လများထက် ဆန်ဈေးနှုန်း ကျဆင်းကာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၉ ခန့်ဖြင့် ပြည်ပသို့ တင်ပို့လျက်ရှိပါတယ်။

အလားတူပင် ပါကစ္စတန်နိုင်ငံမှာလည်း ၂၀၁၆ ခုနှစ် ဇွန်လက ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၀-၄၄၀ ခန့်ထိ မြင့်တက်ခဲ့သော်လည်း လအလိုက် ဆန်ဈေးနှုန်းကျဆင်းကာ လက်ရှိတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀ ခန့်ဖြင့်သာ တင်ပို့လျက်ရှိတာကို လေ့လာတွေ့ရှိရပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ဆန် FOB Export ဈေး နှုန်းကို လေ့လာပါက ၂၀၁၆ ခုနှစ် ဇွန်၊ ဇူလိုင်လများတွင် အမေ ရိကန်ဒေါ်လာ ၄၀၀ ခန့်ထိ မြင့်တက်ရရှိခဲ့သော်လည်း ၂၀၁၆ ခုနှစ် စက်တင်ဘာမှ ဒီဇင်ဘာလထိ အမေရိကန်ဒေါ်လာ ၃၅၀ ခန့်သာ ဈေးနှုန်းရရှိခဲ့ရာမှ ယခု ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်၍ လအလိုက် အနည်းငယ် ဈေးမြင့်တက်လာပြီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၀ ခန့်ရှိကြောင်း တွေ့ ရှိရပါတယ်။

သို့ရာတွင် ကမ္ဘာ့ဆန်ဈေးကွက်တွင် ဈေးနှုန်းပြောင်းလဲမှုကြီးမားစွာ မရှိသော်လည်း မိမိနိုင်ငံအတွင်း ဈေးနှုန်းအတက်အကျ များစွာဖြစ်ပေါ်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မားခြင်းတို့သည် နိုင်ငံတကာနှင့် ယှဉ်ပြိုင်ရာတွင် ရင်ဆိုင်ရသည့် စိန်ခေါ်မှုများဖြစ်ပါတယ်။ ကမ္ဘာ့ဆန် အများဆုံးတင်ပို့လျက်ရှိတဲ့ နိုင်ငံများရဲ့ ဆန်တင်ပို့မှု ဈေးနှုန်းများကို စဉ်ဆက်မပြတ် လေ့လာကာ မိမိတို့နိုင်ငံအနေဖြင့် ဆန်တင်ပို့ရာတွင် ဈေးနှုန်းပိုင်း၊ အရည်အသွေးပိုင်း၊ ကုန်ထုတ်လုပ်မှုကုန်ကျစရိတ်ပိုင်းတို့တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် ကြိုးစားဖို့ လိုအပ်မှာဖြစ်ပါ တယ်။

USDA မှထုတ်ပြန်သော စာရင်းအချက်အလက်များအရ ကမ္ဘာ့ဆန်ကုန်သွယ်မှု ကဏ္ဍကို လေ့လာကြည့်ပါက ဆန်အများဆုံး တင်ပို့တဲ့နိုင်ငံများမှာ အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်နှင့် ပါကစ္စတန်နိုင်ငံတို့ဖြစ်ပြီး မြန်မာနိုင်ငံက ပဉ္စမမြောက် အများဆုံး ဆန် တင်ပို့တဲ့ နိုင်ငံဖြစ်ပါတယ်။ ပြည်ပမှ အများဆုံးတင်သွင်းလျက်ရှိတဲ့ နိုင်ငံများမှာ တရုတ်၊ နိုင်ဂျီး ရီးယား၊ ဥရောပ နိုင်ငံများနဲ့ ဖိလစ်ပိုင်စတဲ့ နိုင်ငံများဖြစ်ပြီး ဘရာဇီး၊ တရုတ်နဲ့ဥရောပ နိုင်ငံများဟာ တင်ပို့မှုရော တင်သွင်းမှုကိုပါ ဆောင်ရွက်လျက်ရှိတဲ့ နိုင်ငံများဖြစ်ပါတယ်။

၂၀၁၆ ခုနှစ် အတွင်းတွင် အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ ထိုင်းနိုင်ငံနဲ့ အိန္ဒိယနိုင်ငံများက တစ်နှစ်လျှင် တန်ချိန် ၁၀ သန်းခန့် တင်ပို့နိုင်ပြီး ဗီယက်နမ်နိုင်ငံသည် တန်ချိန် ငါးသန်းမှ ခြောက်သန်းခန့်၊ ပါကစ္စတန်နိုင်ငံသည် တန်ချိန် လေးသန်းမှ ငါးသန်းခန့်၊ ကမ္ဘောဒီးယားနိုင်ငံသည် တန်ချိန် တစ်သန်းခန့် အသီးသီး တင်ပို့ လျက်ရှိ တာကိုတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၁ ဒသမ ၇ သန်းမှ ၁ ဒသမ ၈ သန်းခန့် တင်ပို့လျက်ရှိပါတယ်။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံလည်းဖြစ် Logistic ပိုင်းတွင်လည်း အားသာချက်များရှိတဲ့ တရုတ်နိုင်ငံအပြင် မြန်မာ့ထွက်ကုန်များကို အလေးထား စိတ်ဝင်စားမှု ပိုမိုလာတဲ့ ဥရောပနိုင်ငံများ၏ ဆန်ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ပါက အကျိုး ရလဒ်ကောင်းများ ထွက်ပေါ်လာနိုင်မှာဖြစ်ပါတယ်။ တရုတ်နိုင်ငံနဲ့ ဥရောပနိုင်ငံတို့ရဲ့ ဆန် ကုန်သွယ်မှု ကို လေ့လာကြည့်မည်ဆိုပါက တရုတ်နိုင်ငံက ပြည်ပမှတန်ချိန် ငါးသန်းခန့် တင်သွင်း လျက်ရှိပြီး ပြည်ပသို့ တန်ချိန် ငါးသိန်းခန့်တင်ပို့ လျက်ရှိတာကို တွေ့ရှိရပါ တယ်။ ဥရောပနိုင်ငံများအနေဖြင့် ပြည်ပမှ တန်ချိန်နှစ်သန်းခန့် တင်သွင်းလျက်ရှိပြီး ပြည်ပသို့ တန်ချိန် ၂၈၀,၀၀၀ ခန့် တင်ပို့လျက်ရှိတာကို တွေ့ရှိရပါတယ်။

ထို့ကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာမှာ ရရှိမယ့် အကျိုးရလဒ်များနဲ့ အတူ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံရဲ့ လိုအပ်ချက်များကြောင့် စိန်ခေါ်မှုများစွာ ရင်ဆိုင်ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ စိန်ခေါ်မှုများအနက် စပါးမျိုးစေ့ ကောင်းမွန်ရေး၊ သွင်းအားစု ကြိတ်ခွဲမှု စနစ်၊ ထုတ်လုပ်မှု ကုန်ကျစရိတ်၊ ခေတ်မီနည်းပညာများနဲ့ လိုက်လျောညီထွေမှုရှိခြင်း၊ သယ်ယူပို့ဆောင်မှု စနစ်၊ လမ်းပန်းဆက်သွယ်ရေး၊ ငွေကြေးကုန်ကျစရိတ် မပြည့်စုံခြင်း၊ ချေးငွေရရှိမှု မထိရောက်ခြင်းတို့အပြင် ပြည်ပသို့ တင်ပို့ရာတွင်လည်း ဆိပ်ကမ်းဝန်ဆောင်မှု အခက်အခဲများနဲ့ အစိုးရဌာနတချို့ရဲ့ လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်ဆောင်မှုများ စသည်ဖြင့် များစွာသော စိန်ခေါ်မှုများရှိနေတာကို လေ့လာတွေ့ရှိရပါတယ်။

ဆန်တင်ပို့ တင်သွင်းမှုရဲ့ နိုင်ငံတကာဈေးကွက်ကို လေ့လာကြည့်မယ်ဆိုပါက ကမ္ဘာ့ဆန်စားသုံးမှုနဲ့ ထုတ်လုပ်မှုတွင် တတိယအများဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်ကာ အာဆီယံအဖွဲ့ဝင်နိုင်ငံလည်းဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံဟာ ပြည်တွင်း ဆန်စပါးထွက်ရှိမှု နှစ်စဉ် ပိုမိုလာတဲ့အတွက်ကြောင့် ယခု ၂၀၁၇ ခုနှစ်တွင် ပြည်ပမှ ဆန် တန်ချိန် ငါးသိန်းခန့်သာ တင်သွင်းရန် ခန့်မှန်းတွက်ချက်ထားရှိပြီး ယခင်နှစ်ထက် ၅၀ ရာခိုင်နှုန်းခန့် လျှော့ချတင်သွင်းသွားမှာဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်အများဆုံး တင်သွင်းလျက်ရှိတဲ့ နိုင်ငံများဖြစ်တဲ့ ဗီယက်နမ်နဲ့ ထိုင်း နိုင်ငံတို့က အင်ဒိုနီးရှားနိုင်ငံရဲ့ ဆန်ဈေးကွက်ရရှိရေးအတွက် အရည်အသွေးပိုင်း၊ နည်းပညာပိုင်းနဲ့ ဈေးနှုန်းပိုင်းတို့တွင် ယှဉ်ပြိုင်မှုအား ကောင်းလှတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

လက်ရှိကာလများမှာ အင်ဒိုနီးရှားနိုင်ငံက ပြည်ပသို့ဆန်တင်ပို့နိုင်ရေးအတွက် ပြည်တွင်းလုပ်ငန်းရှင်များအား တွန်းအားပေး မြှင့်တင်ဆောင်ရွက်နေသော်လည်း ပြည်ပမှ ဆန်တင်သွင်းခြင်းအားလည်း နှစ်စဉ်တင်သွင်းမှုပမာဏ လျှော့ချနေခြင်းမျိုးကိုသာ ဆောင်ရွက်နိုင်ကာ လုံးဝ တင်သွင်းခြင်းမပြုတော့တဲ့ အနေအထားသို့ မရောက်ရှိနိုင်သေးတာကို ကြည့်ခြင်းအားဖြင့် ပြည်တွင်း လိုအပ်ချက်ရှိလာပါက ပြည်ပမှ တင်သွင်းခြင်းက ဈေးကွက် စီးပွားရေးစနစ်တွင် လုပ်ရိုးလုပ်စဉ် လုပ်ကိုင်သင့်တဲ့ အကြောင်းခြင်းရာတစ်ရပ်ပင် ဖြစ်တာကို လေ့လာတွေ့ရှိရပါတယ်။

ၑင်းပြင် ယေဘုယျအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံက ဆန်ထွက်ရှိမှုပမာဏနဲ့ ချိန်ထိုးပြီး ပြည်ပသို့ ဆန်တင်ပို့မှု ၊ ပြည်တွင်းစားသုံးမှု ဖူလုံ စေရေးအတွက် ဆန်သိုလှောင်မှု၊ လိုအပ်ချက် ရှိပါက ပြည်ပမှ ဆန်တင်သွင်းမှုစသဖြင့် ခန့်မှန်းသုံးသပ် စီမံချက်ရေးဆွဲကာ မူဝါဒများ ချမှတ်ကြရတာ ဖြစ်ပါတယ်။ ထိုကဲ့သို့ မှန်ကန်တဲ့ မူဝါဒများ ချမှတ်နိုင်ရေး အတွက် သတင်း အချက်အလက်များ မှန်ကန်မှုရှိရေးသည် လွန်စွာအရေးကြီးလှပါတယ်။

ရေရှည် တိုးတက်မှုဖြစ်စဉ်များ ဖြစ်ပေါ်လာစေရန်နဲ့ ရလဒ်ကောင်းများ ထွက်ပေါ်လာစေရန်အတွက် တိကျခိုင်မာသည့် သတင်းအချက်အလက်များ၊ တွက်ချက်မှုများအပေါ် များစွာမူတည်လျက်ရှိပါတယ်။ သတင်းအချက်အလက် စာရင်းဇယား လွဲမှားပါက ဆန် Supply Chain တစ်ခုလုံး လွဲမှားစွာ သုံးသပ်မိကာ နိုင်ငံ့စီးပွားရေး တိုးတက်မှုကို နှောင့်နှေးစေနိုင်မှာ ဖြစ်ပါတယ်။ **စာမျက်နှာ - ၂၀ သို့**



# Khun Brothers International Co.,Ltd

*Antimony, Tin and Wolfram*
Refining & Trading

Factory Address - Kyae Kone, Kyauk Tann, Shan State, Kalaw Township.

# MYINT MO OO

MMO

## CARTON BOX SPECIALIST

လှိုင်းတွန့် စက္ကူဘူး အမျိုးမျိုး ထုတ်လုပ်ရေးလုပ်ငန်း

No.(159), Kyansitthar Street, Hlaing Tharyar Industrial Zone (4), Yangon, Myanmar. Tel : 95-1-685290, 685031, 95-9-73154542, 09-783999519, 09-783999518
Fax : 95-1-685031 Email: mmo.cartonbox@gmail.com

MMM

## MUDON MAUNG MAUNG
AUTO PARTS & SERVICE CENTER

PIT & GO

PIT & GO

**Powered by Team TOYOTA**

DENSO AISIN
TOYOTA TSUSHO



**Our Service**

**Hi-Tech Japan Standard Car Service**

- Car Wiring Service
- Car Washing
- Car Body Repair & Paint
- 3D Wheel Alignment
- Car Maintenance & Repair
- Engine Diagnosis
- Health Check
- Lift Up Check

JAPAN's state-of-art repair technology and quality brand parts will maintain your vechicle in an optimal state.

**Business Hour**
**8:30AM ~ 6:00PM**

လူကြီးမင်းတို့၏ကားများကို အဆင့်မြင့်နည်းပညာဂျပန်စံနှုန်းဖြင့် အရည်အသွေးမြင့်မားသော DENSO ၊ AISIN ကဲ့သို့သော Spare Part များနှင့်ရင်းနှီးမှုရှိသောအတွေ့အကြုံ စနစ်တကျရှင်းလင်း ပြောဆိုခြင်းများနှင့်အတူ TOYOTA Group မှဆရာများကသင်ကြား ပေးထားသောအရည်အသွေးမြင့် Mechanic များဖြင့် စိတ်တိုင်းကျ ဆောင်ရွက်ပေးနေပါသည်။

Block (9,20), Automobile Service Zone, Baw Ga Thiri Car Station, Pyinmana, Nay Pyi Taw.
Email : mudonmgmg.autoservice@gmail.com
067-26344,26377,26415 Fax : 067-26299
Facebook : @mudonautoservice



# Royal Material Co.,Ltd.

နိုင်ငံတကာ အရည်အသွေးမီ ကိုရီးယားနိုင်ငံထုတ်
အိမ်တွင်းအလှဆင်ပစ္စည်းများအရောင်းပြခန်းနှင့်အိမ်တွင်းအလှဆင်လုပ်ငန်း



အမှတ် (၃၁၂-၃၁၈)၊အနော်ရထာလမ်း၊ (၃)လမ်းထိပ်၊ (KBZ Bank ဘေး)၊
လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - 09 79700 6070-72, 09 7312 6052။
Website :www.royalmaterial.com, Email :info.royalmaterial@gmail.com

## ရော်ဘာ

# နိုင်ငံတကာ ရော်ဘာဈေးနဲ့အတူ မြန်မာ့ရော်ဘာဈေးလည်း လိုက်ပါကျဆင်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဧပြီ ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၈၈၉ သန်းတန်ဖိုးရှိ ရော်ဘာ ၆၂၈ တန်ခန့် တင်ပို့ခဲ့ပါတယ်။ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၅၈ သန်းတန်ဖိုးရှိ ရော်ဘာ RSS 3 ၄၅၅ တန်၊ RSS 5 ၃၂ တန်၊ MSR 20 ၉၃ တန်၊ MSR 50 ၃၁ တန် တင်ပို့ခဲ့ပါတယ်။ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၁ သန်းတန်ဖိုးရှိ RSS 3 ၁၇ တန်ခန့် တင်ပို့ခဲ့တာဖြစ်ပါတယ်။

မူဆယ်ရော်ဘာဈေးမှာ RSS 3 တစ်တန်လျှင် ကျပ် ၂၅ ဒသမ ၉၂ သိန်းနဲ့ RSS 5 တစ်တန်လျှင် ကျပ် ၂၄ ဒသမ ၉၆ သိန်းဖြစ်ပြီး ယခင်တစ်ပတ်ဈေးအတိုင်း ပြောင်းလဲမှုမရှိကြောင်း မူဆယ်ကုန်စည်ဒိုင်ရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဧပြီ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၅၃ သန်းတန်ဖိုးရှိ ရော်ဘာ ၄၇၇ တန်ကျော် တင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ MSR 20 ၈၁ တန်ခန့်၊ ဂျပန်နိုင်ငံသို့ MSR 20 ၉၈ တန်၊ ကိုရီးယားနိုင်ငံသို့ MSR 20 ၇၁ တန်၊ မလေးရှားနိုင်ငံသို့ RSS 3 ၆၃ တန်၊ တရုတ်နိုင်ငံသို့ (Kilm Dried and Chemical Treated) ၁၆၅ တန်တင်ပို့ခဲ့ပါတယ်။ ဧပြီ ပထမပတ်က ၁၀၃၆ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၅၉ တန်လျော့နည်း တင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေးကျဆင်းနေတဲ့အတွက် မြန်မာ့ရော်ဘာဈေးလည်း ကျဆင်းလာပါတယ်။ ဒါကြောင့်ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာဈေးကို သင်္ကြန်မတိုင်မီက ဈေးထက် တစ်တန်ကို ဒေါ်လာ ၁၄၀ လျှော့ချခဲ့ပြီး ဈေးနှုန်းထုတ်ပြန်ခဲ့ပါတယ်။

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၈၀၀-၁၉၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၇၅၀-၁၈၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၇၀၀-၁၈၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၆၅၀-၁၇၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၆၀၀-၁၇၀၀ |
| MSR 3L | တစ်တန်လျှင် | ဒေါ်လာ | ၂၀၀၀-၂၁၀၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၆၅၀-၁၇၅၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၅၀၀-၁၆၀၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |

**ယဉ်ယဉ်အေး**



စာမျက်နှာ - ၁၈ ယခုနှစ် ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁ ဒသမ ၇၅ သန်းခန့် .... မှအဆက်

မြန်မာနိုင်ငံရဲ့ စပါးထွက်ရှိမှုကို လေ့လာသုံးသပ်တွက်ချက်ကြရာတွင် စပါး တစ်ဧက ထွက်ရှိမှု ပျမ်းမျှ ၇၀-၇၅ တင်း ထွက်ရှိကြောင်း တွက်ချက်ကာ သုံးသပ် ဖော်ပြမှုများရှိနေသည်ကို လေ့လာ သိရှိရပါတယ်။ စပါးတစ်ဧကထွက်ရှိမှု အနေအထားများအား လေ့လာကြည့်ရာတွင် နေရာဒေသအလိုက် အနည်းငယ်ကွဲလွဲမှုများ ရှိနေတာကို တွေ့ရှိရပြီး မြေပြင်တွင် အမှန် ထွက်ရှိမှု မှာ အချို့နေရာတွင် တစ်ဧက ပျမ်းမျှ တင်း၂၀ မှ တင်း ၅၀ သာ ထွက်ရှိသည်ကိုလေ့လာ သိရှိရပါတယ်။

အထွက်နှုန်း ခန့်မှန်းတွက်ချက်မှုများနှင့် လက်တွေ့ထွက်ရှိမှု၊ စိုက်ဧက ဖော်ပြမှု၊အမှန်စိုက်ပျိုးမှုတို့ များစွာခြားနားမှုများဖြစ်ပေါ်နေတာကို တွေ့ရှိ ရပါတယ်။ အဆိုပါလွဲမှားတွက်ချက်မှုကြောင့် သုံးသပ်မှုများ မှားယွင်းကာနောင်တွင် ပြည်တွင်းစားသုံးမှု မလုံလောက်ခြင်း၊ ပြည်တွင်း ဆန်ဈေးနှုန်း မတည်ငြိမ်ခြင်း စသည်တို့ဖြစ်ပေါ်လာနိုင်သဖြင့် စပါးအထွက်နှုန်းတွက်ချက်မှု မှန်ကန်ရေးသည်လည်း အရေးကြီးဆုံး အချက်အနေနဲ့ သုံးသပ်တွေ့ရှိရပါတယ်။ ပြည်ပသို့ ဆန်တိုးမြှင့်တင်ပို့ရေးတွင် ပြည်တွင်း စိုက်ပျိုးထုတ်လုပ်၊ ထွက်ရှိမှု၊ စားသုံးမှု၊ ပိုလျှံမှု၊ ပြည်ပ ရောင်းချနိုင်မှုတို့အတွက် အထူးဂရုပြုရမည့် အဓိကစိန်ခေါ်မှုဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

သို့ပါ၍ သက်ဆိုင်ရာ အစိုးရ ဌာနများ အနေဖြင့် လိုအပ်ပါက နည်းပညာ/HR အထောက်အပံ့များ ရယူလျက် ဆန်နဲ့ပတ်သက်တဲ့အထွက်နှုန်းတွက်ချက်မှုများကို မှန်ကန်စွာ တွက်ချက်ကာ အချက်အလက် မှန်ကန်မှု ရရှိစေရေးအား မှန်ကန်စွာ သုံးသပ်စေရေးအတွက် လုပ်ဆောင်ရေးကလည်း စိန်ခေါ်မှုများအနက်မှ ကိစ္စရပ်တစ်ခုအား ဖြေရှင်းရာရောက်မှာ ဖြစ်ပါတယ်။

၎င်းပြင် စိန်ခေါ်မှုများစွာထဲမှ အရေးပါလှတဲ့ ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ တင်ပို့ရာတွင် တွေ့ကြုံရတဲ့ အခက်အခဲများကို လေ့လာရာတွင် ပင်လယ်ရေကြောင်းမှ တင်ပို့မှု၌ ဆိပ်ကမ်းများတွင် ကုန်သေတ္တာတင်ပို့မှု၌ အခက်အခဲများရှိကြောင်း စုံစမ်းသိရှိရပါတယ်။ အထူးသဖြင့် ဆန်ကုန်သည်အသင်းများ၏ ပြောပြချက်အရ ရန်ကုန်မြို့တွင်းတွင် ကုန်သေတ္တာကားများကို နေ့ခင်းဘက်မသွားရဘဲ ည ၇ နာရီမှစတင်၍ သွားလာရသဖြင့် ကုန်တင်ကုန်ချ အလုပ်သမားများမှာလည်း ညပိုင်းတွင် အလုပ်လုပ်ရသဖြင့် နေ့ခင်း အလုပ်လုပ်သကဲ့သို့ တွင်ကျယ်စွာ အလုပ်မလုပ်နိုင်ခြင်းတို့ကြောင့် အလုပ်သမားများအနေဖြင့်လည်း ညပိုင်းအလုပ်လုပ်ချင်သည့် ဆန္ဒမရှိခြင်း၊ သက်ဆိုင်ရာဂိုဒေါင်မှ ဆိပ်ကမ်းသို့လည်း ည ၁၂ နာရီမတိုင်ခင် ရရှိရန်လိုအပ်ခြင်း၊ ဆိပ်ကမ်းရောက်လျှင်လည်း ကုန်သေတ္တာ ၁၀ စီးလုံး ရောက်ရှိမှသာ MACCS စနစ်ဖြင့် File Run ၍မရသဖြင့် နောက်နေ့မနက် ရောက်မှသာ File Run ရခြင်းစသည်တို့ကြောင့် အချိန်အားဖြင့် တစ်ရက်မှ သုံးရက်အတွင်း ကြန့်ကြာခြင်း၊ သယ်ယူခအနေဖြင့်လည်း တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၁၀ မှ အမေရိကန်ဒေါ်လာ ၁၅ ကြား ပိုမိုကုန်ကျခြင်း၊ ထို့ပြင် တစ်ဖက်နိုင်ငံသို့ သင်္ဘောလိုင်းများကို ခုနစ်ရက်ကြိုတင်ပြီး ချိတ်ဆက်ရ၍ ကုန်သေတ္တာ တစ်စီးလျှင် ၂ ရာခိုင်နှုန်း ပိုမိုကုန်ကျခြင်း၊ အချိန်နှင့် လုပ်အားခ ပိုမိုကုန်ကျသဖြင့် တခြားနိုင်ငံများနဲ့ ဈေးကွက်ယှဉ် ပြိုင်ရာမှာ မယှဉ်နိုင်တဲ့အတွက် ရောင်းအားကျဆင်းခြင်းများ ဖြစ်ပေါ်လာကြောင်း စုံစမ်းသိရှိရပါတယ်။ ထိုကဲ့သို့ နှောင့်နှေးကြန့်ကြာခြင်းများဟာ မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံအတွက် ကြီးမားတဲ့ စိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ဆန်နှင့် ဆန်ကွဲကို တင်ပို့ရာမှာ စိန်ခေါ်မှုများစွာ ရင်ဆိုင်တွေ့ကြုံနေရသော်လည်း အဆိုပါစိန်ခေါ်မှုများကို သက်ဆိုင်သည့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များ၊ အသင်းအဖွဲ့များ၊ စိုက်ပျိုးထုတ်လုပ်တင်ပို့သူများ အပါအဝင် နယ်ပယ်စုံမှ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှသာ ပြည်ပသို့ ဆန်စပါး တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။

## ပြောင်း

# တရုတ်နယ်စပ်သို့ ပြောင်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်စခန်းသုံးခုမှ ဧပြီ ၁၅ ရက်မှ ၂၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၃၉ သန်းတန်ဖိုးရှိ ပြောင်း ၈၄၆၈ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ တန်ချိန် ၇၄၀၀၊ လွယ်ဂျယ်မှ ၉၈၂ တန်ခွဲနဲ့ ချင်းရွှေဟော်မှ ၈၅ တန်ကျော်ဖြစ်ပါတယ်။

ယခင်တစ်ပတ်က တရုတ်နယ်စပ်ရှိ စခန်းလေးခုပေါင်းမှ ပြောင်း၁၉၂၅၄ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၀၇၈၆ တန် လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဧပြီ ၈ ရက်မှ ၁၄ ရက် သီတင်းပတ်ရော ဧပြီ ၁၅ ရက်မှ ၂၁ ရက်သီတင်းပတ်မှာပါ ပြောင်းတစ်တန်ဈေး ၂၂၃၀၇၇ ကျပ်ဖြင့် ပြောင်းလဲမှုမရှိကြောင်း၊ မူဆယ်မှာပြောင်း တစ်ပိဿာ သယ်ယူခမှာ ၈၅ ကျပ်ရှိပြီး ပြောင်းကားစီးရေ ၂၈၇ စီး ဝင်ရောက်ခဲ့ ကြောင်း၊ တစ်ဖက်နိုင်ငံဝယ်ဈေးမှာ တစ်တန်ကို ယွမ် ၁၂၈၀၊ တစ်အိတ်လျှင် ၆၄ ယွမ်ဖြင့် အရောင်းအဝယ်ရှိကြောင်း သိရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း ယခုသီတင်းပတ်မှာ အမေရိကန်ဒေါ်လာ ၄၅၄၅၄ တန်ဖိုးရှိပြောင်းတန် ၂၀၀ တင်ပို့ခဲ့ကြောင်း သတင်းရရှိပါတယ်။

**မော်မော်အောင်**

# ပင်လယ်ရေကြောင်းမှ ပြောင်းတင်ပို့မှုလျော့ကျ

ဧပြီ ၉ ရက်မှ ၁၅ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၉၁ သန်းတန်ဖိုးရှိ ပြောင်း ၂၇၆၁ တန်ကို စင်ကာပူ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှား၊ ဟောင်ကောင်သို့ တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ နိုင်ငံစုံတင်ပို့ခဲ့တာတွေ့ရပြီး စင်ကာပူနိုင်ငံသို့ ပြောင်း ၃၇၄ တန်၊ ဗီယက်နမ်နိုင်ငံသို့ ၁၅၂၇ တန်၊ ဖိလစ်ပိုင်နိုင်ငံသို့ ၂၈၈ တန်၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၄၈၀၊ ဟောင်ကောင်သို့ ၉၂ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၅၀၇၇ တန်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်ပြောင်းတင်ပို့မှု ၂၃၁၆ တန်လျော့နည်းခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

# ရှမ်းပြောင်းအဝင်နည်းပြီး လက်ကျန်နည်း
# ဇွန်၊ ဇူလိုင်မှာ ရေသွင်းပြောင်းဈေးကွက်ဝင်နိုင်

ရှမ်းပြောင်းကတော့ တောင်ကြီးဈေးကွက်မှာ အဝင်နည်းသွားပါပြီ။ သင်္ကြန်ပြီးတော့ မူဆယ်ဝယ်လက်တွေက အဝယ်များလာလို့ ဈေးကလည်းလိုက်ပြီး တက်လာပါတယ်။ မိုးပြောင်းတွေကလည်း လက်ကျန်နည်းသွားပြီး ကုန်သလောက်ဖြစ်သွားပြီလို့ သိရပါတယ်၊ ပြောင်းစိုက်တောင်သူတွေကလည်း ပြန်စိုက်ဖို့ အတွက် ပြင်ဆင်နေကြပါပြီ။

မေလမှာပြန်စိုက်ကြမှာဖြစ်လို့ စိုက်ပျိုးဖို့မြေပြင်တာတွေလည်း ပြုလုပ်ကြနေပြီလို့ သိရပါတယ်။ အရင်နှစ်ကထွက်ခဲ့တဲ့ မိုးပြောင်းတွေကုန်ခါနီးမှာ ရေသွင်းပြောင်းတွေ ဝင်လာတော့မှာဖြစ်ပါတယ်။ ရေသွင်းပြောင်းက ဇွန်/ ဇူလိုင်မှာ ဈေးကွက်ကိုဝင်လာတော့မှာလို့လည်း သိရပါတယ်။ တောင်ကြီးဈေးကွက်မှာ သင်္ကြန်မတိုင်မီက ပြောင်းတစ်ပိဿာ ကျပ် ၂၉၀ မှ ၂၉၇ ကျပ်အထိသာရှိခဲ့ပေမယ့် ဝယ်လက်တွေနဲ့ တိရစ္ဆာန်အစာစပ်တွေက အဝယ်များပြီးလက်ကျန်တွေလည်း နည်းလာလို့ဈေးတက်လာပါတယ်။

ဒီတစ်ပတ် ပြောင်းတစ်ပိဿာ ပေါက်ဈေးက တစ်ပိဿာ ကျပ် ၃၃၀ ဈေးရှိတယ်လို့ တောင်ကြီးပြောင်းပွဲရုံမှ သိရှိရပါတယ်။

**ဇေခိုင်-တောင်ကြီး**



# ½dkm"avhtpOftvmrsm;e)jynfESifaew ax;cb

**|မျိုးသူ (ကုန်သွယ်မြှင့်)|**

ဒီနေ့ ခရီးနှင့် ပတ်သက်ပြီး သွားမိတာကို အရမ်း ဝမ်းသာပီတိ ဖြစ်ခဲ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ဒီလိုငြိမ်းချမ်းတဲ့ နေရာလေးရှိနေတာ ပကာသနတွေနဲ့ကင်းတဲ့နေရာ ရှိနေသေးလို့ကြည်နူး မိပါတယ်။ ရိုးသားမှုတွေ၊ ပွင့်လင်းမှုတွေ အများဆုံး မြင်တွေ့ရတဲ့အတွက်လည်း အမောတွေပြေ ဝမ်းလည်းသာရပါတယ်။

ကယားပြည်နယ်ဟာ မြန်မာနိုင်ငံရဲ့ ဧရိယာ အငယ်ဆုံး ပြည်နယ်လေးပါ။ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင် ခရိုင်နဲ့ ကပ်လျက် တည်ရှိပေမယ့် တရားဝင်နယ်စပ်ကုန်သွယ်မှုက စတင်ကာစ အခြေအနေသာ ရှိပါသေးတယ်။ ယခင်က လက်နက်ကိုင် အဖွဲ့အစည်းခြောက်ဖွဲ့ ရှိခဲ့တယ်။ အခုတော့ ငြိမ်းချမ်းရေး တည်ဆောက်နိုင်ပြီး ပြည်နယ်အတွင်းမှာ ငြိမ်းချမ်းနေတာကို တွေ့နေရပါပြီ။ အကောင်းတွေ ရောက်လာနေပြီလို့ ပြောရမှာပါ။ ငြိမ်းချမ်းနေတဲ့ ဒေသမှာပဲ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးထူထောင်လို့ အဆင်ပြေတယ်ဆိုတာ ကယားပြည်နယ်က လက်တွေ့ပြနေပါတယ်။ ကျွန်တော်တို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှာ National Export Strategy (NES) ဆိုတဲ့ အမျိုးသား ပို့ကုန်မဟာ ဗျူဟာ အကောင်အထည်ဖော် ဆောင်ရွက်နေတာဟာ အခုဆိုရင် သုံးနှစ်ရှိပါပြီ။ ငါးနှစ်စီမံကိန်းတစ်ခု အဖြစ် အကောင်အထည်ဖော်နေတာ ဖြစ်ပါတယ်။ ဒီမဟာဗျူဟာထဲကနေ ဦးစားပေး ရွေးချယ်ပြီး အကောင် အထည်ဖော်မယ့်ကဏ္ဍတွေက ဆန်စပါးကဏ္ဍ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ၊ ရေထွက်ပစ္စည်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍ၊ အထည်အလိပ်ကဏ္ဍ၊ ရော်ဘာကဏ္ဍနဲ့ ခရီးသွားကဏ္ဍများပဲ ဖြစ်ပါတယ်။ ပထမခြောက်ခုက ကုန်ထုတ်လုပ်မှုကဏ္ဍများဖြစ်ပြီး၊ ခရီးသွားကဏ္ဍ (Tourism) က ဝန်ဆောင်မှုထဲမှာ ပါဝင်တဲ့ ကဏ္ဍ တစ်ခုဖြစ်ပါတယ်။ ပို့ကုန်တွေကို ကုန်ပစ္စည်းလို့၊ ထုတ်လုပ်မှုလို့ သတ်မှတ်ကြပေမယ့် ခရီးသွားကို မီးခိုး မထွက်တဲ့ စီးပွားရေးလို့ တင်စားသလို ခရီးသွားကဏ္ဍက ရတဲ့ငွေကို ပို့ကုန်ကရတဲ့ ငွေတစ်ရပ်လို့ သဘောထားတာဖြစ်တဲ့ အတွက် National Export Strategy ထဲမှာ ထည့်ထားတာ ဖြစ်ပါတယ်။ ဒီခရီးသွားကဏ္ဍကနေ အကောင်အထည်ဖော်ဖို့ Project တွေ ရေးဆွဲ တင်ပြကြတဲ့ထဲက ကယားပြည်နယ်မှာ Tourism Community ကို မြှင့်တင်ပေးဖို့ စီမံချက်ကို နယ်သာလန်နိုင်ငံက အလှူရှင်အဖြစ်နဲ့ တာဝန်ယူပြီး အကောင်အထည်ဖော် ပေးခဲ့ပါတယ်။

ဒီစီမံချက်ကို စတင်အကောင်အထည်ဖော်ခဲ့တဲ့ ပထမတစ်နှစ်တာအတွင်းမှာတော့ ရွာနှစ်ရွာကို ရွေးချယ်ပြီး Tourism Community Base ထူထောင်ပေးဖို့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီလုပ်ငန်းရဲ့ ပထမဆုံးအဆင့်က သင်တန်းဆရာများကို မွေးထုတ်ပေးခြင်း ဖြစ်ပါတယ်။ ဆရာဖြစ်သူအနေနဲ့ အလေ့အကျင့်ကောင်းတွေ၊ သန့်ရှင်းရေးကိစ္စတွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စတွေ၊ ဘာသာစကားတွေ (ပိုင်ရှင်နှင့် ဧည့်သည်အတွက်)၊ လူနေမှုကိစ္စတွေ၊ သမိုင်းတွေ၊ ပထဝီတွေ၊ ရာသီဥတုတွေ စတဲ့ကိစ္စ တော်တော်များများကို သိကျွမ်းနေဖို့ အရင်ဦးဆုံး ဆောင်ရွက်ရပါတယ်။

ဒီသင်တန်းဆရာတွေက များသော အားဖြင့် စေတနာ့ဝန်ထမ်း (Volunteer) တွေများပါတယ်။







သင်တန်းဆရာတွေက ရွာတွေသွားပြီး၊ တစ်အိမ်ချင်း ရှင်းပြတာ၊ အစုလိုက်ရှင်းပြတာတွေ လုပ်ကြရပါတယ်။ နိုင်ငံခြားသားတွေလာရင် လုပ်ဆောင်ရမယ့် အချက်လေးတွေ ရှင်းပြကြပါတယ်။ ရွာသူရွာသားတွေက ရိုးသားတဲ့သူတွေဖြစ်လို့ သူတို့နားလည်အောင် ရှင်းပြကြပါတယ်။ ရွာလေးရွာစလုံးက တောင်ပေါ် ရွာလေးတွေပါ။ ကျွန်တော်တို့ သွားတဲ့ ထေးခိုဆိုတဲ့ ရွာလေးဆိုရင် ပင်လယ်ရေမျက်နှာပြင် အထက် ပေ ၅၀၀၀ လောက်မြင့်မယ် ထင်ပါတယ်။ တောင်စောင်းမှာ ရွာတည်ထားတာပါ။ တစ်ရွာလုံး အိမ်ခြေ ၉၀ လောက်ရှိပါတယ်။ ရွာသူကြီးက မလေးရှားမှာ ငါးနှစ်လောက်သွားအလုပ်လုပ်ပြီး ပြန်လာတဲ့သူ ဆိုတော့ အင်္ဂလိပ်လိုပါ ပြောနိုင်လို့ ပိုပြီး အဆင်ပြေပါတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ သူမြန်မာလို ပြောတာကို တော်တော်နားထောင်ရပါတယ်။ စကားတော်တော်ဝဲပါတယ်။ မြန်မာစကားတတ်ကြတဲ့သူ များပေမယ့် သူတို့က ကယား လူမျိုး မဟုတ်ဘူး။ ကယော လူမျိုးတဲ့။ ဝတ်ဆင်တာကတော့ အမျိုးသမီးတွေက ဒူးနဲ့ခြေကျင်းမှာ ကြေးကွင်းတွေ ပတ်ထားတယ်။ အပေါ်က အနီရောင်မှာ ဖြူစင်းပါတဲ့အင်္ကျီ၊ အောက်ကလည်း ဒူးလောက်ပဲရှိတဲ့ စကတ်လိုလို အနက်ရောင်၊ ခါးမှာ၊ လည်ပင်းမှာ၊ ဒူးနဲ့ ခြေကျင်းမှာ၊ အလှအပ အဆင်တန်ဆာတွေ၊ ကြေးကွင်းတွေ ဝတ်ကြတာ တွေ့ရပါတယ်။ သူတို့ တွေရဲ့ အရပ်အမောင်းကတော့ အရပ်မရှည်ကြဘူး။ ပုတဲ့အထဲတောင် ပါပါတယ်။ အမျိုးသားတွေကတော့ ငါးပေကျော်ကျော်လောက်နဲ့ အမျိုးသမီးတွေကတော့ ငါးပေနဲ့ အောက်လောက်ပဲရှိပါတယ်။ မျက်နှာတွေက မြင်ရုံနဲ့ ချစ်ခင်ပါစေဆိုတဲ့ ဆုနဲ့ပြည့်နေကြသလိုပါပဲ။ အလွန်ဖော်ရွေကြပါတယ်။ သူတို့တွေက ရွာမှာလည်း သူတို့ဝတ်ဆင်နေကြ ရိုးရာအတိုင်းဝတ်ကြတာကို သိရတော့ ဝမ်းသာရပါတယ်။ သူတို့ရွာမှာ ရွာကတစ်အိမ်ချင်းစီပါတဲ့ မြေပုံကိုကြိုက်ပါတယ်။ ဒါက Project က ရေးဆွဲပေးတာလို့ သိရပါတယ်။ ဒီလိုမြေပုံလေးကို ချိတ်ဆွဲထားတော့ ရွာကိုလာလည်ကြတဲ့သူတွေ ဘယ်အိမ်ကိုသွားချင်တယ်၊ ဘယ်သူဘယ်နားမှာ ရှိတယ်ဆိုတာ လွယ်လွယ်သိရတာပေ့ါ။ ရွာမှာ မူလတန်းကျောင်းနဲ့ ဆေးခန်းလေးတစ်ခန်း ရှိပါတယ်။

လွိုင်ကော်နဲ့ မိုင် ၆၀ လောက်၊ ဖရူးဆိုနဲ့ မိုင် ၃၀ လောက် ကွာဝေးတဲ့အပြင် တောင်ပေါ် လမ်း အကွေ့အကောက်များတဲ့ ဒေသလေး ဖြစ်တာကြောင့် လွိုင်ကော်ကနေ သုံးနာရီ၊ လေးနာရီလောက် သွားရပါတယ်။ နိုင်ငံခြားသား ခရီးသွားတွေ အတွက်သာမက ပြည်တွင်းခရီးသွားများ၊ ပကာသနမြို့ပြနဲ့ ခေတ္တ အလှမ်းဝေးလိုသူတွေပါ သွားရောက်အပန်းဖြေနိုင်ပါတယ်။ လွိုင်ကော်ကနေ နေ့ချင်း ပြန်သွားကြည့်နိုင်ပါတယ်။ အဲဒီ Project လုပ်တဲ့ အဖွဲ့ကပဲ ယဉ်ကျေးမှု ပြတိုက်ငယ်လေး တစ်ခု လုပ်ထားပါတယ်။ ခရစ်ယာန် ဘုရားရှိခိုးကျောင်း ကောင်းကောင်း ရှိပါတယ်။ ပြတိုက်ထဲမှာ ဗုံငါးလုံး ရှိတာ တွေ့ရပြီး၊ တချို့ ကယောရွာတွေမှာ ဗုံငါးလုံးပြည့်အောင် မရှိကြတော့ဘူးလို့ သူတို့က ပြောပါတယ်။ ဒီလို ထိန်းသိမ်းထားနိုင်တာကို သူတို့က ဂုဏ်ယူကြပါတယ်။ အခြား အခြားသော အသုံးအဆောင်တွေလည်း တွေ့ရပါတယ်။ ပိုက်ပုလွေ၊ ဒူးလေး၊ လင်းလေး၊ ရက်ဖောက်၊ ချည်ငင်တဲ့ခြား စသဖြင့် တွေ့ရပါတယ်။ ဒါတွေကနေ ကယောလူမျိုးတို့ရဲ့ အမဲလိုက်လုပ်ငန်း၊ အဝတ်အစားရက်လုပ်ငန်း၊ ဂီတအနုပညာတို့ကို လေ့လာနိုင်ပါတယ်။ အိမ်တိုင်းလိုလိုမှာ အင်္ကျီ/လုံချည် ရက်လုပ်နေတာ တွေ့ရပါတယ်။ မေးကြည့်တဲ့အခါ အရင်ကလို ဝါ မစိုက်ကြတော့ဘဲ မြို့ကဆေးဆိုးပြီးသား ချည်ကိုဝယ်ပြီး ရက်တယ်လို့ သိရပါတယ်။ နောက်ထူးခြားတာက အမျိုးသမီးတွေ ရင်ဘတ်မှာ ဆွဲထားတဲ့ ဆွဲကြိုးတွေ ဆွဲပြားတွေပါ။ ဆွဲကြိုးတွေမှာ ရှေးအင်္ဂလိပ်ခေတ်က ငွေဒင်္ဂါးခေါင်းတွေကို ဖောက်ဆွဲထားပါတယ်။ အဲဒါသူတို့ ပိုက်ဆံလို့ ပြောပါတယ်။ နောက်ပြီးရင်ဘတ်မှာ လခြမ်းပုံ ဆွဲပြားကြီးနှစ်ခုက ထိုင်းနိုင်ငံလုပ်တွေဖြစ်ပြီး အဲဒီဆွဲပြားက သူတို့ ယောကျ်ားတွေက မင်္ဂလာလက်ဖွဲ့ အဖြစ် တင်တောင်းခဲ့တဲ့ပစ္စည်းပါ။ ဝက်၊ ယာမြေတို့လည်း တင်တောင်းတတ်ပါတယ်။ အဲဒါကတော့ သတို့သမီးလည်မှာဆွဲဖို့ သတို့သမီး တင်တောင်းဖို့ ဝယ်ပေးရတာပါ။ တစ်သက်လုံး ဆွဲထားကြပါတယ်။ အဲဒီဆွဲပြားဆွဲထားတာ တွေ့ရင်တော့ အိမ်ထောင်ရှိ အမျိုးသမီးလို့ သိရမယ့် သဘောပါ။ သူတို့ရဲ့ ခေါင်းမှာ ဘီးလိုလက်တံလေး ငါးချောင်းပါပြီး၊ နောက်ပိတ်က သတ္တုနှင့် ပန်းပွားလေးနဲ့ လုပ်ထားတဲ့ ဆံထိုးလိုလို ဘီးလိုလိုကိုလည်း ခေါင်းမှာ ထိုးကြတာတွေ့ရပါတယ်။ နောက်ကွမ်းအစ်ထဲမှာပါတတ်တဲ့ ထုံးဘူး၊ ကွမ်းရွက်၊ ကွမ်းသီး၊ ဆေးရွက်တို့ထည့်ဖို့ လွယ်အိတ်သေးသေးလေးတွေ လွယ်တတ်ကြပါတယ်။ အမျိုးသားတွေကတော့ လက်ဝတ်ရတနာ ဝတ်တာမရှိပါဘူး။ ဘောင်းဘီကတော့ ဘောင်းဘီရှည်မဟုတ်ဘဲ ဘောင်းဘီတိုပဲ ဝတ်ကြပါတယ်။ အခုခေတ်မှာ လက်ပတ်နာရီပတ်ထားတာ တွေ့နေရပါပြီ။ သူတို့နေအိမ်တွေကို နိုင်ငံခြားသားတွေ လာရောက် လည်ပတ်ရင်း၊ သူတို့ လုပ်ကိုင်နေတဲ့ စက်မှုလုပ်ငန်းတွေမှာ ပါဝင်လုပ်ဆောင်ပေးရင်း ဝင်ငွေတွေရနိုင်ပါတယ်။ နောက် ချည်ငင်တဲ့ လုပ်ငန်း၊ ဂျပ်ခုတ်နဲ့ အင်္ကျီ အဝတ်စရက်တဲ့ လုပ်ငန်းတွေမှာလည်း ဧည့်သည်တွေ ပါဝင် လုပ်နိုင်ပါတယ်။ နောက်ထပ်လုပ်မယ်ဆိုရင် တောင်ယာတဲလေး ဆီသွားတာ၊ တောင်ယာဝင်ပြီး စိုက်ကြည့်တာမျိုး၊ ခူးကြည့် တာမျိုးတွေပါ လုပ်လို့ရပါသေးတယ်။ အခုလည်း Project က ဆရာတွေကရောက်ရင် “hello” လို့နှုတ်ဆက်၊ ကိုယ့်နာမည်ပြောပြ၊ လူမျိုးပြောပြ၊ ကိုယ့်ဝတ်စားပုံ ရှင်းပြ၊ ခေါင်းရည်တိုက်၊ ဓာတ်ပုံရိုက်၊ ကိုယ့်အဝတ်အစားတွေကို ဧည့်သည်တွေကို ဝတ်ပေးပြီး ဓာတ်ပုံရိုက်တာမျိုး လုပ်လို့ရပါတယ်။ ကျွန်တော်တို့ သွားရောက်လေ့လာတာက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး ခေါင်းဆောင်တဲ့အဖွဲ့နဲ့ သွားတာပါ။ ကယားမှာ လူမျိုးကကိုးမျိုး ကွဲပြားပြီး ယခုထေးခိုရွာမှာနေကြသူတွေက ကယောလူမျိုးလို့ သူတို့ ပြောကြပါတယ်။ ဒီထေးခိုလိုပဲ ဓလေ့ထုံးတမ်းကို ထိန်းသိမ်းတဲ့ရွာလေးတွေ၊ ကျေးလက်အငွေ့အသက် များများဆန်တဲ့ ရွာလေးတွေမှာTourism Community တွေ ထူထောင်ပြီး Tourism Industry နဲ့ခရီးသွားတွေကို ဆွဲဆောင်ရမှာပါ။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံခြားခရီးသွားလုပ်ငန်းတွေကိုကြည့်ရင် ယခင်က ဘုရားကျောင်းကန်တွေကိုပဲ ပြသနေတဲ့ အဆင့်ကနေ World Heritage ကို ပြသကြတာ၊ မိမိနိုင်ငံနဲ့ တိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးတမ်းတွေကို ပြသတာ၊ ကျေးလက်ဒေသတွေရဲ့အပြုအမူတွေကို နိုင်ငံခြားခရီးသွားတွေ ကိုယ်တိုင်ပါဝင် လုပ်ကိုင်ကြတာမျိုးတွေ၊ ဥပမာ အင်းထဲမှာ အင်းသားတွေလိုခြေထောက်နဲ့ လှေ လှော်ခိုင်းကြတာမျိုး၊ ရက်ကန်း ဝင်ရက်ခိုင်းတာမျိုး၊ ခေါင်ရည်အတူသောက်တာမျိုး၊ ရိုးရာအစားအစာတွေ အတူ ချက်ပြုတ်စားတာမျိုး၊ နွားနဲ့ လယ်ထဲမှာ အတူလယ်ထွန်တာမျိုး၊ ငါးကို ပိုက်ကွန်နဲ့ ပစ်ပြီး ဝိုင်းဖမ်းကြတာမျိုးစသည့် ရိုးရာဓလေ့ထုံးစံတွေ ကျေးလက်ဒေသ ပုံမှန်လုပ်ငန်းတွေကို အတူတူလုပ်တဲ့ နိုင်ငံခြားခရီးသွားလုပ်ငန်းတွေက ဆွဲဆောင်မှု အရမ်းကောင်းပါတယ်။ ဒါကြောင့် ဒီလိုမျိုး Tourism Community ပိုမိုကောင်းမွန်အောင် ထူထောင် ပေးစေချင်ပါတယ် ခင်ဗျ။ လုပ်ပေးမယ်ဆိုရင် ကယောလူမျိုးတွေ ကိုယ်စား ‘တမောဘာန’ (ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်)။

❑

# ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ ၂၀၁၇ (World Intellectual Property Day 2017) အထိမ်းအမှတ်အခမ်းအနားကျင်းပ

ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဌာနမှ ကြီးမှူးကျင်းပသည့် ဧပြီ ၂၆ ရက်တွင် ကျရောက်သော ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ (World Intellectual Property Day) အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ဧပြီ ၂၆ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၁ ခုနှစ်မှစပြီး နှစ်စဉ်ဧပြီ ၂၆ ရက်တွင် ကျင်းပပြီး မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်မှ စတင်ကျင်းပခဲ့ကြောင်း သိရပါတယ်။ ၂၀၁၇ ခုနှစ်အတွက် ဆောင်ပုဒ်မှာ "Innovation Improving Lives" "လူမှုဘဝမြှင့်တင်ဖို့ ဆန်းသစ်တီထွင် ဖန်တီးစို့" ဖြစ်ပါသည်။

အဆိုပါ အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမိုးမိုးသွယ်က တီထွင်ဆန်းသစ်မှုဆိုသည်မှာ မိမိတို့တွင် ရှိပြီးသား နည်းပညာ၊အတွေးအခေါ်၊ အသိဉာဏ်၊ အတွေ့အကြုံများပေါ်တွင် အခြေခံပြီး ပိုပြီးကောင်းမွန်သော နည်းပညာ အတွေးအခေါ်၊ အသိဉာဏ်များအား ထုတ်ဖော်ရန်ဖြစ်ကြောင်း၊ မိမိတို့နေ့စဉ်ရပ်တည်နေရတဲ့ လူမှုဘဝပတ်ဝန်းကျင်ရှိ အခက်အခဲများကို သိရှိရန်၊ သိရှိပြီး ကျော်လွှားနိုင်ရန်၊ ကျော်လွှားနိုင်မယ့် နည်းလမ်းကို အဖြေရှာရန်၊ ရှိပြီးသား နည်းပညာကို အခြေခံပြီးပိုမိုကောင်းမွန်တဲ့ နည်းပညာတီထွင်ဖန်တီးရမှာဖြစ်ကြောင်း၊ ဒါကြောင့် ကိုယ်တိုင်တီထွင်ဖန်တီးနိုင်မှုများကို အကာအကွယ်ပေးဖို့စနစ်တစ်ရပ်လိုအပ်ကြောင်း၊ ဒါကြောင့် ဉာဏပစ္စည်း မူပိုင်ခွင့်ဥပဒေများ ရေးဆွဲရခြင်းဖြစ်ကြောင်း၊ ထိုဥပဒေမှာ တီထွင်ထုတ်လုပ်သူကို အကာအကွယ်ပေးပြီး အကျိုးဖြစ်ထွန်းစေသလို စားသုံးသူအတွက်လည်း လုံခြုံစိတ်ချစွာ သုံးစွဲနိုင်မှာဖြစ်ကြောင်း မြန်မာနိုင်ငံအနေနဲ့လည်း ၁၇၆ နိုင်ငံမြောက် WIPO အဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့ကြောင်း (ဉာဏပစ္စည်း မူပိုင်ခွင့် ဥပဒေတွင် Patent Law, Indutrial Design Law, Trademarks , and GI Law, Copyright Law ဆိုပြီး ဥပဒေလေးရပ်ပါဝင်မှာ ဖြစ်ပါတယ်။ ပါဝင်ဖွဲ့စည်းထားတဲ့ အခြေခံအဆောက်အအုံများမှာ IP Office, IP Court နဲ့ Customs/Police တို့ဖြစ်ကြောင်း၊ SME များအတွက်လည်း ပညာပေးခြင်းများ ပြုလုပ်ပေးပြီး အစိုးရဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

မိမိတို့ နေ့စဉ်သုံးစွဲနေသော ပစ္စည်းများတွင် ဉာဏပစ္စည်းတီထွင်ဆန်းသစ်မှုများ ပါဝင်နေပြီး ထိုတီထွင်ဆန်းသစ်မှုများကို အကာအကွယ်ပေးခြင်းဖြင့် ဖန်တီးသူရော စားသုံးသူပါ အကျိုးအမြတ် ရရှိစေနိုင်မှာဖြစ်ပါတယ်။ တီထွင်သူအတွက် မိမိပစ္စည်းအပေါ်မှာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသလို စားသုံးသူများရဲ့ ယုံကြည်လက်ခံမှု ရရှိစေမှာဖြစ်ပြီး ဂုဏ်သိက္ခာရှိရှိနဲ့ ဈေးကွက်ချဲ့ထွင်နိုင်မှာ ဖြစ်ပါတယ်။ ပြန်လည်ရရှိတဲ့ အရင်းအနှီးနဲ့ ပိုမိုကောင်းမွန်တဲ့ တီထွင်မှုတွေ ဆက်လက်ပြုလုပ်နိုင်မှာဖြစ်သလို စားသုံးသူများအနေနဲ့လည်း ယုံကြည်စိတ်ချစွာနဲ့ အရည်အသွေး ပြည့်ဝတဲ့ပစ္စည်းသုံးစွဲရမှာဖြစ်သလို အတုအပများရဲ့ အန္တရာယ်မှလည်း ကာကွယ်ပေးရာရောက်ပါတယ်။

ဉာဏပစ္စည်းမူပိုင်ခွင့်ဥပဒေခိုင်မာစွာရှိနေခြင်းဖြင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုကို ရရှိမှာဖြစ်ပါတယ်။ နည်းပညာကုမ္ပဏီများက ထိုဥပဒေခိုင်မာစွာရှိနေခြင်းကို ထည့်သွင်းစဉ်းစားမှာဖြစ်ပြီး နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူပြုစေမှာဖြစ်ပါတယ်။

စာပေအနုပညာနဲ့ ပတ်သက်ပြီးလည်း ဉာဏပစ္စည်းမူပိုင်ခွင့်ဥပဒေမရှိတဲ့အတွက် အရည်အချင်းပြည့်ဝ ပြည့်မီသော်လည်း ဈေးကွက်ယှဉ်ပြိုင်မှုအားနည်းကြောင်း မိမိနိုင်ငံအတွင်းမှာပဲ ဈေးကွက်ရှိကြောင်း၊ အတုအပများရဲ့ အန္တရာယ်ကိုလည်း ခံစားနေရကြောင်း၊ ဒါကြောင့် ဉာဏပစ္စည်း မူပိုင်ခွင့်ဥပဒေမှာဆုံးရှုံးမှုတွေမဖြစ်ရအောင် ကာကွယ်ပေးတဲ့အတွက် တကယ့်အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း အနုပညာရှင်များက ဆွေးနွေးပြောကြားခဲ့ပါတယ်။

အခမ်းအနားသို့ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိဝန်ထမ်းများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှသံအမတ်၊ USAID နဲ့ JICA မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တက္ကသိုလ်များ၊ ဥပဒေပညာရှင်များ၊ ပုဂ္ဂလိကဆိုင်ရာ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**



## ဂျိတ်စေ့များအား ရသလောက် ဝယ်ယူလိုသည်ဟုဆို

ဂျိတ်ပင်သည် ဧရာဝတီတိုင်းဒေသကြီး ဝေါန်မြစ်တစ်လျှောက် ဝဲ/ယာ မြစ်ကမ်းနှင့် လယ်ကွင်းများအကြား အ ကျယ် ၅၀ ပေခန့်တွင်လည်းကောင်း၊ သာပေါင်းမြို့နယ်တွင် တောင်စောင်း၊ စမ်းချောင်းနံဘေးများ၌လည်းကောင်း အလေ့ကျပေါက်လေ့ရှိသည်။

အပင်သက်တမ်းမှာ မိုးရာသီ ဇွန်လတွင် စတင်ပေါက်ရောက်ပြီး ဒီဇင်ဘာတွင် ရင့်မှည့်ကာ သက်တမ်းကုန်သော တစ်ရာသီသက်တမ်းရှိသည့် အပင်ဖြစ်ပါသည်။ အပင်အမြင့်အားဖြင့် ခုနစ်ပေမှ ၁၀ ပေ ကြား အပင်မျိုး ဖြစ်ပါသည်။ ကွင်းဆင်းလေ့လာစဉ်က အပင်များရင့်ရော်ပြီး မြေပြင်တွင်လဲကျနေသော အသီး များကြွေနေပြီကိုတွေ့ခဲ့ရပါသည်။အနည်းငယ်သောအပင်များသာ အစေ့များအနည်းငယ်ကျန်ရှိပါသည်။ အချို့ ဗျိုက်တော ရေဝင်သောနေရာများတွင် အပင်ပေါက်နှင့် အပင်ပျိုအနည်းငယ် ကျန်ရှိနေသည်ကို လေ့လာတွေ့ရှိရပါသည်။

သွားရောက်လေ့လာခဲ့သော ပုသိမ်မြို့နယ်အတွင်းရှိ ဝေါန်မြစ်တစ်လျှောက် ကျေးရွာများဖြစ်သော ပိန်းချောင်ကျေးရွာနှင့် ကင်ပွန်းချဉ်ကျေးရွာ၊ အောင်ဗောဓိကျေးရွာများ၊ သာပေါင်းမြို့နယ် သစ်ဆင်ကျေးရွာများရှိ ဒေသခံများပြောပြချက်အရ ဂျိတ်ပင်အား စီးပွားဖြစ်စိုက်ပျိုးခြင်းမရှိဘဲ အလေ့ကျ ဂျိတ်ပင်မှ ထွက်ရှိသည့် ဂျိတ်စေ့အား ကလေးများ ကြိုးဖြင့်သီ၍ လည်ဆွဲသော်လည်းကောင်း၊ လက်ကောက်သော်လည်းကောင်း လုပ်ဆောင်ကာ ဆော့ကစားကြကြောင်း လေ့လာသိရှိရပါသည်။ အချို့သော ဆေးမြီးတို ဆရာများက အပင်ပေါက်၏ပဥ္စင်ါးပါးကို သုံးခွက်တစ်ခွက်ကျို၍ သောက်သုံးလျှင် ဆီးချို၊ သွေးချို ရောဂါပျောက်ကင်းကြောင်း၊ သူငယ်နာရောဂါများ ဖြစ်သည့် အတက်ရောဂါ၊ ထိပ်ကပ်နာရောဂါ များကို ဆန်ဆေးရေနှင့် အစေ့ကို သွေးပြီး လိမ်းပေးပါက ချက်ချင်း ပျောက်ကင်းကြောင်း လေ့လာသိရှိရပါသည်။

ဂျိတ်စေ့သည် မြစ်ကမ်းနားတစ်လျှောက်နှင့် တောင်စောင်း၊ စမ်းချောင်းနံဘေးတို့တွင် အလေ့ကျပေါက်ရောက်ကာ တစ်ဧကကို ငါးတင်း၊ ၁၀ တင်းခန့် ခူးဆွတ်၍ ရနိုင်ကြောင်း၊ ယခုနှစ်တွင်မူ အချိန်လွန်၍ မရနိုင်ကြောင်း ဒေသခံများ၏ ပြောပြချက်အရ လေ့လာသိရှိရပါသည်။

ဂျိတ်ပင်သည် အလေ့ကျပေါက်သော အပင်ဖြစ်သော်လည်း ဂျိတ်စေ့သည် စီးပွားဖြစ်လုပ်ကိုင်ရန် ဈေးကွက်ရှိနေပြီး ရလျှင်ရသလောက်ယူမည့် ဝယ်လက်ရှိနေပါသည်။ ဂျိတ်စေ့ အရည်အသွေး၊ ဈေးနှုန်းနှင့် ဝယ်ယူမည့် အခြေအနေမှာ ဂျိတ်စေ့ တစ်ကီလိုလျှင် ကျပ် ၁၅၀၀၀ အခြောက် (အစိုဓာတ် ၁၄%)၊ ဂျိတ်စေ့ အရွယ်စုံကို ရသလောက်ဝယ်ယူမည့် ဝယ်လက်ရှိသည်။

ဝယ်လက် ဆက်သွယ်ရန် ဖုန်းနံပါတ်-၀၉၉၇၀၆၈၄၂၈၁၊ ရန်ကုန် အရောက်ပို့စနစ်ဖြစ်ပြီး တာဝန်ခံသူဌာန(သို့)ဘဏ်သို့လွှဲပေးမည်။ပစ္စည်းပို့(ကားဖြင့်)ရောက်ပါက ငွေပေးချေမည်။ ကြားခံထားမည်။ အရည်အသွေးကို မျက်မြင် Viber နှင့်ပို့ရန် ဖြစ်ကြောင်း သိရသည်။

**ကျော်ဌေး- ဧရာဝတီ**

# အရောင်းအဝယ်အနည်းငယ်ဖြစ်လာသည့် ရန်ကုန်ကားဈေးကွက်

ရန်ကုန်မြို့ ကားဈေးကွက်အတွင်း သင်္ကြန်လွန်ကာလ ရုံးပိတ်ရက်များအပြီး နောက်ပိုင်းကာလများတွင် ကားလေးများမှစ၍ အရောင်းအဝယ်ပြန်ဖြစ်လာကြောင်း သိရသည်။

စလစ်ကပ်ကားများအနေဖြင့် မှုဝါဒအသစ်၏ အစီအမံနှင့် ဆောင်ရွက်ရသည်ဖြစ်၍ ဈေးတန်းများ ယခင်ကတည်းက မျှော်လင့်ထားသလိုပင် အခွန်ထပ်ဆောင်းရသဖြင့် ပိုမိုမြင့်တက်လာသည်ဖြစ်၍ နံပါတ်ထွက်ပြီးသား ကားများသာ ဈေးကွက်ရှိနေပြီး ယခင်ကာလများကဲ့သို့ ကြိုက်ရောင်း၊ ကြိုက်ဝယ်မဟုတ်ဘဲ ကြိုက်ဈေးခေါ်ပြီး ရောင်းချလာကြကြောင်း သိရသည်။

စလစ်ကပ်ကားများ အသစ်ထပ်မံတင်သွင်းမှု ယခင်ကလို များပြားနိုင်ခြင်းမရှိသော်လည်း စလစ်အဝယ်များ ရှိနေသေးသဖြင့်ဈေးတန်းမှာသိန်း ၁၈၀ အထက်သာ ရှိနေကြောင်း၊ အချို့မှာလည်း ကားဈေးတန်း ပြန်မာလာ၍တစ်ကြောင်း၊ ရုပ်ခံကောင်းပြီး အသုံးပြုခံနိုင်အား ကောင်းသေး၍ နှစ် ၂၀ သက်တမ်း အကွာရာနိမ့် ကားဟောင်းများအား စီးနင်းနေကြပြီး အပ်နှံလိုခြင်းမရှိ၍ ကားဟောင်းဈေးကွက်လည်း ရှိနေမည်ဖြစ်ကြောင်း ဝါရင့်အကျိုးဆောင် ဦးမြင့်ကျော်က ပြောသည်။

လက်ရှိဈေးကွက်ထဲတွင် ရန်ကုန်လိုင်စင်ကားလေးများ အကွာရာ(၃)(၄)တန်းအနိမ့်များ ဈေးကွက်ရှိနေပြီး ဒုတိယအဆင့်အနေဖြင့် နယ်လိုင်စင် ၂၀၁၁/၂၀၁၂ ကားလေးများ ဈေးကွက်ရှိနေကြောင်း၊ ဈေးတန်းများလည်း လကုန်ပိုင်းခန့် နောက်ဆုံးပတ်တွင် တဖြည်းဖြည်း ပြန်မာလာပြီး ယခင်လများနှင့်စာလျှင် သိန်း ၂၀မှ သိန်း ၃၀ခန့် ပိုမိုမြင့်တက်လာကြောင်း ၎င်းမှပြောသည်။

အငှားယာဉ်ဈေးကွက်နှင့်ပတ်သက်၍လည်း နယ်လိုင်စင်များအတွက် မူဝါဒချမှတ်နိုင်သည်ဟု သတင်းများပြေးနေ၍ အငှားယာဉ်(တက္ကစီ) လိုအပ်သဖြင့် ဝယ်ယူသူများမှာလည်း ဈေးတန်းသက်သာသည့် နယ်လိုင်စင် တက္ကစီများအား ဝယ်ယူမှုမရှိဘဲ ဈေးအသာဖြင့် ရန်ကုန်လိုင်စင်ကားများအား ဝယ်ယူမှုရှိလာကြောင်း ၎င်းကပြောသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက်(၂၀၁၁) | ယာယီ | ၁၆၀ သိန်း | နယ်လိုင်စင် |
| ၂။ | ဗင် (၂၀၁၁) | ယာယီ | ၁၄၀ သိန်း | 1.3 ဓာတ်ဆီ |
| ၃။ | ဝှရှ် (၂၀၀၉) | ယာယီ | ၃၀၀ သိန်း | 2.0 ဒီဇယ် |
| ၄။ | ကာလ်ဒီးနား (၂၀၀၃) | 9G | ၁၇၀ သိန်း | 1.8 ဓာတ်ဆီ |
| ၅။ | ကလူဂျာ (၂၀၀၆) | ယာယီ | ၄၀၀ သိန်း | 2.4 ဒီဇယ် |
| ၆။ | မတ်စ်အီပ်စ် (၂၀၀၆) | ယာယီ | ၃၇၀ သိန်း | 3.0 ဓာတ်ဆီ |
| ၇။ | ဒီမီယို (၂၀၁၁) | ယာယီ | ၁၄၀ သိန်း | နယ်လိုင်စင် |
| ၈။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၁၆၀ သိန်း | နယ်လိုင်စင် |
| ၉။ | မီနီထရပ် (၂၀၀၇) | 3H | ၉၅ သိန်း | ရန်ကုန် |

# International Trade Weekend Course(Batch-2)သင်တန်းဖွင့်လှစ်မည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်းတွင် International Trade Weekend Course(Batch-2)ကို မေလပထမပတ်မှ စတင်၍ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းကို စနေ၊တနင်္ဂနွေနေ့များတွင် နံနက် ၉:၃၀ နာရီမှ နေ့လယ် ၁၂ :၃၀ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလခွဲကြာမြင့်မည်ဖြစ်သည်။

Trade Training Institute ကို ၂၀၁၂ ခုနှစ် ဧပြီလမှစတင်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာကုန်သွယ်မှုနှင့်ပတ်သက်၍ စာတွေ့လက်တွေ့များဖြင့် ကျယ်ကျယ်ပြန့်ပြန့် သင်ကြားပို့ချပေးလျက်ရှိသည်။ အဆိုပါသင်တန်းများကို နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိက ကဏ္ဍရှိ စီးပွားရေးလုပ်ကိုင်သူများအား နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် သိသင့်သိထိုက်သည့် အသိပညာ၊ ဗဟုသုတများရရှိရန်နှင့် နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်သည့် ပို့ကုန်လုပ်ငန်းရှင်သစ်များ၊ ကုန်သည်စီးပွားရေးလုပ်ငန်းရှင်သစ်များကို မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သင်တန်းတွင် ကုမ္ပဏီတစ်ခုတည်ထောင်သည်မှစ၍စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြုလုပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ နိုင်ငံတကာ ကုန်သွယ်မှုသီအိုရီနှင့် သဘောတရားများ၊ စီးပွားရေးဆိုင်ရာ ကျင့်ဝတ်များ၊ စံချိန်စံညွှန်းများ၊ ဈေးကွက်သုတေသန၊ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ မူဝါဒများ အစရှိသည့် ဘာသာရပ်များကို စီးပွားရေးပညာရှင်များ၊ ကုန်သွယ်မှုနှင့်ဆက်စပ်သည့် ဝန်ကြီးဌာန အသီးသီးမှ ကျွမ်းကျင်သူများနှင့်နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များက ပို့ချဆွေးနွေးမည်ဖြစ်ပါသည်။ စီးပွားရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပပေးခြင်း၊ လေ့လာရေးခရီးစဉ်များ စီစဉ်ပေးခြင်းတို့ ပါဝင်မည်ဖြစ်ပါသည်။

သင်တန်းကို အမှတ် ၂၂၈-၂၄၀ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီးရုံး) စတုတ္ထထပ်ရှိ သင်တန်းခန်းမတွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းနှင့်ပတ် သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၁-၃၇၁၂၂၀၊ ၃၇၁၂၀၄၊ ၃၇၈၇၉၈၊ ၃၇၃၄၇၀ တို့သို့ ဆက်သွယ်၍လည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်းတွင်လည်းကောင်း မေးမြန်းစုံစမ်းနိုင်ကြောင်းသတင်းရရှိပါသည်။ **TTI**

# ပြည်ပဈေးကွက်တွင် ရာဝတီတိုင်းဒေသကြီးမှ သီဟိုဠ်စေ့များ ယခုနှစ် အမြင့်ဈေးရရှိပြီး တောင်သူများ တွက်ခြေကိုက်

ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိဒေသထွက်ကုန်များတွင် ပြည်ပပို့ကုန်ဖြစ်သော သီဟိုဠ်စေ့မှာ ရာသီသီးနှံအဖြစ် ဖေဖော်ဝါရီလကုန်မှစတင်၍ ဈေးကွက်သို့ ဝင်ရောက်လျက်ရှိပြီး မတ်လပိုင်းဆိုလျှင် သီဟိုဠ်လှိုင်လှိုင်ပေါ်သည့်အချိန်ဖြစ်ကြောင်း၊ သီဟိုဠ်စေ့မှာ မိုးမရွာခင်အချိန်အထိ ဈေးကွက်မှာ အရောင်းအဝယ်ဖြစ်၍ မေ၊ ဇွန် လများတွင် မိုးဖြိုင်ဖြိုင်ရွာသွန်းပါက သီဟိုဠ်စေ့မှာ မိုးမိလျှင် ရေဝင်ကာ အသီးမှာမည်းသွား၍ ဈေးကွက်တွင် အရောင်းအဝယ်မဖြစ်တော့ဘဲ သီဟိုဠ်ရာသီပြီးဆုံးသွားကြောင်း ဈေးကွက်မှသိရပါသည်။

တိုင်းအတွင်း သီဟိုဠ်စိုက်ဧက ၆၅၉၃၃ ခန့်နှင့် မြောင်းမြခရိုင်၊ ဟသ်ာတခရိုင်နှင့် လပွတ္တာ အပါအဝင် ပုသိမ်ခရိုင်အတွင်း ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်အတွင်းရှိ ပင်လယ်ကမ်းခြေဒေသ ကျေးရွာများအပြင် ချောင်းသာ၊ ငွေဆောင်ဒေသများတွင်လည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ပုသိမ်မြို့ပေါ်တွင် သီဟိုဠ်စေ့ကုန်ကြမ်းဝယ်ယူသည့် ဒိုင်ခြောက်ဒိုင်၊ ခုနစ်ဒိုင်ခန့်ရှိ၍ ဝယ်ယူရရှိသော သီဟိုဠ်စေ့ကုန်ကြမ်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ပြီး ရန်ကုန်သီဟိုဠ် ခွဲစက်များ၌ ကုန်ချောများ ပြုလုပ်ကာ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း အဝယ်ဒိုင်များမှ သိရပါသည်။

ပုသိမ်မြို့ပေါ်နှင့် သာပေါင်းမြို့နယ်တွင် သီဟိုဠ်ကုန်ချောများ ထုတ်လုပ်သည့်ခွဲစက်များရှိပြီး ကုန်ကြမ်းများဝယ်ယူ၍နှစ်ပတ်လည် သိုလှောင်ကာ ကုန်ချောပြုလုပ်ပြီး လစဉ် မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခင်နှစ် သီဟိုဠ်စေ့ပေါ်စက တစ်ပိဿာလျှင် ကျပ် ၁၅၀၀ နှင့် ဈေးကွက်သို့ ဝင်ရောက်ပြီး အပိတ်ဈေးမှာ အမြင့်ဆုံးကျပ် ၂၇၀၀ ဖြစ်သွားသော်လည်း ယခုနှစ် သီဟိုဠ်ပေါ်ချိန်တွင် တစ်ပိဿာလျှင် ကျပ် ၄၀၀၀ -၄၂၀၀ နှင့် ဈေးကွက်သို့ ဝင်ရောက်၍ ယခင်နှစ်ထက် တောင်သူများ အမြင့်ဈေးရရှိပြီး တွက်ခြေကိုက်ကြောင်း၊ မတ်လ သီဟိုဠ်လှိုင်ချိန်မှာလည်း ဈေးကောင်းရရှိပြီး ဧပြီလ ဒုတိယပတ် သင်္ကြန်အချိန်ရွာသော မိုးကြောင့် သီဟိုဠ်ဈေးမှာ ယခုလက်ရှိအချိန် ပေါ်စကလို ဈေးနှုန်းမရသော်လည်း သီဟိုဠ်အရည်အသွေးပေါ်မူ တည်၍ ကျပ် ၂၀၀၀-၂၁၀၀၊ ကျပ် ၂၆၀၀-၂၇၀၀ ခန့်၊ ကျပ် ၂၈၀၀-၃၀၀၀ ဝန်းကျင်ဈေးနှင့် ရောင်းဝယ်လျက်ရှိကြောင်း၊ အချို့မြို့နယ်များတွင် ဈေးကွက်ပေါ်မူတည်၍လည်း ဈေးနှုန်းကွာခြားမှုရှိနိုင်ကြောင်း သီဟိုဠ်အဝယ်ဒိုင်များမှ သိရပါသည်။

**မင်းမင်းဦး(ပုသိမ်)**

# ကယားပြည်နယ်ရှိဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် တောင်သူများတွေ့ဆုံ

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးတွင် ဧပြီလ ၂၇ ရက်က ကယားပြည်နယ်ရှိ တောင်သူများနှင့်တွေ့ဆုံပွဲကိုပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

တွေ့ဆုံပွဲတွင် ကယားပြည်နယ်အစိုးရအဖွဲ့မှ စီမံ/ဘဏ္ဍာဝန်ကြီး ဦးမော်မော် တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ပြည်နယ်စက်မှု လယ်ယာဦးစီးဌာန၊ ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ပြည်နယ်မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပြည်နယ်သမဝါယမဦးစီးဌာန၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံ ပြောင်းစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ဆန်စက်အသင်း၊ အခြားဆက်စပ်ဌာနဆိုင်ရာများနှင့် NGO အသင်းအဖွဲ့များ၊ ကယားပြည်နယ်ရှိ တောင်သူများ စုစုပေါင်း ၄၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။ ၎င်းတွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကယားပြည်နယ်ရှိ တောင်သူများ၏ အနာဂတ်သီးနှံ ဈေးနှုန်း/ ဈေးကွက်ရရှိနိုင်ရေးအတွက် ညှိနှိုင်းရခြင်းဖြစ်ပါသည်။

အဆိုပါတွေ့ဆုံပွဲတွင် ကယားပြည်နယ်အစိုးရအဖွဲ့မှစီမံ/ဘဏ္ဍာဝန်ကြီးက သမားရိုးကျစိုက်ပျိုးနေခြင်းအပြင် အခြားအပိုဝင်ငွေများရရှိနိုင်သည့် စားဖိုဆောင်သုံးသီးနှံများပါ တွဲဖက်စိုက်ပျိုးသင့်ပါကြောင်း၊ ကယားပြည်နယ်သည်ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သဖြင့် မိမိတို့၏မြို့နယ်၊ ကျေးရွာများတွင် ခရီးသွားများကို ဆွဲဆောင်နိုင်ရန်၊ ဒေသထွက် အမှတ်တရပစ္စည်းများ/ရိုးရာ အစားအသောက်များ ထုတ်လုပ်ရောင်းချခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေများရရှိနိုင်ပြီး ဒေသခံများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်ကြောင်း မှာကြားခဲ့ပါသည်။

ဆက်လက်၍စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊စားသုံးသူရေးရာဦးစီးဌာန၊ပြည်နယ်ဦးစီးမှူး ဦးခမ်လျန်စွမ်းက သီးနှံများ၏ဈေးနှုန်း/ဈေးကွက်အခြေအနေများ၊ သုံးသပ်ချက်များကိုရှင်းလင်းတင်ပြပြီး တောင်သူများကလည်း ၎င်းတို့သိလိုသည့် အချက်များနှင့် အခက်အခဲများကိုတင်ပြဆွေးနွေးရာ သက်ဆိုင်ရာဌာနအသီးသီးမှ ပြန်လည်ဖြေရှင်းဆွေးနွေးဖြေကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**ဇေခိုင်-တောင်ကြီး**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီးရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Vol: 17, No.16 Monday May 1 2017

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၁-၅-၂၀၁၇ မှ ၇-၅-၂၀၁၇ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အပြောင်းအလဲများမည်။ ငွေကြေးအဝင်အထွက်များမည်။ အလုပ်ကိစ္စနှင့်ပတ်သက်ပြီး ခရီးထွက်ရခြင်း၊ နေရာပြောင်းရခြင်း၊ အလုပ်သစ်ရခြင်းများဖြစ်မည်။ လောင်းကစားလုပ်ခြင်း၊ အလျော်အစားလုပ်ငန်းများ အဆင်မပြေပါ။ အလုပ်မရှိသေး ပါက အလုပ်ရမည့်ကာလဖြစ်သည်။ ယာဉ်၊ ကားနှင့် ခရီးသွားလုပ်ငန်းအဆင်ပြေမည်။ အချစ်သစ်တွေ့မည်။ အိမ်ထောင်ရေး ခဏခဏစကားများမည်။ အပေါင်းအသင်းများ၏ ကူညီခြင်းကို ခံရမည်။ ကျန်းမာရေးလည်ချောင်းနာခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ ဖျားနာခြင်းများဖြစ်မည်။ **ယတြာ။ ။စံပယ်ပန်းဘုရားကပ်လှူပါ။**



**တနင်္လာသားသမီးများအတွက်** အိုးအိမ်ပြုပြင်ရမည်။ ကိစ္စဟောင်းများမှ ငွေဝင်မည်။ ငွေဝင်သော်လည်း ကုန်ကျစရိတ်များနေမည်။ မိသားစုထဲမှ အောက်လက်ငယ်သား ကျန်းမာရေးမကောင်းဖြစ်တတ်မည်။ စားသောက်ဆိုင်၊ ဆေးရုံစသည့် အင်္ဂါနံနှင့်လုပ်သောအလုပ်များ အဆင်ပြေမည်။ ကြာသပတေးနံနှင့်စသော အလုပ်အဆင်မပြေဖြစ်တတ်မည်။ ကျန်းမာရေးဦးခေါင်းနှင့်ပတ်သက်သောရောဂါဖြစ်တတ်မည်။ ဝမ်းဗိုက်နှင့်ပတ်သက်သော ရောဂါများဖြစ်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေမည်။

**ယတြာ။ ။အိမ်ကိုရေဖြင့်ဆေးကြောသန့်စင်ပါ။ (စတိ) လုပ်ပါကရပါသည်။**



**အင်္ဂါသားသမီးများအတွက်** စိတ်ပင်ပန်းဒေါသထွက်ပြီး အရာရာကို အကောင်းမမြင်နိုင်မည့် အနေအထားဖြစ်နေမည်။ အလုပ်ကိစ္စများအတွက် စိတ်မပါဘဲပင်ပန်းနေလိမ့်မည်။ အလုပ်လျှောက်ပါက အဆင်မပြေနိုင်သေးပါ။ ယာဉ်၊ ရထား၊ ကားစသည့် လုပ်ငန်းများလုပ်ကိုင်ပါက အထူးသတိထားရမည့်အချိန်ကာလဖြစ်မည်။ ရုံးတွင်းပိုင်းလုပ်ကိုင်ရသော လုပ်ငန်းများဖြစ်ပါက အဆင်ပြေမည်။ စိတ်တိုင်းတော့ မကျတတ်သေးပါ။ အိမ်ထောင်ရေး၊ အချစ်ရေး အဆင်မပြေဖြစ်မည်။ အတိုက်အခံရန်ပေါ်များနေမည်။ ကျန်းမာရေးအပူကြောင့်ဖြစ်သောရောဂါများဖြစ်ပွားတတ်မည်။ **ယတြာ။ ။မွေးနံဒေါင့်မှာဘုရားကိုရေသပ္ပါယ်ပူဇော်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အလုပ်ပြောင်းရမလို၊ နေရာပြောင်းရမလို၊ အိမ်ပြောင်းရမလို၊ မတင်မကျဖြစ်နေတတ်မည်။ ကိုယ်ပိုင်စီးပွားရေးသမားများ အရှုံးပေါ် တတ်မည်။ လုပ်ငန်းချဲ့ထွင်ရန် မသင့်သေးပါ။ ပိုင်နိုင်သော ဆုံးဖြတ်ချက်ချရန် ခက်ခဲနေမည့်ကာလဖြစ်ပါသည်။ ခရီးသွားလုပ်ငန်း၊ ကုန်ရောင်းကုန်ဝယ်လုပ်ငန်းများ ခက်ခဲမည်။ အိမ်ထောင်ရေး၊ အချစ်ရေး အဆင်ပြေမည်။ ပျော်ရွှင်သောခရီးကို အတူသွားရမည်။ ကျန်းမာရေး ခြေထောက်နှင့်ပတ်သက်သော ထိခိုက်ရောဂါ၊ ခန္ဓာအောက်ပိုင်းရောဂါများ ခံစားရတတ်မည်။ **ယတြာ။ ။အဖြူရောင်ပန်းများလှူဒါန်းပါ။**



**ကြာသပတေးသားသမီးများအတွက်** စိတ်လက်ပေါ့ပါးပြီးပျော်ရွှင်ရမည့် ကာလဖြစ်မည်။ စီးပွားရေးအတွက် မျှော်လင့်ချက်အထောက်အကူကောင်းများ ရရှိမည့်ကာလဖြစ်သည်။ ပင်ပန်းဆင်းရဲကင်းပြီး အလုပ်များအပေါ် စိတ်ဝင်စားနေမည်။ အလုပ်မရှိလို့ အလုပ်လျှောက်ပါက ကောင်းသောအလုပ် အဆင်ပြေမည်။ အချစ်ရေး၊ အိမ်ထောင်ရေး စိတ်တိုင်းမကျဖြစ်မည်။ လက်အောက်ငယ်သားများ၏ ဂရုစိုက်မှုကိုခံရမည်။ ကျန်းမာရေး အာရုံကြောရောဂါများဖြစ်တတ်မည်။

**ယတြာ။ ။ဘုရားမှာယပ်အဖြူရောင်လှူဒါန်းပါ။**



**သောကြာသားသမီးများအတွက်** လှုပ်ရှားသွားလာနေရသော လုပ်ငန်းများအကျိုးပေးမည်။ အလုပ်သစ်ရတတ်မည်။ မိတ်ဆွေ၊ ဆွေမျိုး၊ မိမိပတ်ဝန်း ကျင်မှကောင်းသောကိစ္စများကြောင့် ဂုဏ်သိက္ခာ တိုးတက်ကိန်း ရှိမည်။ အလှအပနှင့် သက်ဆိုင်သော၊ ရေနှင့်ပတ်သက်သော လုပ်ငန်းများ အဆင်ပြေမည်။ အိမ်ထောင်ရေး၊ အချစ်ရေး၊ စိတ်ခဏခဏကောက်သော ချစ်သူမျိုးရတတ်မည်။ မိဘများနှင့်အဆင်မပြေသောသူနှင့် အိမ်ထောင်ပြုတတ်မည်။ ကျန်းမာရေး၊ အဆစ် အမြစ်ကိုက်ခဲသော ရောဂါများဖြစ်မည်။ ကိုယ်လက်လေးလံပြီး မလှုပ်နိုင်ဖြစ်တတ်မည်။ မျက်စိနှင့်ပတ်သက်သောရောဂါ ဖြစ်တတ်မည်။

**ယတြာ။ ။မှောင်နေသောနေရာများတွင် အလင်းတိုင်လှူဒါန်းပါ။**



**စနေသားသမီးများအတွက်** စိတ်မြန်ကိုယ်မြန် ဆုံးဖြတ်ချက်ချ တတ်သောကြောင့် အခက်အခဲပြဿနာများကြုံတတ်မည်။ မကောင်းသောစိတ်များကို အဝင်မခံပါနှင့် သတိထားပြီး ရှောင်ကြဉ်ပါ။ အလုပ်သစ် မလုပ်သင့်သေးပါ။ ကိုယ့်ကိုလိမ်ညာသောသူများနှင့်တွေ့ရမည်။ ကိုယ်ကအကောင်းပြုလျှင်တောင် လိမ်ညာသကဲ့သို့ဖြစ် တတ်မည်။ ခရီးသွားလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများ အဆင်ပြေမည်။ အချစ်ရေး စိတ်စောစွာပြုတတ်သောသူနှင့် အိမ်ထောင်ကျတတ်မည်။ အိမ်ထောင်ရေး မကောင်းသေးပါ။

**ယတြာ။ ။မုန့်လင်မယားကို မိတ်ဆွေများအား ဝယ်ကျွေးပါ။**



| ဝေဖြိုးထက် (သတင်းအချက်အလက်/အရည်အသွေး) |

**ယခင်အပတ်မှအဆက်**

**အရည်အသွေးကို ဘယ်လိုတည်ဆောက်ရမလဲ** (How to build Quality?)

အရည်အသွေးဆိုတာ စားသုံးသူရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခြင်းဆိုတဲ့ အချက်ကို ယနေ့ ခေတ်ရဲ့စီးပွားရေး ခေါင်းဆောင်တွေက သဘောတူ လက်ခံထားကြပါတယ်။ ကိုယ့်ရဲ့ထုတ်ကုန်တွေအပေါ် ဝန်ဆောင်မှုတွေဟာ စားသုံးသူရဲ့ လိုအပ်ချက်နဲ့ ကိုက်ညီမှုမရှိဘူးဆိုရင် ကိုယ့်ရဲ့လုပ်ငန်းက ကျဆုံးသွားမှာ ဖြစ်ပါတယ်။ ဖြစ်နိုင်သမျှ အကောင်းဆုံး ဆောင်ရွက်နိုင်ဖို့လိုပါတယ်။ ချို့ယွင်းချက်၊ အားနည်းချက် နည်းနိုင်သလောက်နည်းရပါမယ်။ ထုတ်လုပ်မှု၊ ဝန်ဆောင်မှုရဲ့ လုပ်ငန်းစဉ်များမှာ အမှားအနည်းဆုံးဖြစ်အောင် လုပ်ငန်း ဆောင်ရွက်မယ့် ပုံစံချမှတ်ခြင်း၊ လုပ်ငန်းဆောင်ရွက်ပုံ အစီအစဉ်တို့ကို စနစ်တကျရေးဆွဲချမှတ်ထားခြင်းရှိဖို့ လိုအပ်ပါတယ်။ အရည်အသွေးကို တည်ဆောက်တဲ့နေရာမှာ အရည်အသွေးဌာနရဲ့ တာဝန်သာဖြစ်တယ်လို့ သတ်မှတ်လို့မရပါဘူး။ အရည်အသွေး တည်ဆောက်ခြင်းဟာ ဒီလုပ်ငန်းမှာ ပါဝင်ပတ်သက်သူအားလုံးရဲ့အလုပ်ဖြစ်ပါတယ်။ လူတိုင်းမှာ တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့စိတ်ရင်း စေတနာကောင်းဖို့လိုပါတယ်။

အရည်အသွေးတည်ဆောက်ဖို့အတွက် လိုက်နာဆောင်ရွက်ရမယ့် အခြေခံအချက် (၅)ချက်ရှိပါတယ်-

- စဉ်ဆက်မပြတ်တိုးတက် ကောင်းမွန်ရန် အမြော်အမြင်ရှိခြင်း
- လုပ်ဆောင်ချက်များ ညီညွတ်မျှတမှုရှိခြင်း
- စုပေါင်းလုပ်ဆောင်တတ်သော အလေ့အကျင့်ရှိခြင်း
- တိုင်းတာခြင်း၊ စိစစ်ခြင်းတို့ကို ပုံမှန် ဆောင်ရွက်ခြင်း
- ကျွမ်းကျင်မှုသင်တန်းပေးခြင်း

**စဉ်ဆက်မပြတ် တိုးတက်ကောင်းမွန်ဖို့ အမြော်အမြင်ရှိခြင်း**

အရည်အသွေးတည်ဆောက်ရတဲ့ အလုပ်က တစ်ရက်တည်းကိစ္စမဟုတ်ပါဘူး၊ ရေတိုဆောင်ရွက်ရမယ့်ကိစ္စလည်း မဟုတ်ပါ။ ရေရှည်အတွက် မျှော်မှန်းချက်ဆိုတာ ရှိရပါမယ်။ ရည်ရွယ်ချက်တွေ ကောင်းမွန်ဖို့ အရေးကြီးပါတယ်။ ဘယ်သူတွေနဲ့ ဘယ်လိုဆောင်ရွက်ကြမလဲဆိုတဲ့ လုပ်ငန်းအစီအစဉ်ရှိဖို့လိုပါတယ်။ အဓိကအချက်ကတော့ လက်တွေ့ကျဖို့ပဲ ဖြစ်ပါတယ်။ ကိုယ့်လုပ်ငန်းရဲ့ ရည်ရွယ်ချက်ကို ချဉ်းကပ်တဲ့ နေရာမှာ လက်ရှိလူတွေနဲ့ လက်ရှိရင်းမြစ်တွေကိုအသုံးချပြီး ရှိပြီးသား အရည်အသွေးကို ထိန်းထားနိုင်အောင်၊ အရည်အသွေးတိုးတက်လာအောင် ဆောင်ရွက်နိုင်ဖို့ အစီအမံတွေ ချမှတ်ဖို့လိုအပ်ပါတယ်။ ဘယ်အချိန်မှာ ဘယ်လိုရင်းမြစ်တွေကို တိုးချဲ့မယ်၊ ဘယ်လိုပုံစံ ဆက်လက်ဆောင်ရွက်မယ်ဆိုတဲ့ အစီအစဉ်တွေရှိဖို့ လိုပါတယ်။

**လုပ်ဆောင်ချက်တွေ ညီညွတ်မျှတမှုရှိခြင်း**

လုပ်ဆောင်ချက်တွေ ညီညွတ်မျှတစေဖို့ဆိုရင် လုပ်ဆောင်ချက်တွေဟာ ချမှတ်ထားတဲ့ လုပ်ငန်းအစီအစဉ် (Plan) နဲ့ ကိုက်ညီမှုရှိရမယ်။ လုပ်ဆောင်ချက်တွေက Plan ကနေ လမ်းကြောင်း တိမ်းစောင်းမှုမရှိအောင် အမြဲသတိပြုနေရပါမယ်။ ချမှတ်ထားတဲ့ Plan တွေကလည်း ရည်မှန်း ချက်ကို ဦးတည်နေရပါမယ်။ ပါဝင်လုပ်ဆောင်ကြ တဲ့ လူတစ်ဦးချင်းစီ အဖွဲ့အစည်းတစ်ခုချင်းစီက အချိန်တိုင်း၊ နေရာတိုင်းမှာ တာဝန်ကျေဖို့ စိတ်ရင်း စေတနာကောင်းကောင်းနဲ့ ဆောင်ရွက်ကြဖို့ အရေးကြီးပါတယ်။

**စုပေါင်းလုပ်ဆောင်တတ်တဲ့ အလေ့အကျင့် ရှိခြင်း**

အရည်အသွေးတည်ဆောက်တဲ့ နေရာမှာ တစ်ဦးချင်းစီ တာဝန်ကျေဖို့ စွမ်းရည်ထက်မြတ်နေဖို့ အရေးကြီးသလို အဖွဲ့အစည်းနဲ့ဆောင်ရွက်တတ်ဖို့လည်း အရေးကြီးပါတယ်။ ချိတ်ဆက် ဆောင်ရွက်ရတာတွေ၊ စုပေါင်းဆောင်ရွက်ရတာတွေရှိပါတယ်။ တစ်ဦးချင်း ဘယ်လောက်တော်တော် စုပေါင်းဆောင်ရွက်မှု အားနည်းနေမယ်ဆိုရင် ချိတ်ဆက်လွဲချော်မှုတွေ၊ လုပ်ငန်းနှောင့်နှေးမှုတွေ၊ မှားယွင်းမှုတွေစတဲ့ မလိုလားအပ်တဲ့ ပြဿနာတွေ အများကြီးကြုံရနိုင်ပါတယ်။ ဘောလုံးအသင်းတစ်သင်းလိုပါပဲ။ တစ်ဦးချင်း စွမ်းရည် ဘယ်လောက်ရှိရှိ team work မရှိရင် အရည်အသွေးတည်ဆောက်ဖို့ မဖြစ်နိုင်ပါဘူး။ မကြာခဏ အလုပ်ခွင်မှာ ပေါ်ပေါက်တတ်တဲ့ပြဿနာလေးတွေကို စုပေါင်းတိုင်ပင်ဆွေးနွေး အဖြေထုတ်ကြမယ်။ တစ်ယောက်နဲ့တစ်ယောက် အသိချင်း ဖလှယ်၊ ကူညီပံ့ပိုးကြမယ်ဆိုရင် team work တက်လာမှာ ဖြစ်ပါတယ်။

**တိုင်းတာခြင်း၊ စိစစ်ခြင်းတို့ကို ပုံမှန်ဆောင်ရွက်ခြင်း**

ထုတ်လုပ်မှုလုပ်ငန်းဖြစ်ဖြစ်၊ ဝန်ဆောင်မှု လုပ်ငန်းဖြစ်ဖြစ် အမြဲတမ်းလိုအပ်နေတာက ဆန်းစစ်ခြင်းပဲ ဖြစ်ပါတယ်။ ကိုယ့်လုပ်ငန်းရဲ့ အရည်အသွေးကို တိုင်းတာကြည့်နေရပါမယ်။ စားသုံးသူတွေရဲ့မှတ်ချက်တွေ၊ အငြင်းပွားစရာ ကိစ္စတွေ ဘယ်နှစ်ခုရှိခဲ့လဲ၊ ကိုယ်နဲ့လုပ်ငန်းတူ အချင်းချင်းတွေနဲ့ နှိုင်းယှဉ်ကြည့်ခြင်း ဆိုတာတွေနဲ့ တိုင်းတာရပါမယ်။ ဘယ်နေရာမှာ အားနည်းချက်ရှိသလဲဆိုတာ စိစစ်ရပါမယ်။ ဒီနေရာမှာ

"PDCA Circle" ဆိုတာရှိပါတယ်

P ဆိုတာ Plan - စီမံချက်

D ဆိုတာ Do - အကောင်အထည်ဖော်တာ

C ဆိုတာ Check- စစ်ဆေးသုံးသပ်တာ

A ဆိုတာ Action - သုံးသပ်စစ်ဆေးပြီး စီမံချက်အသစ် ပြန်လည်ရေးဆွဲတာ

ဒီစက်ဝန်းအတိုင်းဆောင်ရွက်မယ်ဆိုရင် ပိုမိုကောင်းမွန်တဲ့၊ အမှားအယွင်းနည်းတဲ့၊ စွမ်းဆောင်ရည် မြင့်တင်နိုင်မယ့်၊ ပိုပြီးပြည့်စုံတိကျတဲ့ Modified Plan ကိုရနိုင်မှာဖြစ်ပါတယ်။ အရည်အသွေးဆိုတာ ဖြစ်နိုင်သမျှ ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်တာဖြစ်တဲ့အတွက် စစ်ဆေးသုံးသပ်ပြီး ချို့ယွင်းချက်၊ အားနည်းချက် နည်းသည်ထက်နည်းအောင် ကောင်းသည်ထက် ကောင်းအောင် ဆောင်ရွက်နေရမှာ ဖြစ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**



## မြို့ကြီးများ၏ ၁-၅-၂၀၁၇ မှ ၅-၅-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁-၅-၂၀၁၇) | အင်္ဂါ(၂-၅-၂၀၁၇) | ဗုဒ္ဓဟူး(၃-၅-၂၀၁၇) | ကြာသပတေး(၄-၅-၂၀၁၇) | သောကြာ(၅-၅-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၉˚C/၁၀၂˚F | နေသာ ၃၉˚C/၁၀၂˚F | နေသာ ၃၉˚C/၁၀၃˚F | နေသာ ၃၉˚C/၁၀၃˚F |
| ရန်ကုန်မြို့ | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F |
| မန္တလေးမြို့ | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၉˚C/၁၀၂˚F |
| မြစ်ကြီးနား | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၂˚C/၉၀˚F | ၄၀% ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၃˚F |
| လားရှိုး | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၂˚F |
| နမ့်ဆမ် | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၅˚C/၉၅˚F |
| လွိုင်ကော် | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၄˚C/၉၃˚F |
| တောင်ကြီး | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၉˚C/၁၀၂˚F | နေသာ ၃၉˚C/၁၀၂˚F |
| ဖော်လမြိုင် | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၄˚F |
| ဘားအံ | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၇˚F |
| တောင်ငူ | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၉˚C/၁၀၂˚F | နေသာ ၃၉˚C/၁၀၃˚F | နေသာ ၄၀˚C/၁၀၄˚F | နေသာ ၃၉˚C/၁၀၃˚F |
| မုံရွာ | နေသာ ၃၉˚C/၁၀၂˚F | ၄၀% ၃၉˚C/၁၀၂˚F | နေသာ ၃၉˚C/၁၀၃˚F | နေသာ ၄၀˚C/၁၀၄˚F | နေသာ ၄၀˚C/၁၀၄˚F |
| ပုသိမ် | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၅˚C/၉၅˚F |
| မြိတ် | ၈၀% ၃၂˚C/၈၉˚F | ၅၀% ၃၂˚C/၉၀˚F | ၆၀% ၃၂˚C/၈၉˚F | ၈၀% ၃၁˚C/၈၈˚F | ၅၀% ၃၂˚C/၈၉˚F |
| စစ်တွေ | တိမ်အသင့်အတင့် ၃၂˚C/၉၀˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၅˚C/၉၅˚F |
| မကွေး | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၉˚C/၁၀၃˚F | နေသာ ၃၉˚C/၁၀၃˚F |
| ဖလမ်း | နေသာ ၂၇˚C/၈၁˚F | နေသာ ၂၈˚C/၈၂˚F | နေသာ ၂၉˚C/၈၄˚F | နေသာ ၂၉˚C/၈၅˚F | နေသာ ၃၀˚C/၈၆˚F |

# ထိုင်းနိုင်ငံရှိ ပြည်နယ်တချို့တွင် လေပြင်းမုန်တိုင်းတိုက်ခတ်

တရုတ်နိုင်ငံမှ တိုးဝင်လာသည့် လေဖိအားများကြောင့် ထိုင်းနိုင်ငံရှိ ပြည်နယ်အချို့တို့တွင် လေပြင်းမုန်တိုင်းများ တိုက်ခတ်ခဲ့ရာ သစ်ပင်များ ပြိုလဲခြင်း၊ နေအိမ်များ ပြိုကျခြင်းများဖြစ်ပေါ်ခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံ မိုးလေဝသဌာနက လေပြင်းမုန်တိုင်းများ တိုက်ခတ်နိုင်ကြောင်း သတိပေးချက်များထုတ်ပြန်ပြီးနောက် ဧပြီ ၂၈ရက်နှင့် ၂၉ ရက်တို့တွင် ထိုင်းနိုင်ငံမြောက်ပိုင်း၊ အရှေ့မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့် အလယ်ပိုင်း လွင်ပြင်ဒေသတို့၌ လေပြင်းများ တိုက်ခတ်ခဲ့သည်ဟုဆိုသည်။

လေပြင်းမုန်တိုင်း တိုက်ခတ်မှုများကြောင့် ကျေးရွာပေါင်း ၃၀ မှ နေအိမ်အလုံးပေါင်း ၂၉၅ လုံး ပျက်စီးဆုံးရှုံးခဲ့ရသည်။

ထို့ပြင် ထိုင်းနိုင်ငံ၏ မြို့တော်ဖြစ်သည့် ဗန်ကောက်၊ ကန်ချနာဘူရီ၊ လော့ဘူရီ၊ နာခွန်ဆာဝမ်၊ ရတ်ချာဘူရီ၊ ဆာရာဘူရီ၊ ဆူဖန်ဘူရီနှင့် အူထိုင်းဌာနီတို့တွင်လည်း ယခုကဲ့သို့သော လေပြင်းမုန်တိုင်းများ တိုက်ခတ်နိုင်ကြောင်း ထိုင်းနိုင်ငံ မိုးလေဝသဌာနက သတင်းထုတ်ပြန်ထားသည်။

ထိုင်းနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒ ဌာနမှ ညွှန်ကြားရေးမှူးချုပ် Wanchai Sakudomchai က ဧပြီ ၂၈ ရက်မှာ တရုတ်နိုင်ငံ တောင်ပိုင်းနဲ့ အရှေ့မြောက်ပိုင်းက ရွေ့ဆင်းလာတဲ့ လေဖိအားများရပ်ဝန်းဟာ ထိုင်းနိုင်ငံမြောက်ပိုင်းဒေသကို အရောက်မှာ ဖိအားပိုမိုများပြားလာပြီး လေပြင်းမုန်တိုင်းအသွင် ဆောင်လာခဲ့ပါတယ်။ နေ့အပူချိန်တွေလည်း မြင့်တက်ခဲ့တာကြောင့်အဲဒီဒေသက ပြည်သူတွေဟာ ဆိုးရွားတဲ့ ရာသီဥတုဒဏ်ကို ခံစားခဲ့ကြရပါတယ်။ ရာသီဥတု ပူပြင်းမှုဒဏ်နဲ့ လေပြင်းမုန်တိုင်းတိုက်ခတ်မှုဒဏ်ကိုပါ ခံစားခဲ့ကြရပါတယ်”ဟု ဗန်ကောက်ပို့စ်သတင်းဌာနသို့ ပြောကြားခဲ့သည်။

လေပြင်းမုန်တိုင်းတိုက်ခတ်မှု ကြောင့် Lom Sak ခရိုင်ရှိ ထိုင်းရိုးရာပုံစံ ဆောက်လုပ်ထားသည့် အဆောက်အဦတစ်လုံး ပျက်စီးဆုံးရှုံးခဲ့ရာ ဘတ် ၂ ဒသမ ၅ သန်းခန့် ပျက်စီးဆုံးရှုံးခဲ့သည်ဟုဆိုသည်။

**မယ်သီတာ**



## ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုဒေသတွင် အင်အားပြင်း ငလျင်လှုပ်ခတ်၊ ဆူနာမီသတိပေးချက်များ ထုတ်ပြန်

ဖိလစ်ပိုင်နိုင်ငံ၊ မင်ဒါနာအိုဒေသတွင် ဧပြီ ၂၉ ရက် နံနက်ပိုင်းက အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြထားသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ အများအပြားရှိနေပြီး ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေကြေမှုများကိုမူ ထုတ်ပြန်ထားခြင်းမရှိသေးပေ။ သို့သော်လည်း အင်အားပြင်းငလျင် လှုပ်ခတ်မှုကြောင့် ဆူနာမီသတိပေးချက်များ ထုတ်ပြန်ထားကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါငလျင်သည် မင်ဒါနာအိုကျွန်း၏ ဆာရန်ဂါနီပြည်နယ် အနောက်တောင်ပိုင်း ၇၅ ကီလိုမီတာအကွာ ပင်လယ်ရေအောက်ကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

ငလျင်လှုပ်ခတ်မှုကြောင့် ဆာရန်ဂါနီဒေသတွင် နေအိမ်အဆောက်အဦများ အများအပြား ပြိုကျပျက်စီးခဲ့ကြောင်း၊ ဂျင်နရယ်ဆန်းတို့စ်မြို့တွင် အဆောက်အဦများ ပြိုကျခြင်းမရှိခဲ့သော်လည်း အဆောက်အဦများ၏ နံရံများ အက်ကွဲခြင်း၊ မှန်များ ကွဲကျခြင်းတို့ဖြစ်ပေါ်ခဲ့ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ အမျိုးသားသဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် ကာကွယ်တားဆီးရေးအဖွဲ့က မင်ဒါနာအိုကျွန်းအား အနီရောင်နယ်မြေအဖြစ် သတ်မှတ်ကာ ကူညီကယ်ဆယ်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်ပြီးနောက် အမေရိကန်နိုင်ငံ ဘူမိဗေဒ တိုင်းတာရေးအဖွဲ့က အင်အားရစ်ချ်တာစကေး ၇ ဒသမ ၂ အဆင့်ရှိသည်ဟု ထုတ်ပြန်ကြေညာခဲ့သော်လည်း နောက်ပိုင်းတွင် အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိသည်ဟု ပြန်လည်ပြင်ဆင်ကြေညာခဲ့သည်။

ငလျင်လှုပ်ခတ်ပြီးနောက် ဆူနာမီဖြစ်ပေါ်နိုင်သည်ဟု ထုတ်ပြန်ကြေညာထားသဖြင့် ကမ်းခြေဒေသမှ ပြည်သူများအား ပင်လယ်ပြင်၏ အခြေအနေကို စောင့်ကြည့်၍ သတိထားနေထိုင်ကြရန် နှိုးဆော်ထားသည်ဟုဆိုသည်။

ယခုလက်ရှိတွင် မင်ဒါနာအိုကျွန်း အနီးတစ်ဝိုက်ရှိ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လျက်ရှိနေသဖြင့် ပင်လယ်ရေမျက်နှာပြင် ပုံမှန်အတိုင်းဖြစ်သွားမှသာ ဆူနာမီသတိပေးချက်ကို ရုပ်သိမ်းသွားမည်ဖြစ်သည်ဟုဆိုသည်။ **မယ်သီတာ**

# Colgate သွားတိုက်ဆေးကို ဝယ်ယူသုံးစွဲရုံဖြင့် ကျပ်သိန်း ၆၀ တန်ဖိုးရှိသည့် ပညာသင်ဆုကို ရယူနိုင်မည်

Colgate-Palmolive သည် မြန်မာကလေးငယ်များ၏ပညာရေးကို တစ်စိတ်တစ်ပိုင်းထောက်ပံ့ပေးသည့် အနေဖြင့် ပညာသင်ဆုပေါင်း ၁၆၅ ဆု ပါဝင်သည့် ပညာသင်ဆုအစီအစဉ်ကို စတင်လိုက်ပြီဖြစ်သည်။

အဆိုပါအစီအစဉ်တွင် Colgate Double Cool Stripe ၁၆၀ ဂရမ် (သို့မဟုတ်) ၈၀ ဂရမ် ပရိုမိုးရှင်းတံဆိပ်ပါ သွားတိုက်ဆေးဘူးကို ဝယ်ယူ၍သော်လည်းကောင်း၊ Colgate Super Strong ၁၆၅ ဂရမ် (သို့မဟုတ်) ၇၀ ဂရမ် ပရိုမိုးရှင်းတံဆိပ်ပါ သွားတိုက်ဆေးဘူးကို ဝယ်ယူ၍သော် လည်းကောင်း ကံစမ်းနိုင်ကြပြီဖြစ်သည်။

ပညာသင်ဆု ၁၆၅ဆုအနက် ကျပ်သိန်း ၆၀ တန်ဖိုးရှိ ပထမဆု တစ် ဆု၊ ကျပ်သိန်း ၃၀ တန်ဖိုးရှိ ဒုတိယဆု ငါးဆုနှင့် ကျပ် သုံးသိန်းတန်ဖိုးရှိ တတိယဆု ၁၅၇ ဆု စသည့် ဆုအမျိုးအစားသုံးဆုကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။

ကံစမ်းမဲအစီအစဉ်ကို မေလ ၁ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ထားပြီး အဆိုပါသွားတိုက်ဆေးများကို ဝယ်ယူသူများအနေဖြင့် သွားတိုက်ဆေးဘူးခွံအတွင်းတွင် ဂဏန်းကိုးလုံးပါ ကုဒ်နံပါတ်တစ်ခု(သို့မဟုတ်) "ကျေးဇူးတင်ပါသည်"ဟူသော စာတန်းကို တွေ့ရှိ မည်ဖြစ်သည်။ ဂဏန်းကိုးလုံးပါ ကုဒ်နံပါတ်ကို တွေ့ရှိခဲ့ပါက ဖုန်းနံပါတ် ၀၉၉-၆၉၆၉၆-၃၀၀ ထံသို့ SMS မက်ဆေ့ချ်ပေးပို့ရမည်ဖြစ်သည်။

ယခုပညာသင်ဆု အစီအစဉ်တွင် ပညာသင်ဆု ဆွတ်ခူးရရှိသူများကို ၂၀၁၇ခုနှစ် ဩဂုတ်လ ၃၁ရက်မတိုင်မီ ကြေညာပေးသွားမည်ဖြစ်ပြီး စက်တင်ဘာလ ၃၀ ရက်ထက် နောက်မကျဘဲ ဆုများအား ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။ ယခုအစီအစဉ်နှင့် ပတ်သက်သည့် အသေးစိတ် သတင်းအချက်လက်များကို သိရှိလိုပါက ၀၁-၂၃၉၉၃၀၀ (သို့) Colgate Myanmar Facebook စာမျက်နှာတွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

**မယ်သီတာ**

# ပဉ္စမအကြိမ်မြောက် အမျိုးသားသတင်းဆုချီးမြှင့်ပွဲ အခမ်းအနားအား အူရီဒူးမြန်မာက ပံ့ပိုးကူညီ

မြန်မာနိုင်ငံတွင် သုံးစွဲသူများအား အကောင်းဆုံးဝန်ဆောင်မှုများ ပေးလျက်ရှိသည့် အူရီဒူးမြန်မာသည် မေလ ၃ ရက်တွင် ကျင်းပမည့် ပဉ္စမအကြိမ်မြောက် အမျိုးသားသတင်းဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ကူညီပံ့ပိုးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အူရီဒူးမြန်မာ ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မေလ ၃ ရက်သည် ကမ္ဘာ့သတင်းလွတ်လပ်ရေးနေ့ဖြစ်သည်နှင့် အညီ မြန်မာနိုင်ငံရှိသတင်းစာဆရာများသာမက ကမ္ဘာအရပ်ရပ်မှ သတင်းသမားအတွက်ပါ အရေးပါသောနေ့တစ်နေ့ဖြစ်သည်။

သတင်းမီဒီယာများ၏အခန်းကဏ္ဍသည် ပြည်သူလူထုအတွက် စီးပွားရေး၊ ပညာရေး၊ ပုဂ္ဂိုလ်ရေးနယ်ပယ်တို့တွင် အသုံးချရန် မှန်ကန်သော သတင်းအချက်အလက်များကို ပံ့ပိုးပေးလျက်ရှိနေသဖြင့် အရေးပါလှကြောင်း၊ ထို့ကြောင့် အူရီဒူးမြန်မာက မြန်မာနိုင်ငံတွင်းရှိ သတင်းထောက်များ၏ ကြိုးစားဆောင်ရွက်မှုကို ချီးကျူးဂုဏ်ပြုသည့်အနေဖြင့် ပဉ္စမအကြိမ်မြောက် အမျိုးသားသတင်း ဆုချီးမြှင့်ပွဲ အခမ်းအနားအတွင် သတင်း သူရဲကောင်းဆု၊ အကောင်းဆုံးသတင်းဆောင်းပါးဆုနှင့် အကောင်းဆုံး ရုပ်/သံ သတင်းဆုတို့ကို ချီးမြှင့်ရန်အတွက် ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

# InterPlas Thailand 2017 ပြပွဲတွင် မြန်မာပလတ်စတစ် လုပ်ငန်းရှင်များ သွားရောက်ပြသနိုင်

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ BITEC တွင် ကျင်းပမည့် InterPlas Thailand 2017 ပြပွဲတွင် မြန်မာ ပလတ်စတစ်လုပ်ငန်းရှင်များ ပါဝင် ပြသနိုင်ကြောင်း ချက်ထရီယံဟိုတယ်တွင် ဧပြီလ ၄ ရက်က ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။




အဆိုပါပြပွဲကို ယခုနှစ် ဇွန်လ ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နိုင်ငံပေါင်း ၂၀ မှ ထိပ်တန်းကုန်အမှတ်တံဆိပ်ထုတ်လုပ်သည့်လုပ်ငန်းရှင်ပေါင်း ၃၀၀ ခန့်က လာရောက်ပြသကြမည်ဖြစ်သည်။ ယင်းပြပွဲတွင် ပြပွဲပေါင်း ခုနစ်ခု ပါဝင်ပြသမည်ဖြစ်ပြီး ပလတ်စတစ်နှင့် ရေနံဓာတုဆိုင်ရာ ကုန်ထုတ်လုပ်ရေး စက်ပစ္စည်းများ၊ နည်းပညာနှင့် ဖြေရှင်းနည်းများအတွက် နိုင်ငံတကာကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲ၊ မိုနှင့် ဖိနှိပ် ဒီဇိုင်းဖော်စက်ထုတ်လုပ်ခြင်းအတွက် စက်မှုဖြေရှင်းနည်းနှင့် နည်းပညာဆိုင်ရာ ကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲ၊ ယာဉ်ယန္တရားအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းအတွက် အပြည့်စုံဆုံး စက်မှုနှင့် နည်းပညာဆိုင်ရာပြပွဲ၊ စက်မှုလုပ်ငန်းဆိုင်ရာ အလိုအလျောက်စက်ပစ္စည်းနှင့် တပ်ဆင်ခြင်းဆိုင်ရာ နည်းပညာများအတွက် နိုင်ငံတကာပြပွဲ၊ လျှပ်စစ်ပစ္စည်း ထုတ်လုပ်ရေးအတွက် တပ်ဆင်ခြင်း၊ တိုင်းတာခြင်းနှင့် စမ်းသပ်ခြင်း နည်းပညာဆိုင်ရာပြပွဲ၊ အာရှဒေသမှ ကုန်ထုတ်လုပ်သူကွန် ရက်များအတွက် ဂျပန်နိုင်ငံမှ ထုတ်လုပ်သူများနှင့် တွေ့ဆုံခြင်းနှင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးခြင်း အခမ်းအနားများ ပါဝင်မည်ဖြစ်သည်။

အဆိုပါပြပွဲသည် အာဆီယံဒေသ၏ အပြည့်စုံဆုံး ပလတ်စတစ်လုပ် ငန်းဆိုင်ရာပြပွဲဖြစ်ပြီး အာဆီယံနှင့်အာရှဒေသမှ အိမ်နီးချင်းနိုင်ငံများအတွက် အလွန်ကောင်းမွန်စွာ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သော စီးပွားရေးဆိုင်ရာ ချိတ်ဆက်မှုတစ်ခုဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ သွားရောက်ပြသလေ့လာလိုသည့် လုပ်ငန်းရှင်များအနေဖြင့် အထူးအစီအစဉ်များ ပြုလုပ်ထားကြောင်း သိရသည်။ ပြပွဲနှင့် ပတ်သက် ၍ အသေးစိတ် သိရှိလိုပါက www.interplasthailand.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **မယ်သီတာ**



# Junction City တွင် ဖွင့်လှစ်ထားရှိသည့် BreadTalk ဆိုင်ခွဲတွင် ပေါင်မုန့်နှင့် ကိတ်မုန့် အမျိုးအစားပေါင်း ၁၀၀ ကျော် ဝယ်ယူရရှိနိုင်

Junction City တွင် ဖွင့်လှစ်လျက်ရှိသည့် စင်ကာပူနိုင်ငံ၏ Bread Talk ဆိုင်ခွဲတွင် ပေါင်မုန့်နှင့် ကိတ်မုန့်အမျိုးအစားပေါင်း ၁၀၀ ကျော် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

ပေါင်မုန့်နှင့် ကိတ်မုန့်များ၏ တန်ဖိုးများမှာလည်း ကျပ် ၈၀၀ မှစတင်ကာ ရောင်းချပေးလျက်ရှိပြီး စားသုံးသူများအနေဖြင့် မိမိကြိုက်နှစ်သက်ရာကို ရွေးချယ်ဝယ်ယူစားသုံးနိုင်ကြပြီဖြစ်သည်။

Bread Talk အနေဖြင့် ၎င်း၏ အရသာရှိသည့်မုန့်များကို ပြုလုပ်ရာတွင် ဂျပန်နိုင်ငံမှ အကောင်းဆုံးဂျုံမှုန့်နှင့် နယူးဇီလန်နိုင်ငံမှ နို့နှင့် နို့ထွက်ပစ္စည်းများကို အသုံးပြုထားကြောင်း သိရသည်။

BreadTalk ၏ ထင်ရှားသည့် အချက်တစ်ချက်မှာ Open Kitchen ကို ထည့်သွင်းထားခြင်းဖြစ်သည်။

ပေါင်မုန့်နှင့်ကိတ်မုန့်များကို လာရောက်ဝယ်ယူသူစားသုံးသူများအနေဖြင့် ကုန်ကြမ်းအဆင့်မှ ပေါင်မုန့်၊ ကိတ်မုန့်ဖြစ်သည်အထိ ပြုလုပ်ပုံအဆင့်ဆင့်ကို ကိုယ်တိုင်ကိုယ်ကျလေ့လာနိုင်ပြီး လတ်လတ်ဆတ်ဆတ် ပေါင်မုန့်၊ ကိတ်မုန့်များကို ယုံကြည်စိတ်ချစွာ စားသုံးနိုင်ကြမည် ဖြစ်သည်။

အဆိုပါ BreadTalk ဆိုင်ခွဲကို Shwe Taung Group ၏လုပ်ငန်းခွဲတစ်ခုဖြစ်သည့် Myanmar Bakery Co., Ltd. က တာဝန်ယူ၍ ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း သိရသည်။

BreadTalk သည် စင်ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ ထိုင်းနိုင်ငံနှင့် အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံများတွင် ဆိုင်ခွဲပေါင်း ၈၀၀ ကျော်ရှိပြီး မြန်မာနိုင်ငံသည် Bread Talk ဆိုင်ခွဲများ ဖွင့်လှစ်သည့်နိုင်ငံများအနက် ၁၇ နိုင်ငံ မြောက်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# မြန်မာယူ-၁၈ လက်ရွေးစင်အသင်းနည်းပြအဖြစ် ပြင်သစ်နည်းပြ ဘန်လာဘီကို ခန့်အပ်



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၇ အာဆီယံယူ-၁၈ ချန်ပီယံရှစ်ပြိုင်ပွဲနှင့် အာရှ ယူ-၁၉ ချန်ပီယံရှစ်ခြေစစ်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန် ဖွဲ့စည်းထားသော မြန်မာ့လက်ရွေးစင် ယူ-၁၈ အသင်းအား ပြင်သစ်နိုင်ငံသားနည်းပြ ရာဘက်ရှ်ဘန်လာဘီကို နည်းပြချုပ်အဖြစ် တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ခဲ့သည်။

ဘန်လာဘီသည် လက်ရှိအချိန်တွင် မြန်မာ ယူ-၁၅ အသင်းနည်းပြချုပ်အနေဖြင့် တာဝန်ယူလျက်ရှိရာအဆိုပါ မြန်မာ ယူ-၁၅အသင်း၏ နည်းပြချုပ်အဖြစ် ယခင်မြန်မာ ယူ-၁၈ အသင်းနည်းပြချုပ် ဦးညီညီလတ်အား ပြောင်းလဲတာဝန်ပေးသွားမည်ဖြစ်သည်။

ဘန်လာဘီသည် UEFA (A) လိုင်စင်နှင့် UEFA Youth Elite (A) လိုင်စင်ရ နည်းပြတစ်ဦးဖြစ်ပြီး ကစားသမားဘဝက ပြင်သစ်ကလပ် PSG , Lens စသည့် အသင်းများတွင် ကစားခဲ့သူတစ်ဦးဖြစ်သည်။ နည်းပြဘဝကို ၁၉၉၈ ခုနှစ်က ဝင်ရောက်ခဲ့ပြီး ၁၉၉၈ မှ ၂၀၀၂ ခုနှစ်အထိ ဂျပန်ဘောလုံးအဖွဲ့ချုပ်လက်အောက်ရှိ J-Village Fukushima တွင် လူငယ်စီမံကိန်းနည်းပြ၊ ၂၀၀၇ခုနှစ်မှ ၂၀၁၁ အထိ ယူအေအီးလက်ရွေးစင် အသင်းနည်းပြ၊ ၂၀၁၁ မှ ၂၀၁၃ ခုနှစ်အထိ Shenzhen FC လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် နည်းပြဖြစ်သည်။ ထို့အပြင် အီရန်၊ တရုတ်၊ ဂျပန် သက်တမ်းအလိုက် လူငယ်အသင်းများနှင့် အမျိုးသမီးအသင်းများတွင်လည်း လက်ထောက်နည်းပြအဖြစ် တာဝန်ယူခဲ့ဖူးသည်။

ဘန်လာဘီတာဝန်ယူမည့် မြန်မာယူ-၁၈ အသင်းပြိုင်ပွဲများမှာ စက်တင်ဘာ ၄ ရက်မှ ၁၇ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် AFF U-18 Championship 2017 ပြိုင်ပွဲဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် အုပ်စု (ခ)၌ မြန်မာအသင်းသည် အင်ဒိုနီးရှား၊ ဘရူနိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ နယူးဇီလန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိ လက်ခံကျင်းပမည့် AFC U-18 Championship 2018 Qualifier Group (G)တွင် မြန်မာအသင်းသည် တရုတ်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

## General Aung San Shield 2017 ရှုံးထွက်ပြိုင်ပွဲများကို မေ ၂ ရက်မှ စတင်ကျင်းမည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် General Aung San Shield 2017 ရှုံးထွက်ပြိုင်ပွဲများကို မေ ၂ ရက်မှစတင်၍ ရန်ကုန်မြို့ရှိ အောင်ဆန်းကစားပြိုင်ဝင်းနှင့် သုဝဏ္ဏအားကစားကွင်းတို့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲနှင့်ပတ်သက်၍ ပွဲစဉ်မဲနှိုက်ရေးဆွဲပွဲအခမ်းအနားကို ဧပြီ ၂၄ ရက်ကကျင်းပခဲ့ရာ ပထမအဆင့်တွင် ဖုန်ဂန်နှင့် GFA ၊ မြဝတီနှင့် စီးတီးရန်ကုန်၊ နေပြည်တော်နှင့် ဒဂုံအက်ဖ်စီ စသည့်အသင်းများ တိုက်ရိုက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

မဲနှိုက်မှုအရ General Aung San Shield 2017 ရှုံးထွက်ဘောလုံးပြိုင်ပွဲ ပထမအဆင့်တွင် ဖုန်ဂန်အသင်းနှင့် GFA အသင်း၊ Silver Stars အသင်းနှင့် City Stars အသင်း၊ Phoenix A အသင်းနှင့် မောရဝတီအသင်း၊ မြဝတီအသင်းနှင့် စီးတီးရန်ကုန်အသင်း၊ နေပြည်တော်အသင်းနှင့် ဒဂုံအက်ဖ်စီအသင်း၊ မဟာယူနိုက်တက်အသင်းနှင့် တက္ကသိုလ်လက်ရွေးစင်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေကြောင်း သိရသည်။

၂၀၁၆ ခုနှစ် မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်ဇယားရပ်တည်မှုအရ ဟံသာဝတီယူနိုက်တက်၊ ဇွဲကပင်၊ ရန်ကုန်ယူ နိုက်တက်၊ ရခိုင်ယူနိုက်တက်၊ ဧရာဝတီယူနိုက်တက်၊ မကွေးအက်ဖ်စီ၊ ရှမ်းယူနိုက်တက်၊ ဆောက်သမ်းမြန်မာအက်ဖ်စီ၊ ရတနာပုံအသင်းတို့သည် ၁၆ သင်း ရှုံးထွက်အဆင့်ဖြစ်သည့် ဒုတိယအဆင့်မှ စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရှုံးထွက်ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်တွင် ဟံသာဝတီနှင့် ဇွဲကပင်၊ ရခိုင်ယူနိုက်တက်နှင့် ချင်းယူနိုက်တက်တို့ ထိပ်တိုက်တွေ့ဆုံနေပြီး ကျန်ရှိသည့် ရန်ကုန်၊ ဧရာဝတီ၊ရှမ်းယူနိုက်တက်၊ မကွေး၊ ဆောက်သမ်းမြန်မာနှင့်ရတနာပုံအသင်းတို့သည် ပထမအဆင့်ပွဲစဉ်များမှ အနိုင်ရရှိလာမည့် အသင်းများနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရှုံးထွက်ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိသည့် အသင်းသည် ဆုကြေးငွေ ကျပ်သိန်း ၃၀၀ ၊ ဒုတိယရရှိသည့်အသင်းသည် ဆုကြေးငွေ သိန်း ၁၅၀ နှင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်သည့် အသင်းလေးသင်းသည် ဆုငွေကျပ် ၇၅ သိန်းစီရရှိမည်ဖြစ်သည်။

General Aung San Shield 2017 ရှုံးထွက်ဘောလုံးပြိုင်ပွဲ၏ လက်ရှိချန်ပီယံအသင်း မှာ မကွေးအက်ဖ်စီအသင်းဖြစ်သည်။ General Aung San Shield2017 ရှုံးထွက်ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို မြဝတီရုပ်မြင်သံကြား (MWD) မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

## အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် ၂၀၁၈ အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၃၉ မျိုးထည့်သွင်းကျင်းပမည်

အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် ၂၀၁၈ အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၃၉ မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း အာရှအိုလံပစ်ကောင်စီက ထုတ်ဖော်ကြေညာခဲ့သည်။

အိမ်ရှင်အဖြစ် လက်ခံကျင်းမည့် အင်ဒိုနီးရှားနိုင်ငံက အဆိုပါအားကစားပြိုင်ပွဲတွင် မူလက အားကစားနည်း ၄၂ နည်း ထည့်သွင်းကျင်းပရန် လျာထားခဲ့သော်လည်း ယခုအခါတွင်မူ အားကစား နည်း ၃၉နည်းသာထည့်သွင်းကျင်းပမည်ဖြစ်သည်။ အားကစားနည်း ၃၉ နည်းအတွက် ပြိုင်ပွဲအမျိုးအစားပေါင်း ၄၂၆ မျိုးဖြင့် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအာရှအားကစားပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများ ကျင်းပခဲ့သည့် ဂျကာတာနှင့် ပလန်ဘန်မြို့တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

မူလက ၂၀၁၈ အာရှအားကစားပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စီစဉ်ထားသော်လည်း ဘဏ္ဍာရေးအခြေအနေကြောင့် အင်ဒိုနီးရှားနိုင်ငံကပြောင်းလဲကျင်းပခဲ့ခြင်းဖြစ်သည်။ ၂၀၁၈ အာရှအားကစားပြိုင်ပွဲကို ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများကို ရွေးချယ်ထားခြင်းမရှိသေးကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ အာရှအားကစားပြိုင်ပွဲတွင် ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိခဲ့ပြီး ဆုတံဆိပ်အားလုံးကို ပိုက်ကျော်ခြင်းအားကစားနည်းမှ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရွှေတံဆိပ်ဆုကို နှစ်ယောက်တွဲ အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတို့မှ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံက အားကစားနည်း ၁၀ မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

## တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံတင်းမာမှုများ ၂၀၁၈ အိုလံပစ်အားကစားပွဲကို မထိခိုက်နိုင်ဟုဆို



နှစ်နိုင်ငံအကြား ဖြစ်ပွားနေသည့် တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံ တင်းမာမှုများကြောင့် ၂၀၁၈ ခုနှစ်တွင် ကျင်းပမည့် အိုလံပစ်အားကစားပြိုင်ပွဲကို ထိခိုက်နိုင်မည်မဟုတ်ကြောင်း ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲကျင်းပရေး ကော်မတီက ထုတ်ဖော်ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်များ စမ်းသပ်နေမှုများကြောင့် တောင်ကိုရီးယားနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံတို့အကြား တင်းမာမှုများဖြစ်ပေါ်လျက်ရှိရာ တောင်ကိုရီးယားနိုင်ငံ Pyeongchang တွင် ကျင်းပမည့် ၂၀၁၈ ဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲကျင်းပရေးအတွက် ထိခိုက်လိမ့်မည်ဟု ဝေဖန်မှုများရှိနေသဖြင့် ယခုကဲ့သို့ ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီက အသိအမှတ်ပြုလက်ခံခဲ့မည်ဆိုပါက မြောက်ကိုရီးယားနိုင်ငံမှ အားကစားအသင်း တစ်သင်းကို အဆိုပါ အိုလံပစ်ပြိုင်ပွဲတွင် လာရောက်ယှဉ်ပြိုင်ကစားရန် ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေး ကော်မတီမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

"နှစ်နိုင်ငံတင်းမာနေတဲ့ အခြေအနေတွေဟာ တော်တော်လေးကိုပြင်းထန်နေပုံရပေမယ့် မကြာခင်မှာ တင်းမာမှုတွေ လျော့ကျသွားလိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု တောင်ကိုရီးယားနိုင်ငံ ခရီးသွားလာရေးအဖွဲ့မှ အကြီးအကဲဖြစ်သူ ချန်ဆူးယန်က ပြောကြားခဲ့သည်။

၂၀၁၈ ဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲကို ၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲသည် အာရှဒေသအတွင်း သုံးကြိမ်မြောက်ကျင်းပသည့်ပြိုင်ပွဲလည်းဖြစ်သည်။ ၁၉၇၂ ခုနှစ်နှင့် ၁၉၉၈ ခုနှစ် ဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲနှစ်ကြိမ်စလုံးကို ဂျပန်နိုင်ငံ ဆာပိုရိုမြို့နှင့် နာဂါနိုမြို့တို့တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

ယခုကျင်းပမည့် Pyeongchang မြို့သည် ကမ်းခြေနှင့်တောင်တန်းကြားတွင် တည်ရှိသည့် မြို့တစ်မြို့ဖြစ်ပြီး ၂၀၁၄ခုနှစ်ကကျင်းပခဲ့သည့် ရုရှားနိုင်ငံ ဆိုချီမြို့နှင့် ဆင်တူကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

# မြင်းမူမြို့နယ် စားသုံးသူရေးရာဦးစီးဌာနက ကွင်းဆင်း ပညာပေးရေး လုပ်ငန်းများ ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ခိုင်မို့မို့သည် မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်း၍ ဧပြီ ၅ ရက်က ပျော့ရွာကျေးရွာ ယဉ်ကျေးလိမ္မာ သင်တန်းကျောင်းနှင့် ရွာသူ ရွာသားများ၊ ဧပြီ ၆ ရက်က ရွှေယင်းမာ ကျေးရွာတို့တွင် စားသုံးသူပြည်သူများ အကျိုးပြု ဝိုင်းဝန်း၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်၊ လူကုန်ကူးမှု အန္တရာယ်ကင်းရှင်းစေရန်၊ သက်ကြီး သက်ငယ်မုဒိမ်းမှုများ၊ မူခင်းစုံ ဖြစ်ပွားမှုအတွက် သိသင့်သော အချက်များ သိစေရန်နှင့် စားသုံးသူများ နစ်နာမှုရှိက သတင်းအချက်အလက် မှန်ကန်စွာဖြင့် တိုင်ကြားပါက စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ကို ခရိုင်တွင် ဖွဲ့စည်းထားပြီးဖြစ်၍ မိမိဌာနသို့ လိပ်မူတိုင်ကြားနိုင်စေရန်၊ စားသုံးသူများသည် မိမိတို့၏တာဝန်များကို မှန်ကန်စွာ ရွေးချယ် အသုံးပြုနိုင်စေရန် သိစေအောင် ပညာပေးပြီး အခွင့်အရေးကိုလည်းအရယူတတ်ရန်နှင့် ဝန်ဆောင်မှု၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လက်မှုပညာများ အရည်အသွေးမြင့်မားစေရန်၊ ကုန်သွယ်မှုအတွက် မြှင့်တင်ဆောင်ရွက်နိုင်ရန်၊ အထောက်အကူပြု ကြိုးစားချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်နိုင်စေရန် စသည့်အချက်များကို ပညာပေး ဟောပြောခဲ့ရာ စုစုပေါင်း ၅၂၀ ဦး တက်ရောက်ခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**ခိုင်မို့မို့၊ မြင်းမူ**

# ဖျာပုံမြို့ပေါ်ရှိဆေးဆိုင် ၁၀ ဆိုင်အား ရှောင်တခင် ဝင်ရောက်စစ်ဆေး



ဧရာဝတီတိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီမှ ဒေါက်တာချစ်မိုးစံဦးဆောင်သောအဖွဲ့ဝင် သုံးဦးပါဝင်သည့်အဖွဲ့နှင့် ဖျာပုံမြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ပဲရေးအဖွဲ့မှ ဒေါက်တာစိန်စိန် ဦးဆောင်သည့် မြို့နယ် ထွေ/အုပ်၊ ရဲတပ်ဖွဲ့၊ မွေး/ကု၊ ကျန်းမာရေးနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ ဖျာပုံမြို့ပေါ်ရှိ ဆေးဆိုင် ၁၀ ဆိုင်အား ဧပြီ ၇ ရက်က ရှောင်တခင်ဝင်ရောက် စစ်ဆေးခဲ့ကြောင်းသိရသည်။

အဆိုပါ ဆေးဆိုင် ၁၀ ဆိုင်အားစစ်ဆေးရာတွင် ဆေးဆိုင်နှစ်ဆိုင်၌ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ သက်တမ်းလွန်ဆေးဝါးများ၊ စပ်ဆေး/တွဲဆေးများရှာဖွေသိမ်းဆည်းရမိသည်။ ထိုဆေးဆိုင်နှစ်ဆိုင်အား နောက်ဆုံးအကြိမ် ဝန်ခံကတိ လက်မှတ်ရေးထိုး အသိပေးထားပြီးဖြစ်၍ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲမှုကော်မတီနှင့် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီတို့၏ ဆုံးဖြတ်ချက် ၁/၂၀၁၇ အရ ဧပြီ ၁၀ ရက်မှစ၍ ဆေးဝါးလက်လီ/လက်ကားရောင်းချသူ လိုင်စင်အား လေးလ တိတိ ယာယီပိတ်သိမ်းထားကြောင်း သိရသည်။

ကျန်ဆေးဆိုင်ငါးဆိုင်တွင် သက်တမ်းလွန်ဆေးဝါးများ၊ မှတ်ပုံတင်ထားခြင်း မရှိသောဆေးဝါးများရှာဖွေသိမ်းဆည်းရမိခဲ့သဖြင့် ညွှန်ကြားချက်မလိုက်နာသော ဆေးဆိုင်ငါးဆိုင်အားပထမအကြိမ် စစ်ဆေးတွေ့ရှိသဖြင့် နောက်နောင်မရောင်းချရန် ဝန်ခံကတိလက်မှတ်ရေးထိုးပြီး အသိပညာပေးဆောင်ရွက်ခဲ့သည်။ ဆေးဆိုင်သုံးဆိုင်မှာ ညွှန်ကြားချက်နှင့်အညီ ဆေးဝါးများရောင်းချနေကြောင်း စစ်ဆေးတွေ့ရှိသဖြင့် ဆက်လက်၍ ညွှန်ကြားချက်အတိုင်းရောင်းချရန် အသိပညာပေး ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ဆေးဆိုင် ၁၀ ဆိုင် အနက်ခုနစ်ဆိုင်မှ သိမ်းဆည်းရမိသော တရားမဝင်ဆေးဝါးများ၊ သက်တမ်းလွန် ဆေးဝါးများ၊ စပ်ဆေးများအား မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ ရှေ့မှောက်တွင် ဧပြီ ၁၀ ရက်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။

**မင်းဇော်မွန်(ဖျာပုံ)**

# ပဲခူးခရိုင်အတွင်းရှိ ကျေးရွာများတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် ပဲခူးခရိုင် အတွင်းရှိ ဝေါမြို့နယ်၊ သနပ္ပင်မြို့နယ်၊ ဒိုက်ဦးမြို့နယ်နှင့် ကျောက်တံခါးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ကွင်းဆင်းဆောင်ရွက်ခဲ့ကြပါတယ်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ဧပြီ ၁၈ ရက်တွင် ဝေါမြို့နယ်၊ အဗျားကျေးရွာအတွင်းရှိ ဖရဲစိုက်ခင်းနှင့် ကုန်စုံဆိုင်များတွင်လည်းကောင်း၊ ဧပြီ ၂၄ ရက်တွင် ညောင်လေးပင်မြို့နယ်၊ ပုစွန်မြောင်းကျေးရွာရှိ ကုန်စုံဆိုင်များနှင့် ဧပြီ ၂၅ ရက်တွင် ညောင်လေးပင် မြို့နယ်၊ ပြွန်တန်ဆာမြို့ရှိစည်ပင်သာယာဈေးများတွင်လည်းကောင်း၊ ဧပြီ ၂၅ ရက်တွင် သနပ္ပင်မြို့နယ်၊ ကမာဖရုံကျေးရွာအတွင်းရှိ ဆန်စက်များနှင့် ကုန် စုံဆိုင်များတွင်လည်းကောင်း၊ ဧပြီ ၂၆ ရက်တွင် ဒိုက်ဦးမြို့နယ် အတွင်းရှိ ဆီစက်များနှင့် ကုန်စုံဆိုင်များတွင်လည်းကောင်း၊ ဧပြီ ၂၆ ရက်တွင် ကျောက်တံခါးမြို့နယ်၊ ဆယ်လေးကျေးရွာနှင့် ဧပြီ ၂၇ ရက်တွင် တောင်ခင်ကျေးရွာအတွင်းရှိ ကုန်စုံဆိုင်များတွင်လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ သက်ဆိုင်ရာ မြို့နယ်တာဝန်ခံများ၊ မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ကုန်စုံဆိုင်ပိုင်ရှင်များ၊ ဆန်စက်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းရှင်များ လိုက်နာရမည့် စည်းကမ်းချက်များ၊ စားသုံးသူများ လိုက်နာရမည့်စည်းကမ်းချက်များနှင့် စားသုံးသူ အကာအကွယ်ပေးရေး ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မေဇူလိုင် (ပဲခူး)**

# ကျိုက်လတ်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် စားသုံးသူအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ် ဦးစီးမှူး ဦးခင်မောင်ဇင် နှင့် ဝန်ထမ်းများသည် ဧပြီ ၂၄ ရက်က ကျိုက်လတ်မြို့နယ် တပေတမော့ ကျေးရွာသို့ သွားရောက်၍ ကျေးရွာသူ/ သား ၅၀ ဦးခန့်အားလည်းကောင်း၊ ဧပြီ ၂၅ ရက်တွင် ငပိချောင်း ကျေးရွာသို့ သွားရောက်၍ ရွာသူ/ရွာသား ၅၀ ဦးခန့်အား လည်းကောင်း စားသုံးသူအသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲများတွင် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ အကြောင်းအရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များ၊ ကုန်စည်များ ဝယ်ယူစားသုံးခြင်း မပြုမီ သတိပြုရမည့် အချက်များ၊ စားသုံးသူနှင့် သက်ဆိုင်သည့် စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ နစ်နာမှုရှိလာလျှင်လည်း တိုင်တန်းနိုင်ရန် ဆောင်ရွက်ရမည့် အချက်များ၊ မီးဖိုချောင်သုံး စားသောက်ကုန်များဖြစ်သော ငရုတ်သီးမှုန့်များတွင် ဆိုးဆေးများ အလွန်အကျွံ အသုံးပြုထားပုံ၊ ဟင်းချိုမှုန့်နဲ့ ကြက်သားမှုန့်များအား အလွန်အကျွံ သုံးစွဲပါက ဖြစ်ပေါ်လာနိုင်သော ရောဂါဝေဒနာများအကြောင်း၊ စံမမီဆီ ဆိုးကျိုး အန္တရာယ်များအပြင် နိုင်ငံပိုင်သတင်းစာ၊ ဂျာနယ်များတွင် ဖော်ပြထားသော စားသုံးရန် မသင့်သော ကုန်စည်များအကြောင်း သိကောင်းစရာများနှင့် စားသုံးသူ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရပါသည်။

**မင်းမင်းဦး(ပုသိမ်)**

# ကသာခရိုင် ထီးချိုင့်မြို့နယ် ကြက်တကောင်ကျေးရွာ (ရွှေပြည်သာဇုန်)တွင် ကြံစိုက်ပျိုးထုတ်လုပ်သူများအသင်း ဖွဲ့စည်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး၏ ဦးဆောင်ဖြင့် ကသာခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးကျော်အုန်း ဦးဆောင်၍ ဧပြီလ ၂၄ ရက်က ကြက်တကောင်အုပ်စု၊ ရွှေပြည်သာရွာသစ်တွင် ကြံတောင်သူ ၃၂၅ ဦးကို အစုအဖွဲ့ ၆၀ ဖွဲ့အဖြစ် စုစည်း၍ ကြံစိုက်ပျိုး ထုတ်လုပ်သူများအသင်း (ရွှေပြည်သာဇုန်)ကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပါသည်။



အဆိုပါကြံအသင်း ဖွဲ့စည်းခြင်း အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီး ဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**လှလှခိုင်(ကသာ)**

# မော်လမြိုင်မြို့ပေါ်ရှိ စားသောက်ဆိုင်များ၊ စတိုးဆိုင်များတွင် ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေးနှင့် စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရေး ကွင်းဆင်းစစ်ဆေး

မွန်ပြည်နယ်၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ ဌာနခွဲတာဝန်ခံ ဒုတိယဦးစီးမှူး ဦးနေဇင်သက်နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် စားသုံးသူအများပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရန် ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရန်၊ စိတ်ကျေနပ်မှုရရှိစေရန်အတွက် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအားဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါအဖွဲ့သည် ဧပြီလ ၂၅ ရက်က မော်လမြိုင်မြို့၊ ရခိုင်ကုန်း၊ နောင်ခရီရပ်ကွက် လမ်းဘေးဝဲ/ယာရှိ စားသောက်ဆိုင်သုံးဆိုင်၊ လက်ဖက်ရည်ဆိုင် နှစ်ဆိုင်၊ စတိုးဆိုင် နှစ်ဆိုင်၊ စုစုပေါင်း ခုနစ်ဆိုင်တို့အား လုံခြုံစိတ်ချရမှုမရှိသော ထုတ်ကုန်များ သုံးစွဲ၍ အစားအသောက်များ ထုတ်လုပ်ရောင်းချနေခြင်းများရှိ/မရှိနှင့် အစားအသောက်များအား ကျန်းမာရေးနှင့် ညီညွတ်စွာ ပြည်သူများစားသုံးနိုင်ရန် သန့်ရှင်းလတ်ဆတ်မှု ရှိ/မရှိတို့အား ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**နေဇင်(မွန်)**

# လှိုင်မြို့နယ်နှင့် ဒဂုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ စီးပွားရေးလုပ်ငန်းရှင်များအား စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဧပြီလ ၂၅ ရက်တွင် လှိုင်မြို့နယ်၊ မီးသတ်ခန်းမနှင့် ဧပြီလ ၂၇ ရက်တွင် ဒဂုံမြို့နယ် စည်ပင်သာယာရေးမွှာရုံ၌ စားသုံးသူအကာအကွယ်ပေးရေး ဟောပြောဆွေးနွေးပွဲများ ကျင်းပ ပြုလုပ်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲများတွင် လှိုင်မြို့နယ်တွင် ပြုလုပ်သည့်ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ဝါဝါခိုင်နှင့် ဒဂုံမြို့နယ်တွင် ပြုလုပ်သည့်ဟောပြောပွဲတွင် ဦးစီးအရာရှိ ဒေါ်ထားထားလှိုင်တို့က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ စားသုံးသူတစ်ဦးအနေနှင့် စားသုံးသူတို့၏အခွင့်အရေးနှင့် တာဝန်များ ရယူလိုက်နာရန် လိုအပ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအနေနှင့်လည်း တာဝန်နှင့်တားမြစ်ချက်များ လိုက်နာရန်လိုအပ်ပုံ၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ လုပ်ငန်းကော်မတီနှစ်ရပ် ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များ၊ ကုန်စည်၊ ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် ဆုံးရှုံးနစ်နာမှုရှိလျှင် တိုင်ကြားနိုင်ကြောင်း၊ အမှတ်တံဆိပ်ဖော်ပြချက်တွင် ဖတ်ရှုနားမလည်သည့် စာသားဖြင့်ရေးသားထားသည့် ကုန်စည်တို့ကို ဝယ်ယူသုံးစွဲခြင်း မပြုသင့်ကြောင်း အကျယ်တဝင့် ရှင်းလင်း ဆွေးနွေးခဲ့ကြပါတယ်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာနှင်းယုဝေနှင့် ဦးစီးအရာရှိ ဒေါက်တာနှင်းထက်တင့်တို့က အစားအသောက်၊ ဆေးဝါး၊ အလှကုန်များ ဝယ်ယူအသုံးပြုရာတွင် သတိပြုရမည့်အချက်များ၊ စားသုံးသူအကာအကွယ်ပေးရေးအတွက် ဈေးကွက်မတင်မီနှင့် ဈေးကွက်တင်ပြီး စိစစ်ခြင်းများ၊ အစားအသောက် ထုတ်လုပ်ရာတွင် ထောက်ခံချက်ထုတ်ပေးခြင်း နည်းအဆင့်ဆင့်များအကြောင်းနှင့် ဓာတုဆိုးဆေးများ သုံးစွဲထားသော ငရုတ်သီးမှုန့်၊ စိမ်းစားငပိများကို သတိပြုဝယ်ယူစားသုံးရန်လိုကြောင်း ဆွေးနွေးသွားခဲ့ကြပါတယ်။

လှိုင်မြို့နယ်နှင့် ဒဂုံမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ကျန်းမာရေးမှူးအဆင့်(၁) ဦးကျော်ချစ်နှင့် လက်ထောက်ဆရာဝန် ဦးဇွဲဝင်းထွဋ်တို့က အစားအစာများ စားသုံးရာတွင် သတိပြုရမည့်အချက်များ၊ အရောင်တောက်အောင်ပြုလုပ်ထားသော အစားအသောက်အချို့တွင် တာရှည်ခံဆေးနှင့် ဓာတုဆေးများကို သုံးထားသဖြင့် ကျန်းမာရေးကို ထိခိုက်နိုင်သောကြောင့် ဝယ်ယူစားသုံးရန် မသင့်ကြောင်း၊ FDA ထောက်ခံချက်ပါရှိသည့် စားသောက်ကုန်၊ ဆေးဝါးများကိုသာ ရွေးချယ်ဝယ်ယူသုံးစွဲသင့်ပုံတို့ကို ဆွေးနွေးခဲ့ကြပါတယ်။

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ဆီကိစ္စနှင့် ပတ်သက်၍ ဧပြီလ ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနတွင် ဌာနမှတာဝန်ရှိသူများနှင့် MITS၊ စားအုန်းဆီအသင်း၊ တင်သွင်းသောကုမ္ပဏီများနှင့် အစည်းအဝေးပြုလုပ်ခဲ့ပါကြောင်း၊ နေ့စဉ်သုံးစွဲနေသော ဆီများကို အထပ်ထပ် အခါခါ ကြော်ပြီးသုံးစွဲနေလျှင်လည်း အန္တရာယ်ဖြစ်စေနိုင်ကြောင်း၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းများ အောင်မြင်စေရန် ဌာနဆိုင်ရာများ၊ NGOs အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ ဟန်ချက်ညီညီ ပူးပေါင်း ပါဝင်ဆောင်ရွက်ပေးရန်တို့ကို ဆွေးနွေးပြောကြားခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲများသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်ကျော်ထွန်း၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်ခိုင်မာဌေးနှင့် ဒဂုံမြို့နယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ အရာထမ်းနှင့် အမှုထမ်း၊ လှိုင်မြို့နယ်နှင့်ဒဂုံမြို့နယ်တို့ရှိဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ဈေးသူ/ဈေးသားများ စုစုပေါင်း ၁၆၇ ဦးခန့် တက်ရောက်ခဲ့ကြပါတယ်။

အလားတူ ဧပြီလစတုတ္ထပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် ငါးနေရာ၊ အနောက်ပိုင်းခရိုင်တွင် ရှစ်နေရာ၊ တောင်ပိုင်းခရိုင်တွင် ၁၅ နေရာ၊ မြောက်ပိုင်း ခရိုင်တွင် ၁၅ နေရာတို့၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း ဟောပြောပွဲများနှင့် ကွင်းဆင်း အသိပညာပေးခြင်းများအား ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**အေးအေးခိုင် (စားသုံးသူ) ရန်ကုန်**



## ယင်းမာပင်မြို့ "ဆိုရှယ်" ကိတ်မုန့်လုပ်ငန်းတွင် လုပ်ငန်းခွင်သန့်ရှင်းသပ်ရပ်မှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ယင်းမာပင် ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးစိုးငြိမ်းဦးဆောင်၍ စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ် ဦးအောင်ဗိုလ်မြင့်၊ စားသုံးသူကိုယ်စားလှယ် ဦးတင်ညို၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော အဖွဲ့သည် ဧပြီ ၂၁ ရက်က ယင်းမာပင်မြို့ 'ဆိုရှယ်' ကိတ်မုန့်လုပ်ငန်းတွင် လုပ်ငန်းခွင် သန့်ရှင်းသပ်ရပ်မှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး၊ ခရိုင်ဦးစီးမှူး ဦးစိုးငြိမ်း ဦးဆောင်သော အဖွဲ့သည် မုန့်လုပ်ငန်းအတွင်း သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းလိုင်စင်များရှိ/မရှိ၊ မုန့်လုပ်ငန်းတွင် အသုံးပြုသော ကုန်ကြမ်းပစ္စည်းများ၊ ဆိုးဆေးများ အသုံးပြုမှု၊ မုန့်များထုပ်ပိုးမှုစနစ်၊ လုပ်သားများ၏ တစ်ကိုယ်ရည်သန့်ရှင်းမှု၊ မုန့်ဖိုအတွင်း သန့်ရှင်းသပ်ရပ်မှု ရှိ/မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းရှင်အနေဖြင့် FDA ထောက်ခံချက်ရယူ ဆောင်ရွက်ထားရန်၊ အမှတ်တံဆိပ်တွင် ကုန်ဆုံးရက်စွဲ ထည့်သွင်းဖော်ပြရန်၊ အလုပ်ရုံရှိလုပ်သားများ၏ ကျန်းမာရေး စိစစ်ချက်ရယူထားရှိရန်၊ မုန့်ဖို၏ ရေဆိုးထုတ်မြောင်းကို စနစ်တကျထားရှိရန်၊ လုပ်ငန်းအတွက် စက်မှုလိုင်စင်ဆောင်ရွက်ထားရှိရန်၊ ခွင့်မပြုဓာတုဆိုးဆေးများနှင့် ကြာရှည်ခံဆေးများ မသုံးစွဲရန်၊ တရားဝင် ကုမ္ပဏီများမှ တင်သွင်းသော နို့မှုန့်များသာသုံးစွဲရန် စသည့်အချက်များကို အကြံပြုဆွေးနွေးခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေး လက်ကမ်းစာစောင်များကို ဝေငှခဲ့ကြောင်း သတင်းရရှိပါ သည်။

**သူဇာကျော်(ပုလဲ)**

## ပုသိမ်ခရိုင်အတွင်းရှိ သဲဖြူကျေးရွာနှင့်သလပ်ခွာကျေးရွာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးဦးသည် ဧပြီလ ၂၀ ရက်က ပုသိမ်မြို့နယ်အတွင်းရှိ သဲဖြူနှင့် သလပ်ခွာကျေးရွာများရှိ မိဘပြည်သူများအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများကို ကျင်းပခဲ့ပါသည်။

ဟောပြောပွဲများတွင် ခရိုင်ဦးစီးမှူး ဦးစိုးဦးက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေအရ အစားအသောက်၊ ကုန်စည်၊ ဝန်ဆောင်မှုများကြောင့် စားသုံးသူများနစ်နာမှု ရှိပါက အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များထံ အသိပေးတင်ပြနိုင်ပါကြောင်း၊ ထို့အတူ စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (Consumer Information and Complaint Center) များ ဖွင့်လှစ်၍ စားသုံးသူပြည်သူများ၏ နစ်နာဆုံးရှုံးမှုများအား အချိန်တိုအတွင်း ကုစားဖြေရှင်းပေးနိုင်ရေး၊ စားသုံးသူအခွင့်အရေးများ အပြည့်အဝ ရရှိရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သို့အတွက် မိမိတို့ဌာနမှ စားသုံးသူပြည်သူများအတွက် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ အချိန်တိုအတွင်း ထိရောက်အောင်မြင်မှုရရှိရေး၊ စားသုံးသူ ပြည်သူများ ယုံကြည်အားကိုးမှုရရှိရေးတို့အတွက် စားသုံးသူ ပြည်သူများနှင့် အတူ ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်ပုသိမ်**



## ထားဝယ်မြို့ရှိ ဆရာ/ဆရာမ(မွမ်းမံ)သင်တန်းတွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးဆောင်သော အဖွဲ့သည် ဧပြီ ၂၇ ရက်က ထားဝယ်မြို့ အ. ထ. က(၁)ကျောင်းခန်းမနှင့် အ. ထ. က(၃)ကျောင်းခန်းမ၌ သင်ကြားနေသော ဆရာ/ဆရာမ(မွမ်းမံ) သင်တန်းမှ သင်တန်း နည်းပြများနှင့် ဆရာ/ဆရာမစုစုပေါင်း ၆၀၅ ဦးတို့အား စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများကို အသိပညာပေး ဟောပြောဆွေးနွေးပြီး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူးဦးကျော်စိုးရိုက ဌာနစတင်ပေါ်ပေါက် လာပုံ၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင် ရွက်ထားရှိမှု အခြေအနေကို လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ကြည်ကြည်ဇင်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းချက်များ၊ စားသောက်ကုန်၊ လူသုံးကုန်၊ ဝန်ဆောင်မှုနှင့် ကုန်စည်များ ဝယ်ယူသုံးစွဲရာတွင် တွေ့ကြုံနိုင်သည့် အန္တရာယ်များအကြောင်းကို လည်းကောင်း၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုရှိလျှင် တိုင်ကြားနိုင်မည့် အခြေအနေကိုလည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို အစိုးရဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ စားသုံးသူပြည်သူများ စသည့်နယ်ပယ်များမှ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်းကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**

# ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ ရေထွက်ကုန်စည်ပြပွဲ ( Seafood Expo Global in 2017 ) တွင် မြန်မာလုပ်ငန်းရှင်များ ပထမဆုံးအကြိမ်အဖြစ် သွားရောက်ပြသ

ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့၌ နှစ်စဉ်ကျင်းပခဲ့သည့် ကမ္ဘာ့အကြီးဆုံး ရေထွက်ကုန်ပစ္စည်းများ ကုန်စည်ပြပွဲကြီးသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ ရေထွက်ကုန်ပစ္စည်း ဝယ်ယူတင်သွင်း လိုသည့် ကုန်ဝယ်သူများ၊ ပို့ကုန် လုပ်ငန်းရှင်များ၊ လက်လီလက်ကား ရောင်းဝယ်သူများ၊ နိုင်ငံအသီးသီးမှ ဟိုတယ်များနှင့် စားသောက်ဆိုင်များမှ အဝယ်တော်များနှင့် အစားအသောက် ဝန်ဆောင်မှုပေးသော လုပ်ငန်းရှင်များ စသည်ဖြင့် သောင်းချီသော ကုန်ဝယ်သူများ လာရောက် ချိတ်ဆက် ဝယ်ယူလေ့ရှိပါသည်။ ယခုနှစ် (၂၅)ကြိမ်မြောက် ကမ္ဘာ့ ရေထွက် ကုန်စည်ပြပွဲကြီး (Seafood Expo Global in 2017) ကို ဧပြီ ၂၅ရက်မှ ၂၇ရက် အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ ရေထွက်ကုန် ထုတ်လုပ်သည့် ကုမ္ပဏီလေးခုက ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက် ပြသနိုင်ခဲ့ပါသည်။

ကမ္ဘာ့ ရေထွက် ကုန်စည်ပြပွဲကြီးကို ကျင်းပပေးခြင်းဖြင့် နိုင်ငံတကာ ပင်လယ်စာများ ထုတ်လုပ်သည့် လုပ်ငန်းအဖွဲ့များ တစ်နေရာတည်းတွင် တွေ့ဆုံ၍ ကွန်ရက် ချိတ်ဆက်ခြင်းဖြင့် အကောင်းဆုံး အခွင့်အရေးကို တက်လှမ်း ရယူနိုင်စေရန်နှင့် ဝယ်လိုအား မြင့်မားသော ရေထွက်ကုန် ဈေးကွက်များ အတွက် မွေးမြူရေး လုပ်ငန်းများကို ပိုမို တွန်းအားပေးကာ လျော့ကျလာနေသည့် မျိုးစိတ်များကို ဆက်လက် ထိန်းသိမ်းနိုင်စေရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။

ကုန်စည်ပြပွဲ အကြိုခင်းကျင်းပြင်ဆင်သည့် ဧပြီ၂၄ ရက်မှစ၍ ပြခန်းပါဝင် ပြသသူများအနေဖြင့် ကုန်စည်ပြပွဲသို့ လာရောက်ကြသည့် ကုန်ဝယ်သူအား ဆွဲဆောင် ဖိတ်ခေါ်တတ်စေရန် စကားအသုံးအနှုန်း၊ နေထိုင် သွားလာမှုပုံစံ၊ ကိုယ်နေဟန်ထား အမူအရာ စသည့် လိုက်နာသင့်သည့် အချက်များနှင့် ဈေးကွက်သတင်း အချက်အလက်နှင့် ဈေးကွက် အလားအလာများ အကြောင်း အကြိုသင်တန်းများပေးခဲ့သည့်အပြင် ပြပွဲကျင်းပနေစဉ် ကာလအတွင်း ဥရောပသမဂ္ဂ နိုင်ငံများမှ ငါးလုပ်ငန်း ကဏ္ဍနှင့်စပ်လျဉ်းသည့် ကုန် သွယ်ရေး မူဝါဒများ၊ ပို့ကုန်/သွင်းကုန် ဆိုင်ရာ စည်းမျဉ်းများ အကြောင်း ဆွေးနွေးပွဲငယ်လေးများ၊REX System/ Rules of Origin အသုံးချ အကောင်အထည် ဖော်မှုဆွေးနွေးပွဲ၊ ရေထွက်ကုန်များ ထုတ်လုပ်ရာတွင် ဘေးအန္တရာယ် ကင်းရှင်းရေး နည်းလမ်းများဆိုင်ရာ ဆွေးနွေးပွဲများ စသည်တို့ကို ဥရောပ ကော်မရှင်မှ တစ်ပြိုင်နက်တည်း ကျင်းပပေးခဲ့ရာ မြန်မာကိုယ် စားလှယ်အဖွဲ့ဝင်များ တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ ကုန်စည် ပြပွဲကြီးသို့ ကမ္ဘာ့ နိုင်ငံပေါင်း ၇၉ နိုင်ငံမှ ရေထွက်ကုန် လုပ်ငန်းကုမ္ပဏီပေါင်း ၁၈၀၀ ကျော် လာရောက်ပြသခဲ့ကြပြီး၊ ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံ အမတ်ကြီး ဦးပေါ်လွင်စိန်၊ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ဘယ်လ်ဂျီယံနိုင်ငံ ရောက် စီးပွားရေးသံမှူး ဦးတင့်ဇော်ညွှန့်၊ မြန်မာနိုင်ငံ ရေထွက်ကုန်ထုတ် လုပ်သူများနှင့် ပို့ကုန် လုပ်ငန်းရှင်များ အသင်းမှ တာန်ရှိသူများနှင့် မြန်မာ ကုမ္ပဏီလေးခုတို့မှ ပါဝင်ပြသသူများ တက်ရောက်ခဲ့ကြပါသည်။

မြတ်မြတ်စိုးမိုး (Myantrade)

# အိန္ဒိယနိုင်ငံတွင် India International Mega Trade Fair ပြပွဲများ ကျင်းပမည်

အိန္ဒိယနိုင်ငံ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ ပြပွဲကျင်းပရေး ကော်မတီက တာဝန်ယူကြီးမှူး ကျင်းပမည့် India International Mega Trade Fair (IIMTF) ပြပွဲများကို အိန္ဒိယနိုင်ငံ၊ Delhi- NCR, Kolkata, Bhubaneswar & Ranchi မြို့ကြီး လေးမြို့တို့တွင် ကျင်းပမည် ဖြစ်ကြောင်းနှင့် ယင်းပြပွဲသည် အိန္ဒိယနိုင်ငံ၏ ဒုတိယ အကြီးဆုံး ပြပွဲဖြစ်ကြောင်း သတင်းရရှိပါသည်။ IIMTF ပြပွဲများ သည် အိန္ဒိယနိုင်ငံအစိုးရ၊ ကူးသန်းရောင်း ဝယ် ရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပသော ပြပွဲများ ဖြစ်ပြီး ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ကုန်သွယ်မှုနှင့် စီးပွားရေး လုပ်ငန်းများကို မြှင့်တင်စေရန် ဖြစ်ပါသည်။

India International Mega Trade Fair (IIMTF) ပြပွဲကို အိန္ဒိယနိုင်ငံ၊ ကိုလ်ကတ္တားမြို့တွင် ယခင်နှစ်က နိုင်ငံပေါင်း ၁၇ နိုင်ငံ၊ ပြည်နယ် ၁၉ ခုတို့မှ လာရောက်ပြသပြီး လည်ပတ်သူ ၉၀၀,၀၀၀ ခန့်ရှိကြောင်း၊ Bhubaneswar မြို့တွင် လာရောက်လည်ပတ်သူ ၈၀၀,၀၀၀ ခန့်ရှိကြောင်း၊ Ranchi မြို့ တွင် လာရောက် လည်ပတ်သူ ၇၅၀,၀၀၀ ခန့်ရှိခဲ့ပါသည်။

အိန္ဒိယနိုင်ငံတွင် ၂၀၁၇ ခုနှစ် နှင့် ၂၀၁၈ ခုနှစ်တို့တွင် ကျင်းပမည့် အဆိုပါပြပွဲများ၏ ပြခန်းအကျယ်အဝန်း၊ ကျင်းပမည့် နေရာ/ ရက်စွဲနှင့် ပြခန်းနှုန်းထားများကို ဇယားဖြင့် ဖော်ပြထားပါသည်။

အထက်ပါပြပွဲများနှင့် ပတ်သက်၍ မြန်မာနိုင်ငံမှ သွားရောက် ပြသမည့် စီးပွားရေး လုပ်ငန်းရှင်များ အနေဖြင့် ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက Marketing Office: - G.S. Marketing Associates, 108/9, MonoharPukurRoad.Kolkata – 700 026. Fax: 033-2465-9754. Mr. Prakash Shah's mobile No. +91 - 9830331010 နှင့် Mr. Utpal Roy's mobile No. +91–9433012988/ 9830080180 သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ နေပြည်တော်ဖုန်း ၀၆၇-၄၃၀၁၂၈၊ ၀၆၇-၄၃၀၄၄၇၊ Email: moctradefair@gmail.com ၊ ရန်ကုန်ဖုန်း ၀၁-၂၅၄၀၂၄၊ Email: itpic.moc@gmail.comနှင့်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်သို့လည်း မေးမြန်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

| Name | Place | Date | Size of Stall | Rate |
|---|---|---|---|---|
| India International Mega Trade Fair (IIMTF) | India Expo Centre & Mart, Greater Noida Expressway, Delhi-NCR | 4th to 15th August, 2017 | 3M x 3M = 9 Sq M | US$. 2,000 |
| India International Mega Trade Fair (IIMTF) | Science City Ground, Kolkata, West Bengal | 15th to 25th December, 2017 | 3M x 3M = 9 Sq M | US$. 1,700 |
| India International Mega Trade Fair (IIMTF) | Jata Maidan, Bhubaneswar, Odisha | 19th to 29th January, 2018 | 3M x 3M = 9 Sq M | US$. 1,300 |
| India International Mega Trade Fair (IIMTF) | Morabadi Ground, Ranchi, Jharkhand | 16th to 26th February, 2018 | 3M x 3M = 9 Sq M | US$. 1,300 |

ဥမ္မာကြူ (ကုန်သွယ်ဖွံ့ဖြိုး)

# ဧရာဝတီတိုင်းဒေသကြီးတွင် ကျင်းပမည့် တောင်သူလယ်သမား နီးနှောဖလှယ်ပွဲ အခမ်းအနားသို့ ပုသိမ်ခရိုင်မှ တောင်သူလယ်သမားများ တက်ရောက်ရေး ကြိုတင်ညှိနှိုင်းဆွေးနွေး

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်နှင့် မိတ်ဖက် အဖွဲ့အစည်းများ ပူးပေါင်း၍ တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲကို မေ ၁၅ ရက်တွင် ကျိုက်လတ်မြို့နယ်၌ ကျင်းပမည် ဖြစ်ကြောင်းသိရသည်။

အဆိုပါ တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲကို တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေတွင် ပါဝင်သည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုး ရေး လုပ်ငန်းများကို ပုဂ္ဂလိက ကဏ္ဍမှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ရန် ဟူသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါနှီးနှောဖလှယ်ပွဲသို့ပုသိမ် ခရိုင်မှ တောင်သူလယ်သမား စိုက်ပျိုးရေး ၄၀ ရာခိုင်နှုန်း၊ မွေးမြူရေး၊ ရေလုပ်ငန်း ၃၀ ရာခိုင်နှုန်း၊ ဆားတောင်သူ ၂၀ ရာခိုင်နှုန်း၊ အခြား (ပီလောပီနံ၊ သီဟိုဠ်၊ ငှက်ပျော၊ အမယ်သစ် သီးနှံများ ၁၀ ရာခိုင်နှုန်း) တက်ရောက်ရန် အတွက် မေလ ၄ ရက်တွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ တောင်သူ ၃၀၀ ကျော်အား ဖိတ်ကြားကာ ခရိုင် နှီးနှောဖလှယ်ပွဲကို ကျင်းပ၍ အဆိုပါ တိုင်းဒေသကြီး နှီးနှောဖလှယ်ပွဲသို့ တောင်သူ ၁၀၀ ကျော်အား ရွေးချယ်စေလွှတ်သွားမည် ဖြစ်ကြောင်း ပုသိမ်မြို့ ခရိုင်အုပ်ချုပ်ရေးမှူးရုံးတွင် ဌာနဆိုင်ရာများနှင့် MAPCO အဖွဲ့မှ တာဝန်ရှိသူများ ဧပြီ ၂၅ ရက်တွင် ခရိုင်နှီးနှောဖလှယ်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြသည်။

တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲတွင် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တောင်သူ လယ်သမားများ တွေ့ဆုံဆွေးနွေးခြင်း၊ ၂၀၁၇ ခုနှစ်၊ မိုးစပါးစိုက် တောင်သူလယ်သမားများနှင့် MAPCO Golden Lace ကုမ္ပဏီတို့အကြား အကျိုးတူ အာမခံ လယ်ယာစနစ် (Contract Farming) စာချုပ် ချုပ်ဆိုပွဲနှင့် မျိုးသွင်း အားစု စိုက်ပျိုးစရိတ်များ ပေးအပ်ပွဲ အခမ်းအနား၊ MAPCO Golden Lace ကုမ္ပဏီ၏ ခေတ်မီဆန်စက်နှင့် စပါးခွံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး စက်ရုံဖွင့်ပွဲ အခမ်းအနားများ ကျင်းပပြုလုပ်၍ တောင်သူလယ်သမားများအား လေ့လာရေး အစီအစဉ်များကို ထည့်သွင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မောင်ပုသိမ်

# အိန္ဒိယ ပဲ ရက်သတ္တပတ်



အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံ ရက်သတ္တပတ် အစီရင်ခံစာကို အဂရီဝပ်ချ်က ဧပြီ ၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည်။ အဂရီဝပ်ချ်က ထုတ်ပြန်သော အစီရင်ခံစာတွင် အိန္ဒိယနိုင်ငံ၏ ပဲထုတ်လုပ်မှု အခြေအနေ၊ မြန်မာနိုင်ငံမှ တင်သွင်းလာသော ပဲများ၏ စျေးနှုန်းအခြေအနေနှင့် အိန္ဒိယစျေးကွက်များ၌ ဖြစ်ပေါ်နေသော ပဲမျိုးစုံစျေးနှုန်း အခြေအနေများကို ဖော်ပြထားသည်။

ပြည်ပမှ အိန္ဒိယနိုင်ငံ အတွင်းသို့ ပဲမျိုးစုံ တင်သွင်းမှု အခြေအနေကိုမူ ယခင်သီတင်း ပတ်အတိုင်း ဖော်ပြထားသည်ကို တွေ့ရသည်။

### အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံ ထုတ်လုပ်မှုအခြေအနေ

မဟာရသျှတ္တရာ ပြည်နယ် လယ်ယာ စိုက်ပျိုးရေးဌာန( Maharashtra Agriculture Department)က ၂၀၁၆ ခုနှစ်အတွင်း ပြည်နယ်၏ ထုတ်လုပ်မှုအခြေအနေကို တတိယ အကြိမ်ခန့်မှန်းချက်အဖြစ် ထုတ်ပြန်ခဲ့သည်။ နောက်ဆုံးအကြိမ် ထုတ်ပြန်သော ပြည်နယ်ပဲမျိုးစုံ ထုတ်လုပ်မှု ကြိုတင်ခန့်မှန်းချက်အရ မဟာရသျှတ္တရာ ပြည်နယ်၏ ထုတ်လုပ်မှုကိုကြည့်ပါက ပဲမျိုးစုံတန်ချိန် ၂၀ ဒသမ ၃၅ သိန်း၊ ကုလားပဲတန်ချိန် ၁၇ ဒသမ ၇၇ သိန်း၊ ပဲတီစိမ်းတန်ချိန် သုံးသိန်းနှင့် မတ်ပဲတန်ချိန် ၂ ဒသမ ၅ သိန်းရှိမည်ဟု ခန့်မှန်းထားသည်။ ၂၀၁၅-၂၀၁၆ ခုနှစ်က ထုတ်လုပ်မှု အခြေအနေကို ကြည့်ပါက ပဲစင်းငုံတန်ချိန် ၄ ဒသမ ၄ သိန်း၊ ကုလားပဲတန်ချိန် ၇ ဒသမ ၇၆ သိန်း၊ ပဲတီစိမ်း တန်ချိန် ၆၉၃၀၀ နှင့် မတ်ပဲတန်ချိန် ၆၁၂၀၀ ရှိခဲ့သည်ကိုတွေ့ရသည်။

နောက်ဆုံးအကြိမ် ထုတ်ပြန်သော ခန့်မှန်းခြေစာရင်းများအရ မဒ္ဒယာပရာဒေ့ရှ်၏ ကုလားပဲထုတ်လုပ်မှုမှာ ၂၀၁၅-၂၀၁၆ ခုနှစ်က ၃၃ ဒသမ ၆၄ သိန်းရှိခဲ့ရာမှ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် တန်ချိန် ၄၃ ဒသမ ၃၇ သိန်းရှိမည်ဟု ခန့်မှန်းထားသည်။ ပဲနီလေး ထုတ်လုပ်မှုများမှာ ယခင်နှစ်က တန်ချိန် ၆ ဒသမ ၁၅ သိန်းရှိခဲ့ရာမှ ယခုနှစ်တွင် ၆ဒသမ ၆၆ သိန်းရှိမည်ဟု ခန့်မှန်းခဲ့သည်။ ပဲစင်းငုံ ထုတ်လုပ်မှုမှာ ယခင်နှစ်က ထုတ်လုပ်မှုထက် ၆၄ ရာခိုင်နှုန်း ပိုမိုမြင့်မားလာပြီး တန်ချိန် ၁၀ ဒသမ ၄၅ သိန်းရှိမည်ဟု ခန့်မှန်းထားသည်။ မတ်ပဲထုတ်လုပ်မှုက တန်ချိန် ၅ ဒသမ ၁၅ ပိုမိုပြီး တန်ချိန် ၁၀ ဒသမ ၇၅ သိန်း ရှိမည်ဖြစ်သကဲ့သို့ ပဲတီစိမ်း ထုတ်လုပ်မှုက တန်ချိန်ခုနစ်သောင်း ပိုမိုပြီး တန်ချိန် ၁ ဒသမ ၄ သိန်းသို့ ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

### မြန်မာနိုင်ငံ အပါအဝင် ပြည်ပနိုင်ငံများတင်သွင်းလာသော ပဲစျေးနှုန်း အခြေအနေ

မြန်မာနိုင်ငံမှ ပဲစင်းငုံနီ ပေါက်စျေးမှာ CIF အခြေခံအရ တစ်တန်ကို အမေရိကန်ဒေါ်လာ ၆၁၅ မှ ဒေါ်လာ ၆၂၀ အကြားရှိသည်။ ထို့အပြင် မတ်ပဲ FAQ တစ်တန်ပေါက်စျေးက အမေရိကန် ဒေါ်လာ ၁၀၈၀၊ ပဲတီစိမ်း Pedisheva က တစ်တန်ကို အမေရိကန်ဒေါ် လာ ၉၈၀ မှ ၁၀၀၀ နှင့် ပဲတီစိမ်း Pakakois က တစ်တန်ကို အမေရိကန်ဒေါ်လာ ၇၆၀ နှုန်းရှိသည်။ မြန်မာနိုင်ငံရှိ CNF ပေါက်စျေးမှာလာမည့် ရက်သတ္တပတ်များတွင် ပုံမှန်အတိုင်းရှိနေမည်ဟု ခန့်မှန်းထားသည်။ အိန္ဒိယပြည်တွင်းစျေးကွက်တွင် ပဲမျိုးစုံ အဝင်လှိုင်နေသည့်အတွက် ဝယ်လိုအား ကျဆင်းမည်ဟု ခန့်မှန်းရသည်။

တန်ဇန်နီးယားမှ တင်သွင်းပြီး မေတွင် ဖြန့်ဖြူးမည့် ပဲတီစိမ်းစျေးမှာ မွမ်ဘိုင်းတွင် မက် ထရစ်တစ်တန်ကို အမေရိကန်ဒေါ်လာ ၇၆၀ ရှိသည်။ ဩစတြေးလျ ကုလားပဲစျေးမှာ မေအတွက် ကြိုတင်စျေးက အမေရိကန်ဒေါ်လာ ၉၉၀ ရှိပြီး ဇူလိုင်တွင် ဖြန့်ဖြူးမည့်ပဲစျေးက တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၀၁၀ ရှိသည်။ ဩစတြေးလျ ပဲနီ၏ မေ၊ ဇွန် တွင် ဖြန့်ဖြူးမည့် စျေးမှာ တစ်တန်ကို အမေရိကန် ဒေါ်လာ ၆၆၅ နှုန်းရှိသည်။

### အိန္ဒိယ ပဲမျိုးစုံစျေးနှုန်း

အိန္ဒိယ ပဲမျိုးစုံစျေးကွက်မှာ ဖိအားပေးမှုများကိုခံနေရပြီး ယခုရက်သတ္တပတ်အတွင်း စျေးကျဆင်းနိုင်မည့် အခြေအနေများ ရှိနေသည်။ မုတ်သုံမိုး ပုံမှန်ရှိမည်ဟု ခန့်မှန်းခြင်း၊ အလုံးအရင်းဖြင့် အသုံးပြုသူများ၏ ဝယ်လိုအား ကျဆင်းခြင်းနှင့် စျေးနှုန်းအလားအလာ အမျိုးမျိုးရှိနေခြင်းစသည့် အခြေအနေများက ဝယ်လက်များ အလုံးအရင်းဖြင့် ဝယ်ယူခြင်း မရှိ နိုင်အောင် ထိန်းချုပ်ထားသကဲ့သို့ ဖြစ်နေသည်။ ဤအခြေအနေမှာ ယာယီသွင်ပြင်လက္ခဏာ မျှသာဖြစ်ပြီး မေတွင် စျေးနှုန်းများ ပြန်တက်မည် ဟု ခန့်မှန်းရသည်။

မွမ်ဘိုင်းစျေးကွက်တွင် ပဲစင်းငုံနီ (အဟောင်း) ပေါက်စျေးမှာ တစ်ကွင်တယ်ကို ၃၉၇၅ ရူပီးနှင့် အသစ်စျေးမှာ တစ်ကွင်တယ်ကို ၃၈၇၅ ရူပီးနှုန်းရှိရာ ယခင်က ရှိခဲ့သော စျေးနှုန်းနှင့် နှိုင်းယှဉ်ပါက စျေးနှုန်းကျဆင်းသည်။ သို လှောင်လက်ကျန်များ ရှိနေသော်လည်း စျေးနှုန်း ကျဆင်းမည့် လက္ခဏာကို မတွေ့ရပေ။ ကျစျေး ဖြင့်ဝယ်ယူရန် ဝယ်လက်များက စိတ်ဝင်စားခြင်း နှင့် လက်ရှိစျေးနှုန်းဖြင့် ပဲတောင်သူတို့က မရောင်းဘဲ တောင့်ခံနေခြင်းတို့ကြောင့် စျေးနှုန်းအခြေ အနေမှာ ပုံမှန်ဖြစ်နေရာမှ အနည်းငယ် မြင့်တက် မည့် လက္ခဏာရှိသည်။ လက်လီစျေးကွက်ရှိ ကု လားပဲစျေးမှာ မေလလယ်အထိ စျေးတက်နိုင်ဖွယ် မရှိသည်ကို တွေ့ရသည်။ ပြည်ပမှ တင်သွင်း လာသော ကုလားပဲစျေးမှာ မွမ်ဘိုင်းစျေးတွင် တစ်ကွင်တယ်ကို ရူပီး ၅၄၀၀ မှ ၅၈၀၀ အကြား အတက်အကျရှိသည်။ ကနေဒါပဲနီလေး စျေးမှာ မွမ်ဘိုင်းတွင် ရူပီး ၃၈၀၀ မှ ၃၉၅၀ အကြား အတက် အကျရှိပြီး ဩစတြေးလျ ပဲနီလေး စျေးမှာရူပီး ၄၀၀၀ နှင့် ၄၀၅၀ အကြားအတက်အကျရှိသည်။ ဧပြီ စတုတ္ထရက်သတ္တပတ်အထိ ပဲနီလေး စျေးမာနေဦးမည်ဟု ခန့်မှန်းထားသည်။

### အပြည်ပြည်ဆိုင်ရာ ပဲစျေးကွက်

၂၀၁၇-၂၀၁၈ ခုနှစ်သီးနှံရာသီမှာ ကနေဒါနိုင်ငံ၏ ပဲမျိုးစုံစိုက်ပျိုးမှုအခြေအနေနှင့် ပတ်သက်၍ ကျွမ်းကျင်သူပညာရှင်များအကြား အမျိုးမျိုး ကွဲပြားလျက်ရှိသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်၊ ရာသီတွင် စိုက်ပျိုးမြေဧရိယာ စံချိန်တင်မြင့်တက်ခဲ့သည့်အတွက် ကနေဒါနိုင်ငံ၏ စားတော်ပဲနှင့် ပဲနီလေး ထုတ်လုပ်မှု စံချိန်တင် မြင့်တက်ခဲ့သည်။ ကနေဒါတွင် ပဲနီလေးစိုက်ပျိုးဧရိယာမှာ ယခင်နှစ်က ဧက ၅ ဒသမ ၉ သန်းရှိခဲ့ရာမှ ယခုနှစ်တွင် ၃ ဒသမ ၉ သန်းမှ ၆ ဒသမ ၁ သန်းအကြား ရှိမည်ဟု ခန့်မှန်းထားသည်။

စားတော်ပဲစိုက်ဧရိယာမှာမူ ယခင်နှစ်က ဧက ၄ ဒသမ ၂ သန်းရှိခဲ့ရာမှ ယခုနှစ်တွင် ဧက ၃ ဒသမ ၆ သန်းမှ ၄ ဒသမ ၈ သန်းထိ ရှိမည်ဟု ခန့်မှန်းသည်။ စိုက်ဧရိယာ ခန့်မှန်းချက်တွင် ကွာဟချက်ကြီးမားရခြင်းမှာ အဓိကအားဖြင့် အိန္ဒိယနိုင်ငံ၏ ဝယ်လိုအား မသေချာခြင်းနှင့် ယခင်နှစ်က ကနေဒါနိုင်ငံမှတင်ပို့သော ပဲ၏ အရည်အသွေးနှင့်ပတ်သက်၍ ပြဿနာများ ရှိခြင်းတို့ကြောင့်ဖြစ်သည်။ စျေးနှုန်းများ ကျဆင်းမှုကလည်း စိုက်ဧရိယာအပေါ်တွင် ဂယက်ရိုက်ခတ်မှုရှိနိုင်သည်။

ယူကရိန်းနိုင်ငံ၏ ပဲထွက်ရှိမှု မြင့်မားမည့် လက္ခဏာ ရှိသည့်အတွက် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ယူကရိန်းမှ အိန္ဒိယနိုင်ငံသို့ ပဲတင်သွင်းမှုသည် ၅၀ ရာခိုင်နှုန်း မြင့်တက်ပြီး တန်ချိန် ၆ ဒသမ ၅ သိန်းရှိမည်ဟု ခန့်မှန်းသည်။ ယခင်နှစ်က ယူကရိန်း နိုင်ငံ၏ စားတော်ပဲထုတ်လုပ်မှုမှာ တန်ချိန် ၇ ဒသမ ၄၅ သိန်းရှိခဲ့ရာမှ ယခုနှစ်တွင် စိုက်ဧရိယာနှင့် ထွက်နှုန်းမြင့်တက်မှုကြောင့် တန်ချိန် ၉ သိန်းအထိ ရှိမည်ဟု ခန့်မှန်းသည်။

တူရကီနိုင်ငံက ငွေကြေးဖောင်းပွမှု ကျဆင်းစေရန် ရည်ရွယ်၍ ကုလားပဲသွင်းကုန်ခွန် ၁၉ ဒသမ ၃ ရာခိုင်နှုန်းကို ချက်ချင်းဖျက်သိမ်းခဲ့ရာ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁ ရက်အထိ ဆက်လက်၍ အကျိုးသက်ရောက်မှုရှိနေမည် ဖြစ်သည်။ တူရကီနိုင်ငံ၏ ကုလားပဲ ထုတ်လုပ်မှုမှာ တစ်နှစ်ကို တန်ချိန် လေးသိန်းမှ ငါးသိန်းအထိရှိပြီး နှစ်စဉ် စားသုံးမှုက ငါးတန်မှ ၅ ဒသမ ၅ တန်အကြားတွင် ရှိသည်။ တူရကီနိုင်ငံ၏ ကုလားပဲတင်ပို့မှုမှာ ပမာဏ အနည်းငယ်သာရှိသည်။

## ဝယ်ယူဖြည့်တင်းရေး အေဂျင်စီများ ပိတ်သိမ်းသွားပြီးနောက် မဟာရသျှတ္တရာတွင် ပဲစင်းငုံစျေးကျ

မဟာရသျှတ္တရာဒေသတွင် ပဲစင်းငုံထွက်ရှိမှုက ငါးဆအထိ မြင့်တက်ခဲ့သည်။ ထို့ကြောင့် ဒေသအတွင်းရှိပဲစင်းငုံတောင်သူတို့က ထွက်ရှိသော ကုန်ပစ္စည်းများကို ပုဂ္ဂလိကကုန်သည်များကိုသာ ရောင်းချရသည့်အတွက် ရရှိသောစျေးမှာ အနိမ့်ဆုံး ထောက်ပံ့ကြေးစျေးနှုန်း (Minimum Support Price) အောက်သို့ပင် ကျရောက်နေကြောင်း၊ ကွန်မိုဒီတီ အွန်လိုင်း သတင်းတွင် ဖော်ပြသည်။

မိမိတို့ ထွက်ကုန်များကို အနိမ့်ဆုံး ထောက်ပံ့ကြေး စျေးနှုန်းအောက်ချ၍ ရောင်းရသည့် အဓိက အကြောင်းရင်းမှာ ပဲစင်းငုံ ဝယ်ယူရန် နောက်ဆုံးရက်အဖြစ် သတ်မှတ်ထားသော ဧပြီ ၂၂ ရက်ကို ကျော်လွန်သဖြင့် ဝယ်ယူဖြည့်တင်းရေး အေဂျင်စီများကို ပိတ်သိမ်းသွားသောကြောင့် ဖြစ်သည်။

အေဂျင်စီက ဝယ်ယူထားသော ပဲစင်းငုံများအနက် ပဲစင်းငုံတန်ချိန် တစ်သန်းမှာ လယ်ယာထွက်ကုန် စျေးကွက်တွင် ရောင်းချရေး ကော်မတီ (Agricultural Produce Marketing Committee)၏ လက်ဝယ်တွင် ရောင်းမထွက်သေးဘဲ ကျန်ရှိနေဆဲဖြစ်သည်။ ပြည်တွင်းစျေးကွက်များတွင် ပဲတောင်သူများက တစ်ကွင်တယ်ကို ရူပီး ၄၁၀၀ မှ ၄၂၀၀ အတွင်း ရောင်းချနေရသည့် အနေအထား ဖြစ်နေပြီး ပဲတောင်သူ များအတွက် တစ်ကွင်တယ်ကို ရူပီး ၁၀၀၀ ဝန်းကျင် အရှုံးပေါ်လျက်ရှိသည်။

တောင်သူများ အရှုံးပေါ်ရသည့် အခြားအကြောင်းရင်းတစ်ခုမှာ သွင်းကုန် ၁၀ ရာခိုင်နှုန်းမှာ သက်သာသောနှုန်းထားဖြစ်သဖြင့် ပြည်ပမှတင်သွင်းလာသော ပဲစင်းငုံပမာဏ တိုးတက်လာသောကြောင့်ဖြစ်သည်။ တောင်သူများကို အထောက်အကူ ဖြစ်စေရန်နှင့် သွင်းကုန်များကို ထိန်းချုပ်ရန် အစိုးရက သွင်းကုန်ခွန်ကို ၂၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန် စီစဉ်လျက်ရှိသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## ပဲတောင်သူတို့က သီးနှံများ ပြောင်းလဲစိုက်ပျိုးမှုကြောင့် အိန္ဒိယနိုင်ငံအလယ်ပိုင်း ဒေသရှိ ပဲပုပ်စိုက်ဧရိယာ ကျဆင်း

ပဲပုပ်စိုက်ပျိုးရာမှ ရရှိသော ဝင်ငွေကျဆင်းမှုကြောင့် အိန္ဒိယအလယ်ပိုင်းဒေသရှိ မဒ္ဒယာပရာဒေ့ရှ်ဒေသတွင် ပဲပုပ်စိုက်ဧရိယာသည် ယခုနှစ် နွေရာသီတွင် ၁၀ ရာခိုင်နှုန်းကျဆင်းနိုင်ဖွယ်ရှိကြောင်း ကွန်မိုဒီတီ အွန်လိုင်းသတင်းတွင် ဖော်ပြသည်။ မဒ္ဒယာပရာဒေ့ရှ်သည် အိန္ဒိယနိုင်ငံတွင် ပဲပုပ်စိုက်ပျိုး ထုတ်လုပ်သော အဓိက ပြည်နယ်များတွင် ပြည်နယ်တစ်ခုအဖြစ် ပါဝင်သည်။

မဒ္ဒယာပရာဒေ့ရှ်၏ ပဲပုပ်ထုတ်လုပ်မှုသည် အိန္ဒိယနိုင်ငံရှိ စုစုပေါင်း ထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းခန့် ရှိသည်။ ယခုအခါ ပြောင်း၊ ပဲမျိုးစုံနှင့် ဝါဂွမ်းသီးနှံတို့မှာ ဝယ်လိုအားကောင်းပြီး စျေး နှုန်းမြင့်တက်လာသည့်အတွက် ပဲတောင်သူတို့က သီးနှံကိုပြောင်းလဲစိုက်ပျိုးရန် စဉ်းစားကြသည်။

ပဲပုပ်ထုတ်လုပ်မှု ပိုမိုမြင့်တက်ပြီး ပဲပုပ်ဖတ် ပြည်ပတင်ပို့မှုမှာလည်း မူလခန့်မှန်းချက်အောက် ကျဆင်းခဲ့သည့်အတွက် ပြည်တွင်းစျေးကွက်များ တွင်ယခုနှစ် ပဲပုပ်စျေးနှုန်းမှာ ယခင်နှစ်က စျေးနှုန်းနှင့် နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ အလားတူကာလအတွင်း ဝါဂွမ်းစျေးနှုန်းမှာ နှစ်အလိုက် နှိုင်းယှဉ်ပါက ၂၇ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့သည်ကို တွေ့ရသည်။

# စင်ကာပူနိုင်ငံတွင် အိမ်အကူများဆိုင်ရာ ဗဟိုဌာနက အိမ်အကူများ၏ လစာနှင့် လေ့ကျင့်ရေးကိစ္စများကို လေ့လာသုံးသပ်သွားမည်

စင်ကာပူနိုင်ငံရှိ အိမ်အကူလုပ်ငန်းများတွင် နိုင်ငံခြားမှ လာရောက်လုပ်ကိုင်နေကြသော အိမ်အကူများ၏ လစာပေးမှု အခြေအနေ၊ သင်တန်းများ ပေးရာတွင် ထိရောက်မှုနှင့် အာမခံထားရှိမှု အခြေအနေတို့ကို အိမ်အကူများဆိုင်ရာ ဗဟိုဌာနက လေ့လာဆန်းစစ်သွားမည်ဖြစ်သည်ဟု ဗဟိုဌာန ဥက္ကဋ္ဌ ယိုဂူယက်ကွမ်က ဧပြီ ၂၃ ရက်တွင် ပြောကြားကြောင်း ချန်နယ်နယူးအေးရှ သတင်းတွင် ဖော်ပြသည်။

အိမ်အကူ လုပ်သားများနှင့် သက်ဆိုင်ရာ အလုပ်ရှင်များ၏ ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ချက်ဖြင့် အချက်အပြုတ်ပြိုင်ပွဲကို ကျင်းပခဲ့ရာ ထိုပြိုင်ပွဲ ကျင်းပပြုလုပ်သော အလွတ်သဘော တွေ့ဆုံပွဲတွင် ဥက္ကဋ္ဌက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ အီလက်ထရွန်းနစ် စနစ်ဖြင့် လစာပေးသည့်စနစ် အကောင်အထည်ဖော်ရေးကို စီစဉ်ဆောင်ရွက်လျက် ရှိကြောင်းနှင့် ထိုသို့ဆောင်ရွက်နိုင်ရန် အိမ်အကူများအတွက် အာမခံထားရှိမှုနှင့် အရည်အသွေး သတ်မှတ်ချက်များကို ဗဟိုဌာနက ပြန်လည်လေ့လာသုံးသပ်လျက်ရှိကြောင်း မစ္စတာယိုက ပြောသည်။

"ကျွန်တော်တို့ လက်ခံရရှိထားတဲ့ အမှုကိစ္စတွေအနက် တစ်ဝက်ကျော်ကလစာနဲ့ ဆက်နွယ်နေတဲ့ကိစ္စတွေဖြစ်ပါတယ်။ ဒါကြောင့် အီလက်ထရွန်းနစ်စနစ်နဲ့ လစာပေးတဲ့ပုံစံကို မဖြစ်မနေ လုပ်ဆောင်လာအောင် အစိုးရက ပြင်းပြင်းထန်ထန် ကြိုးပမ်းဆောင်ရွက်ဖို့ ကျွန်တော်တို့က တိုက်တွန်းထားပါတယ်" ဟုသူက ပြောပါတယ်။

အီလက်ထရွန်းနစ် စနစ်ဖြင့် ငွေပေးချေပါက ဘဏ်စာရင်း အပိုကုန်လာမည်ကို အလုပ်ရှင်များက ထောက်ပြဝေဖန်နေသည့်အတွက် အိမ်အကူများအတွက် အီလက်ထရွန်းနစ် စနစ်ဖြင့် လစာပေးသော စနစ်ကို ဆောင်ရွက်ပါက ဘဏ်စာရင်းကို ကင်းလွတ်ခွင့်ပေးရန် အိမ်အကူများဆိုင်ရာ ဗဟိုဌာနက ဘဏ်များကို ပန်ကြားထားကြောင်း သူကပြောသည်။

"လောလောဆယ်မှာတော့ အလုပ်ရှင်တွေက အိမ်အကူတွေကို ငွေသားနဲ့ လစာပေးနေပါတယ်။ တိုင်တန်းမှုတွေ သို့မဟုတ် လစာနဲ့ဆိုင်တဲ့ အငြင်းပွားမှုတွေဖြစ်လာတဲ့အခါ အငြင်းပွားမှုနဲ့ပတ်သက်တဲ့ အထောက်အထားကို မရနိုင်တဲ့အတွက် တစ်ခါတစ်ရံမှာ သက်သေပြဖို့အခက်အခဲနဲ့ကြုံရပါတယ်။ အီလက်ထရွန်းနစ် စနစ်နဲ့ လစာပေးတဲ့ ပုံစံကို အသုံးပြုမယ်ဆိုရင် ငွေပေးငွေယူ လုပ်ငန်းအားလုံးကို မှတ်တမ်း တင်ထားပြီး ဖြစ်နိုင်ပါတယ်။ ဒါကြောင့် အထောက်အကူရနိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်"ဟု သူက ပြောသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## တန်ဖိုးနည်း တိုက်ခန်းများ တိုးမြှင့်ဆောက်လုပ်ရန် အင်ဒိုနီးရှားအစိုးရ ကတိပြု

အင်ဒိုနီးရှား အစိုးရသည် တန်ဖိုးနည်းတိုက်ခန်းများ ပိုမိုဆောက်လုပ်ရန် ကတိပြုထားကြောင်းနှင့် အထူးသဖြင့် ထိုတိုက်ခန်းများသည် အလုပ်သမားများအတွက်ဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို (ဂျိုကိုဝီ) က ပြောကြားသည်ကို အင်တာရာသတင်းတွင်ဖော်ပြသည်။

ဂျကာတာမြို့တော် ဆင်ခြေဖုံးရှိ ဆာပွန်ဒေသတွင် ဝင်ငွေနည်းသူများအတွက် တန်ဖိုးနည်း တိုက်ခန်းများ ဆောက်လုပ်ရန် ပန္နက်ချပွဲကို ဧပြီ ၂ ရက်က ကျင်းပရာ ထိုအခမ်းအနားတွင် သမ္မတနှင့်အတူ ပြည်သူ့လုပ်ငန်းနှင့် အိုးအိမ်ဝန်ကြီးဌာနဝန်ကြီး ဘာဆူကီဟာဒီမူဂျိုနှင့် လူအင်အားဝန်ကြီး မိုဟာမက် ဟာနစ်ဒါခီရီတို့လည်း တက်ရောက်ခဲ့ကြသည်။

တန်ဖိုးနည်း အိမ်ရာများဆောက်လုပ်ခြင်းမှာ ဝင်ငွေနည်းသော ပြည်သူများအတွက် ဈေးနှုန်းသက်သာပြီး သူတို့ဝယ်ယူနိုင်သော ဈေးနှုန်းဖြင့် ရောင်းချနိုင်ရေးအတွက် အစိုးရက ဆောင်ရွက်နေသော အစီအစဉ်၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။

"ဒီတိုက်ခန်းတွေက ဈေးသက်သာလို့ ဝယ်နိုင်တယ်၊ နေလို့ထိုင်လို့ အဆင်ပြေပြီး မဟာဗျူဟာကျတဲ့ နေရာမှာရှိနေလို့ အလုပ်သမားတွေရဲ့ သက်သာချောင်ချိရေးကို အကောင်အထည်ဖော်ရာမှာ အရေးပါတဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်" ဟု သမ္မတက ပြောသည်။

ဝင်ငွေနည်းသော ပြည်သူများအတွက် တိုက်ခန်းများ ထပ်မံဆောက်လုပ်ရာတွင် နိုင်ငံပိုင်ကုမ္ပဏီများ အပါအဝင် အခြားသော အေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ပြည်သူ့လုပ်ငန်းနှင့် အိုးအိမ်ရေးရာဝန်ကြီး ဘာဆူကီဟာဒီမူဂျိုနိုက ပြောသည်။

တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ရေးအတွက် အစိုးရ အထောက်အပံ့ အများအပြား ပေးထားကြောင်း သူကပြောပါတယ်။

အလုပ်သမားများအတွက် အခန်းခြောက်ထောင်ပါဝင်သည့် ဆောက်လုပ်ရေးစီမံကိန်းကို ၂၀၁၈ ခုနှစ်တွင် အပြီးဆောင်ရွက်ရန် စီစဉ်ထားသည်။

# အလုပ်သမား ရှားပါးမှုကြောင့် ဂျပန်နိုင်ငံရှိ အချိန်မရွေး အလွယ်တကူဝယ်ယူနိုင်သော စတိုးဆိုင်များအတွက် အခက်အခဲဖြစ်




အချိန်မရွေး ဝယ်ယူနိုင်အောင် ဖွင့်လှစ်ထားသော စတိုးဆိုင်များသည် အချိန်ပိုင်း ထုပ်ပိုးသူများ၊ ငွေကိုင်များနှင့် တစ်ရက်နှစ်ဆယ့်လေးနာရီဖြန့်ဖြူးရေး လုပ်ငန်းဆောင်ရွက်သူများကို မှီခိုအားထား၍ ဆောင်ရွက်နေရသော လုပ်ငန်းဖြစ်သည်။ သို့ဖြစ်ရာ အလုပ်သမားရှားပါးမှု အခြေအနေက ထိုသို့သော ကုန်စုံဆိုင်များအား ခြောက်လှန့်လျက်ရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

7-Eleven, Family Mart နှင့် Lawson တို့ကဲ့သို့သော လုပ်ငန်းကြီးသုံးခုတို့က ၎င်းတို့၏ ဖရန်ချိုက်ဆိုင်ခွဲများအဖြစ် ဆောင်ရွက်နေသော ဆိုင်ငယ်လေးများအား ငွေကြေးကူညီမှုနှင့် လုပ်သားခသက်သာသော အလိုအလျောက်စက်များ သုံးစွဲနိုင်အောင် ပံ့ပိုးမှုများပေးကာ လုပ်ငန်းများအပေါ်တွင် ကျရောက်လျက်ရှိသော ဖိအားပေးမှုများမှ သက်သာအောင် ဆောင်ရွက်လျက်ရှိသည်။

သို့သော်လည်း ထိုလုပ်ငန်းကြီးများ၏ ဝင်ငွေအလားအလာမှာ နှစ်ပေါင်းများစွာအတွင်း အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိနေသည်။

ယခုဘဏ္ဍာနှစ်တွင် Lawson ကုမ္ပဏီ၏ အမြတ်ခွန်မှာ ၁၅နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အနိမ့်ဆုံးသို့ ရောက်ရှိမည်ဟု ခန့်မှန်းထားပြီး 7-Eleven ကုမ္ပဏီမှာမူ တိုးတက်မှုနှုန်း သုညဒသမ ၂ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းရသည်။

ဂျပန်နိုင်ငံတစ်ဝန်းလုံးတွင် တစ်ရက် ၂၄ နာရီဖွင့်သော စတိုးဆိုင်ပေါင်း ၅၅၀၀၀ ဝန်းကျင်ရှိရာ လူ ၂၃၀၀ ဦးလျှင် တစ်ဆိုင်နှုန်းရှိနေသည်။ လုပ်ငန်းလည်ပတ်နိုင်ရန်အတွက် ဆိုင်တစ်ဆိုင်လျှင် အချိန်ပိုင်း လုပ်ငန်း ဆောင်ရွက်သူ ၂၀ ဦး လိုအပ်သည်။

အချို့သော ဆိုင်ရှင်များမှာ လူအင်အား ဖြည့်တင်းရန် ကြိုးစားရုန်းကန်နေရပြီး နေ့ဆိုင်း ညဆိုင်းများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နေရသည်။

Royal Host နှင့် MC Donald ကဲ့သို့သော စားသောက်ဆိုင် ကွန်ရက်ကြီးများမှာမူ ၂၄ နာရီဝန်ဆောင်မှု လုပ်ငန်းများကို လျှော့ချစပြုနေပြီဖြစ်သော်လည်း အချိန် ပြည့်ဖွင့်လှစ်သည့် စတိုးဆိုင်များမှာ ဖွင့်ချိန်ကို လျှော့ချခြင်း သို့မဟုတ် ဆိုင်အရေအတွက် လျှော့ချခြင်းများ မပြုလုပ်သေးသည်ကို တွေ့ရသည်။

အမှန် စင်စစ် အဓိကဆိုင်ကြီးများမှာမူ လုပ်ငန်းများကို တိုးချဲ့ရန် စီမံဆောင် ရွက်လျက်ရှိနေသည်။ အကယ်၍ ဝန်ဆောင်မှုကို လျှော့ချမည်ဆိုပါက ဈေးကွက်ဝေစု ဆုံးရှုံးပြီး ဖောက်သည်လိုအပ်ချက်ကို အချိန်မရွေး ဖြည့်ဆည်းနိုင်သည်ဟူသော ဂုဏ်ပုဒ်အဖြစ် ရရှိထားသည့် နာမည်ကောင်းပျက်စီးမည်ကိုလည်း စိုးရိမ်လျက်ရှိသည်။

## ပင်လယ်ရပ်ခြားဈေးကွက်များသို့ တိုးချဲ့ ဆောင်ရွက်နေသော တောင်ကိုးရီးယား စီးပွားရေးလုပ်ငန်းများအား အစိုးရက ထောက်ပံ့မည်

ပင်လယ်ရပ်ခြားရှိ အခြေခံ အဆောက်အအုံဆောက်လုပ်ရေးဈေးကွက်များအတွင်းသို့ လုပ်ငန်းများ ချဲ့ထွင်ရန် ကြိုးပမ်းဆောင်ရွက်နေသော တောင်ကိုးရီးယား စီးပွားရေးလုပ်ငန်းများသည် အလုပ်အကိုင် ဖန်တီးမှုနှင့် စီးပွားရေးပြန်လည်ရှင်သန်မှုအတွက် ၎င်းတို့ အခန်းကဏ္ဍကို မြှင့်တင်လျက်ရှိသဖြင့် အစိုးရက ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း တောင်ကိုးရီးယား ယာယီသမ္မတ ဝှမ်ကျိုးအန်းက ဧပြီ ၂၄ ရက်က ပြောကြားသည်ကို ယွန်းဟပ် သတင်းတွင် ဖော်ပြသည်။

စီးပွားရေးနှင့် သက်ဆိုင်သော သတင်းအချက်အလက်များနှင့် ဘဏ္ဍာရေး ထောက်ပံ့မှုပေးခြင်း၊ နိုင်ငံခြား တိုင်းပြည်များနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းတို့ဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုချင်းစီ၏ လိုအပ်ချက်များကို အစိုးရက အစွမ်းကုန် ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားလုပ်ငန်းခေါင်းဆောင်များနှင့်တွေ့ဆုံစဉ် ဝှမ်ကပြောသည်။

"ပင်လယ်ရပ်ခြားဒေသရှိအ ခြေခံအဆောက်အအုံ တည်ဆောက်ရေးဈေးကွက်တွေမှာ ကျွန်တော်တို့ စီးပွားရေးလုပ်ငန်းတွေရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် ထက်မြက်လာစေမယ့် ဘက်စုံအစီအမံတစ်ခုကို ဖော် ဆောင်နိုင်ဖို့အတွက် စီးပွားရေးလုပ်ငန်းတွေနဲ့ အစိုးရတို့ ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်"ဟု ဆိုးလ်မြို့ရှိ သူ၏ရုံးခန်းတွင်ကျင်းပသော အစည်းအဝေးတွင် ပြောသည်။

ပင်လယ်ရပ်ခြားတွင် ခြေကုပ်ရနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းများအား ပိုမိုအထောက်အကူပေးနိုင်ရန်အတွက် မြို့ပြဆိုင်ရာ ကျွမ်းကျင်သူများနှင့် အစိုးရ အရာရှိများ ပါဝင်သော လုပ်ငန်းအဖွဲ့ကိုဖွဲ့စည်းပြီး ဘက်စုံ အမျိုးသား မဟာဗျူဟာကို ချမှတ်ဆောင်ရွက်နေကြောင်း ယာယီသမ္မတက ပြောသည်။ စီးပွားရေးလုပ်ငန်းများ လုပ်ငန်းဆောင်ရွက်ရာ၌ အကျိုးအမြတ်ပိုမိုရရှိစေမည့် နည်းပညာအခြေပြု စီးပွားရေးပုံစံများကို ဖော်ထုတ်ဆောင်ရွက်ကြရန် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို ယာယီသမ္မတက တိုက်တွန်းသည်။



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန် ပြည်ထောင်စုသမ္မတ ဒေါ်နယ်ထရမ့်၏ အခွန်ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ရင်းနှီးမြှုပ်နှံသူတို့က များစွာအားထား၍ စောင့်ဆိုင်းခဲ့ကြသည်။ သို့သော်လည်း ထရမ့်၏ အစီအစဉ်က မျှော်လင့်ထားသည့်အတိုင်း ရင်းနှီးမြှုပ်နှံသူတို့၏ ယုံကြည်မှုကို မြှင့်တင်မပေးနိုင်သည့်အတွက် ဧပြီ ၂၇ ရက် ထွန်းသစ်စ အာရှငွေကြေးအများစု၏ တန်ဖိုးများ ကျဆင်းခဲ့သည်။

ထို့အတူ ဧပြီ ၂၆ ရက်က ကျင်းပသော ဥရောပ ဗဟိုဘဏ်(အီးစီဘီ) မူဝါဒ အစည်းအဝေး မတိုင်မီကလည်း ငွေကြေးရောင်းဝယ်သူ တို့၏ စိတ်ဓာတ်များ တွေဝေယိမ်းယိုင်မှု ရှိခဲ့သည်။

အာရှဒေသတစ်ဝန်းရှိ အီကွိတီရှယ်ယာဈေးနှုန်းများမှာလည်း နှစ်နှစ်အတွင်း အမြင့်ဆုံး ရောက်ရှိခဲ့ရာမှ ပြန်လည်ကျဆင်းလာခြင်းကလည်း ထွန်းသစ်စ အာရှငွေကြေးများ ကျဆင်းစေမည့် အကြောင်းအရင်း တစ်ခုဖြစ်ခဲ့သည်။

### တရုတ်ယွမ်

ဟောင်ကောင်ရှိ Off-Shore ယွမ်တန်ဖိုး ခိုင်မာလာမှုကြောင့် တရုတ်ယွမ်ငွေကြေး တန်ဖိုးမှာလည်း ဧပြီ ၂၈ ရက်က အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် တန်ဖိုးမြင့်တက်ခဲ့သည်။

တရုတ် ဗဟိုဘဏ်က ဗဟိုဘဏ် ရည်ညွှန်း ဖလှယ်နှုန်းကို ဧပြီ ၂၈ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ၆ ဒသမ ၈၉၃၁ ယွမ်နှုန်း သတ်မှတ်ခဲ့ရာ ယခင်နေ့က သတ်မှတ်ခဲ့သော ၆ ဒသမ ၈၈၉၆ ယွမ်နှုန်းနှင့် နှိုင်းယှဉ်ပါက ယွမ်တန်ဖိုး ကျဆင်းခဲ့ပါသည်။

ဗဟိုဘဏ် ရည်ညွှန်းဖလှယ်နှုန်း တန်ဖိုးကျဆင်းခဲ့သော်လည်း ဟောင်ကောင်ရှိ Off-Shore ယွမ်တန်ဖိုးမြင့်တက်မှုက ရှန်ဟဲရှိ On-Shore ယွမ်ကျဆင်းမှုကို ထိန်းထား ပေးနိုင်ခဲ့သည်။ ရှန်ဟဲရှိ On-Shore ယွမ် ဖလှယ်နှုန်းမှာ အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၈၉၃၉ ယွမ်ရှိရာ ယခင်နေ့ကထက် ၂ ဒသမ ၆ ရာခိုင်နှုန်း ပိုမို မြင့်တက်ခဲ့သည်။

Off-Shoreယွမ်၏ ဖလှယ်နှုန်းမှာမူ အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၉၃၄ ယွမ်နှုန်း ရှိခဲ့သည်။

### အိန္ဒိယရူပီး

ဘဏ်အချင်းချင်း ငွေကြေးဖလှယ်ရေး ဈေးကွက်တွင် ပြည်တွင်းသွင်းကုန်လုပ်ငန်းရှင်များက လကုန် စာရင်းရှင်းရန် အမေရိကန်ဒေါ်လာကို ပိုမိုဝယ်ယူလာကြသည့်အတွက် အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ရူပီးငွေတန်ဖိုးက ဧပြီ ၂၈ ရက်တွင် သုည ဒသမ ၀၄ ရူပီးနှုန်း ကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၆၄ ဒသမ ၂၀ ရူပီးနှုန်းရှိခဲ့သည်။

ထို့အပြင် ပြည်ပဈေးကွက်တွင် အခြားငွေကြေးများနှင့် ဖလှယ်ရာ၌ ဒေါ်လာတန်ဖိုး မြင့်တက်မှုနှင့် ပြည်တွင်း ရှယ်ယာတန်ဖိုးများ ကျဆင်းမှုကလည်း ရူပီးငွေကြေးအပေါ်တွင် ဖိအားပေးမှုရှိခဲ့ကြောင်း ငွေကြေးရောင်းဝယ်သူတို့က ပြောသည်။

### ဂျပန်ယန်း

တိုကျိုဈေးကွက်တွင် ဧပြီ ၂၈ ရက်က အမေရိကန် ငွေကြေးနှင့် ယန်းငွေကြေးတို့ ဖလှယ်နှုန်းမှာ အမေရိကန် တစ်ဒေါ်လာကို ၁၁၁ ဒသမ ၅ ယန်းနှုန်းအောက်ဝန်းကျင်ရှိပြီး ယခင်နေ့က နယူးယောက် ဈေးကွက်တွင် ရှိသောဈေးနှင့် တူညီသလောက် နီးပါးရှိခဲ့သည်။

အမေရိကန်ဒေါ်လာနှင့် ဂျပန်ယန်းငွေဖလှယ်နှုန်းမှာ ဧပြီ ၂၇ ရက်ညနေ ၅ နာရီက နယူးယောက် ဈေးကွက်တွင် ၁၁၁ ဒသမ ၂၆ ယန်းနှုန်း ရှိခဲ့ ရာမှ နောက်တစ်နေ့ နံနက်တိုကျိုဈေးကွက် အဖွင့်တွင် အမေရိကန် တစ်ဒေါ်လာကို ၁၁၁ ဒသမ ၂၀ ယန်းနှုန်း ရှိခဲ့သည်။

ယူရိုငွေကြေး တန်ဖိုးမှာမူ ဧပြီ ၂၇ ရက်ညနေက နယူးယောက် ဈေးကွက်တွင် တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၈၆၈ နှင့် ၁၂၀ ဒသမ ၉၀ ယန်းနှုန်းဖြင့်လည်းကောင်း၊ တိုကျို ဈေးကွက်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉၀၅ နှင့် ၁၂၁ ဒသမ ၃၃ ယန်းနှုန်းဖြင့်လည်းကောင်း ရှိခဲ့ရာမှ နောက်တစ်နေ့တွင် တစ်ယူရိုကို ၁ ဒသမ ၀၈၆၆ ဒေါ်လာနှင့် ၁၂၀ ဒသမ ၈၄ ယန်းနှုန်း ရှိခဲ့သည်။

### မလေးရှားရင်းဂစ်

ဥရောပ ဗဟိုဘဏ်(အီးစီဘီ) က ဗဟိုဘဏ် မူဝါဒနှင့် အတိုးနှုန်းကို မပြောင်းလဲဘဲ ဆက်လက်ထိန်းသိမ်းထားပြီးနောက်ပိုင်း အခြားငွေကြေးများနှင့်ဖလှယ်ရာတွင် အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်လာသည့်အတွက် ဧပြီ ၂၈ ရက် နံနက်တွင် အမေရိကန် ဒေါ်လာနှင့် ဖလှယ်ရာ၌ ရင်းဂစ်တန်ဖိုး နိမ့်ကျခဲ့သည်။

အမေရိကန်ဒေါ်လာနှင့် ရင်းဂစ်ဖလှယ်နှုန်းမှာ ဧပြီ ၂၇ ရက် ညနေ ၆ နာရီက အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၃၄၅၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့နံနက် ၉ နာရီ ၄ မိနစ်တွင် ၄ ဒသမ ၃၅၁၀ ရင်းဂစ်နှုန်း ရှိခဲ့သည်။

ရင်းဂစ်တန်ဖိုးသည် ယူရိုငွေကြေးမှအပ အခြား အဓိက ငွေကြေးများနှင့် ဖလှယ်ရာတွင်လည်း ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့သည်။

### တောင်ကိုရီးယားဝမ်

ကိုရီးယားကျွန်းစုတွင် တင်းမာမှုများပြန်လည်ဖြစ်ပေါ်လာခြင်းနှင့် အတူ တောင်ကိုရီးယား နိုင်ငံသည် စိန်ခေါ်မှုအများအပြားနှင့် ရင်ဆိုင်နေရသည်။ သုံးလပတ် ဂျီဒီပီ တိုးတက်နှုန်းမှာ ခန့်မှန်းထားသည်ထက် ပိုမိုလာပြီး ယခုနှစ် ပို့ကုန်အလားအလာမှာလည်း မြင့်တက်လာသည့်တိုင်အောင် အမေရိကန် ဒေါ်လာနှင့် ဖလှယ်ရာတွင် တန်ဖိုးကျဆင်းမှုအများဆုံး ဖြစ်ခဲ့သည်။

တောင်ကိုရီးယား ဝမ်တန်ဖိုးသည် အမေရိကန် ဒေါ်လာနှင့် ဖလှယ်ရာတွင် တစ်ဒေါ်လာကို ၁၁၃၀ဒသမ ၄၀ ဝမ်နှုန်းရှိခဲ့သဖြင့် ယခင်နေ့ ဈေးပိတ်ချိန်ကဖလှယ်နှုန်းထက် ဝမ်တန်ဖိုးမှာ သုည ဒသမ ၃ ဝမ်နှုန်း ကျဆင်းခဲ့သည်။

### ထိုင်းဘတ်

ရိုက်တာ သတင်းများတွင် ဖော်ပြချက်အရ လအလိုက် နှိုင်းယှဉ်ပါက ထိုင်းဘတ်ငွေ တန်ဖိုးသည် တက်နေရာမှ ပြန်လည်ကျဆင်းမည့် လက္ခဏာရှိကြောင်း သိရသည်။ အမေရိကန် ဒေါ်လာနှင့် ဖလှယ်ရာတွင် ဘတ်ငွေတန်ဖိုးသည် ဧပြီ ၂၇ ရက်က တစ်ဒေါ်လာကို ၃၄ ဒသမ ၅၈၀ ဘတ် နှုန်းရှိရာမှ နောက်တစ်နေ့တွင် သုညဒသမ ၁၂ ရာခိုင်နှုန်း ကျဆင်းပြီး ၃၄ ဒသမ ၆၂၀ ဘတ်နှုန်း ရှိခဲ့သည်။

## ဂျပန်ဗဟိုဘဏ်က ငွေကြေးမူဝါဒကို မပြောင်းလဲဘဲ ဆက်လက် ထိန်းသိမ်း

ဂျပန်ဗဟိုဘဏ်၏ ငွေကြေးမူဝါဒကို မပြောင်းလဲသေးဘဲ ဆက်လက်ထိန်းသိမ်း ထားမည်ဟု ဧပြီ ၂၇ ရက်တွင် ဗဟိုဘဏ်က ကြေညာကြောင်း ရှင်ဟွာသတင်းတွင် ဖော်ပြသည်။ ထို့အပြင် ယခုနှစ်အတွင်း ငွေကြေးဖောင်းပွမှုနှုန်းမှာ ကျဆင်းနေလိမ့်မည်ဟု ခန့်မှန်းပြီး ငွေကြေးဖောင်းပွမှု နှုန်း ရည်မှန်းချက် ပြည့်မီစေရန်အတွက် ဗဟိုဘဏ်က ဆောင်ရွက်နေသော စီးပွားရေး လှုံ့ဆော်အားပေးမှု အစီအမံများကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဈေးကွက်တွင်ဖြစ်ပေါ်နေသော အခြေအနေများနှင့်အညီ ဗဟိုဘဏ် ကာလတိုအတိုးနှုန်း ရည်မှန်းချက်ကို (-) သုည ဒသမ ၁ ရာခိုင်နှုန်း ထားရှိပြီး ၁၀ နှစ် သက်တမ်းရှိ အစိုးရ ဈေးကွက်များ၏ အတိုးနှုန်းကို သုညရာခိုင်နှုန်းအဖြစ် သတ်မှတ်ခဲ့သည်။

ဘဏ်မှ ထုတ်ပြန်သော သုံးလပတ် စီးပွားရေး အလားအလာ အစီရင်ခံစာတွင် ဂျပန်ဗဟိုဘဏ်က စီးပွားရေး ဖွံ့ဖြိုးမှုနှုန်း မြှင့်တင်ခန့်မှန်းပြီး ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်တွင်းဝယ်လိုအား ပြန်လည်မြင့်တက်မှုတို့ကြောင့် ဂျပန်စီးပွားရေး ဖွံ့ဖြိုးမှုသည် အနည်းငယ် မြင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။

ပြည်တွင်းစီးပွားရေး အခြေအနေကို ဖော်ပြရာတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရှိမည်ဟူသော အသုံးအနှုန်းကို ၂၀၀၈ ခုနှစ်၊ မတ်နောက်ပိုင်း ပထမဆုံးအကြိမ် အဖြစ် အသုံးပြုခြင်းဖြစ်သည်။ ဤသို့ ဖော်ပြသည်ကို ကြည့်ခြင်းအားဖြင့် ပို့ကုန်ကို မှီခိုအားထား နေရသော ဂျပန်နိုင်ငံသည် ပြည်ပဝယ်လိုအား မြင့်တက်မှုကြောင့် ဖြစ်ပေါ်လာသော အကျိုးစီးပွားဖြစ်မှုကို ခံစားလာရပြီဟု ယူဆရသည်။

သို့သော်လည်း ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကြာရှည်ခံ ကုန်ပစ္စည်း ဈေးနှုန်းများကျဆင်းမှုကြောင့် စားသုံးသူ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၁ ဒသမ ၅ ရာခိုင်နှုန်းရှိရာမှ ၂၀၁၈ ခုနှစ်၊ မတ်လတွင် ကုန်ဆုံးသော သုံးလပတ်တွင် ၁ ဒသမ ၄ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်။

## အဆမတန် ဖြေလျှော့ထားသော ငွေကြေးမူဝါဒကို ဥရောပ ဗဟိုဘဏ်က ဆက်လက်ထိန်းသိမ်း

ဥရောပဒေသ၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ မူလရည်မှန်းချက်အောက် ဆက်လက်ကျဆင်းနေသည့်အတွက် ဥရောပ ဗဟိုဘဏ်(အီးစီဘီ) က စံချိန်တင် နိမ့်ကျနေသော ဗဟိုဘဏ် အတိုးနှုန်းကို ဆက်လက်ထားရှိပြီး ဘွန်းစာချုပ်အများအပြား ဝယ်ယူမှုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။ သို့သော် ယူရိုဇုန်၏ စီးပွားရေးမှာ တိုးတက်နေပြီဖြစ်ကြောင်းကိုလည်း ပြတ်ပြတ်သားသား အသိအမှတ်ပြုထားသည်။

အတိုးနှုန်း သတ်မှတ်ရေး ကောင်စီ အစည်းအဝေးကို ဧပြီ ၂၇ ရက်က ကျင်းပခဲ့ပြီးနောက် အီးစီဘီက အတိုးနှုန်းများကိုပြောင်းလဲပြင်ဆင်မှုမပြုဘဲ ဆက်လက်သတ်မှတ် ထားခဲ့သည်။ အလားတူ ဘွန်းစာချုပ်များဝယ်ယူသည့် အစီအစဉ်ကိုလည်း မပြောင်းလဲဘဲထားရှိပြီး ယခုနှစ် ဒီဇင်ဘာလ အထိ ကော်ပိုရိတ်နှင့် အစိုးရ ဘွန်းစာချုပ်များကို လစဉ်ယူရိုဘီလီယံ ၆၀ ( အမေရိကန်ဒေါ်လာ ၆၅ ဒသမ ၃ ဘီလီယံ ) ဆက်လက်ဝယ် ယူသွားမည်ဖြစ်သည်။

ဘဏ်များက စီးပွားရေး လုပ်ငန်းများသို့ ငွေကြေး ထုတ်ချေးရန်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ငွေကြေးဖောင်းပွမှုနှုန်း ရည်မှန်းချက်ဖြစ်သော နှစ်ရာခိုင်နှုန်း ဝန်းကျင်တွင်ရှိစေရန်အတွက် ဗဟိုဘဏ်က ဝင်ရောက်ကိုင်တွယ်ရန်လည်း ပြင်ဆင်ပြီးဖြစ်သည်။

အီးစီဘီ ဥက္ကဋ္ဌ မာရီယို ဒရပ်ဂီအပါအဝင် မူဝါဒ ရေးဆွဲသူတို့က ယူရိုဇုန် စီးပွားရေး ပြန်လည် နာလန်ထူလာကြောင်း အသိအမှတ်ပြု ခဲ့ကြသည်။ သို့သော်လည်း ငွေကြေး ဖောင်းပွမှုနှုန်းမှာ ဖေဖော်ဝါရီက မူလခန့်မှန်းချက်ထက် ခေတ္တမျှ မြင့်တက် ပြီးမှ မတ်လတွင် ၁ ဒသမ ၅ ရာခိုင်နှုန်းအထိ ပြန်လည်ကျဆင်းခဲ့ကြောင်းတွေ့ရသည်။

ဘဏ်တင်-စစည်းတင်ပြသည်

# MYIT SHWE WAH INDUSTRY CO.,LTD.



" စားသောက်ကုန်၊ လူသုံးကုန်၊ ဆေးဝါး၊ မွေးမြူရေးနှင့် စိုက်ပျိုးရေး စသည့် လုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော

(၁) ပလပ်စတစ်အိတ် နှင့် အလိပ်မျိုးစုံ

(၂) PVC Shrink Label & Capseal များအား

ကမ္ဘာ့အဆင့်မီကုန်ကြမ်းပစ္စည်းများနှင့် ခေတ်အမီဆုံး နိုင်ငံခြားစက်သစ်ကြီးများအား အသုံးပြု၍ အရည်အသွေးကောင်းမွန်၊ တိကျမြန်ဆန်ဆုံးနှင့် ဈေးနှုန်း အချိုသာဆုံးဖြစ်အောင် ပြည်တွင်းတွင် အစအဆုံးလက်ခံ ထုတ်လုပ် ဆောင်ရွက်ပေးလျက်ရှိပါသည်။ "

## MYIT SHWE WAH PLASTIC PACKING FACTORY

No.124, Hakha Street, 23rd Quarter, Industrial Zone (1), South Dagon T/S, Yangon, Myanmar.
Tel: 951-590433, 591349, 590187, 09-43111631, 09-43111695 ,Fax: 951-590040,
E-mail: myitshwewah@goldenland.com.mm. myitshwewah@mptmail.net.mm,
http:// www.myitshwewah.com.

" ဝန်းကျင်ကမ္ဘာကို စောင့်ရှောက်ဖို့ ECO-BLOCK ကို သုံးစွဲစို့... "

ECO-BLOCK
(Autoclaved Aerated Concrete Block)







- အပူခံနိုင်မှုစွမ်းရည်ရှိခြင်း
- တိကျသော အရွယ်အစားနှင့် ပုံသဏ္ဍာန်ရှိခြင်း
- ကုန်ကျစရိတ် သက်သာစေခြင်း
- ရာသီဥတုအပူ/အအေးဒဏ်ခံနိုင်ရည်ရှိခြင်း
- ပေါ့ပါးသော အလေးချိန်ရှိခြင်း
- ပတ်ဝန်းကျင်ညစ်ညမ်းမှု ကာကွယ်နိုင်ခြင်း
- အသံလှိုင်းကာကွယ်နိုင်ခြင်း
- လျှင်မြန်စွာ တည်ဆောက်နိုင်မှုရှိခြင်း




**Block**

600mm x 200mm x 200mm
600mm x 200mm x 150mm
600mm x 200mm x 100mm
600mm x 200mm x 75mm




**Lintel**

1400mm x 100mm x 100mm
1300mm x 100mm x 100mm
1200mm x 100mm x 100mm

## Myanmar AAC & Panel Co., Ltd.

Myanmar AAC & Panel

No. 75-78, Min Ayar Street, Shwe Than Lwin Industrial Zone,Hlaing Thar Yar Township,Yangon, Myanmar.Tel : 09 264857770,09 264857771,09 264857772,09 264857773
E-mail : sales@myanmaraac.com http:// www.facebook.com/myanmaraac

# SHU SAN INDUSTRY COMPANY LTD




**ရန်ကုန်ရုံးချုပ်-**
အမှတ်(၉)၊ အောင်သိဒ္ဓိလမ်း၊ မရမ်းကုန်းမြို့။ Ph- 01-9664726, 9666246, 650912, 9669017, 9669018
**စက်သုံးဆီ အရောင်းဌာန-**
အမှတ်(၁/၅)၊ ဆိပ်ကမ်းသာလမ်း၊ရွှေပြည်သာမြို့နယ်၊ ဂါးတစ်ရာစက်မှုဇုံ၊ ရန်ကုန်မြို့။ Ph- 095002458, 09785002458




Service Company များ၊ Show Room များအတွက် အထူးဈေးနှုန်းများ (50% / 50%) ငွေပေးချေမှုပုံစံများဖြင့် အထူးဝန်ဆောင်မှုများပေးနေပါပြီ။

COMMERCE
INTERNATIONAL

# အိန္ဒိယ နိုင်ငံကျေးလက်ဒေသ အလုပ်အကိုင် အစီအစဉ်ကို လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ပေါင်းစပ်ဆောင်ရွက်ရန် ကျွမ်းကျင်သူတို့ တိုက်တွန်း

လယ်ယာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုများကို ဖော်ထုတ်ဆောင်ရွက်ရာ၌ လယ်ယာလုပ်ငန်း တိုးချဲ့ဆောင်ရွက်ရေးက အရေးပါသော အခန်းကဏ္ဍအဖြစ် ပါဝင်လျက်ရှိရာ ကျေးလက်လုပ်ငန်းများ ဖော်ဆောင်ရေးအစီအစဉ်ကို လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများနှင့် ပူးတွဲဆောင်ရွက်ရန် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်ရေးဆိုင်ရာ ကျွမ်းကျင်သူများကွန်ဖရင့်က တိုက်တွန်းနှိုးဆော်ထားကြောင်း ဟိန္ဒူဘိစနက်လိုင်းအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

တောင်သူလယ်သမားများ၏ ဝင်ငွေကို နှစ်ဆတိုးမြှင့်နိုင်ရေးအတွက် လယ်သမားများက လုပ်ငန်းတစ်မျိုးတည်းကို အလေးပေးဆောင်ရွက်နေရာမှ လုပ်ငန်းမျိုးစုံ ခွဲဖြန့်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် တိုးချဲ့ဆောင်ရွက်ရေး စီမံကိန်းကိုချမှတ်ရန်အတွက်လည်း ကျွမ်းကျင်သူတို့က နှိုးဆော်တိုက်တွန်းသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူများအားလုံး အချင်းချင်း ဆက်သွယ်ဆောင်ရွက်ရာတွင် လျင်မြန်ထိရောက်မှုရှိစေရန်အတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ(အိုင်စီတီ)နှင့် လူမှုရေးမီဒီယာကို ထိထိရောက်ရောက် အသုံးပြုရန်လည်း ထောက်ခံတင်ပြထားသည်။

Professor Jayashanka Telangana State Agricultural University (PJTSAU) တွင် ကျင်းပသော ကွန်ဖရင့်သို့ လယ်ယာလုပ်ငန်းနှင့် သက်ဆိုင်သူ ၃၀၀ ခန့် တက်ရောက်ခဲ့သည်။ လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် တောင်သူလယ်သမားများ လုပ်ကိုင်ဆောင်ရွက်နေသော လယ်ယာမြေများ တိုးတက်ကောင်းမွန်ရေးအတွက် အိန္ဒိယနိုင်ငံတွင်ဆောင်ရွက်နေသော လယ်ယာမြေတိုးချဲ့ရေး လုပ်ငန်းများ ပြန်လည်ရှင်သန်အောင် ဆောင်ရွက်နိုင်မည့် အကြံပြုချက်များကို ကွန်ဖရင့်က တင်ပြခဲ့သည်။ ထိုအကြံပြုချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကွန်ဖရင့်မှ တင်ပြသော အကြံပြုချက်များကို သက်ဆိုင်ရာ အေဂျင်စီများ၊ ဌာနများနှင့် အစိုးရအဖွဲ့များသို့ ပေးပို့သွားမည်ဖြစ်သည်။

ဟိုက်ဒရာဘတ်တွင် အခြေစိုက်ဖွင့်လှစ်ထားသော အမျိုးသား လယ်ယာစိုက်ပျိုးရေး တိုးချဲ့ဖော်ဆောင်ရေး စီမံခန့်ခွဲမှုဗဟိုဌာနကို ပင်မအဖွဲ့အဖြစ် ထားရှိပြီး ပြည်နယ်လယ်ယာစိုက်ပျိုးရေးတက္ကသိုလ်များတွင် သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနများကို တိုးမြှင့်ဆောင်ရွက်သွားရန် သက်ဆိုင်ရာအဖွဲ့များကို ကွန်ဖရင့်က အကြံပြုထားသည်။



# အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်က ဗီယက်နမ် စီးပွားရေး လုပ်ငန်းများအတွက် အရေးပါ

အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ကို ထိရောက်စွာ အသုံးချနိုင်မည်ဆိုပါက စီးပွားရေးလုပ်ငန်းရှင်များသည် မိမိတို့၏ ပစ္စည်းများ၏ တန်ဖိုးကို မြှင့်တင်ပေးနိုင်ပြီး ဝင်ငွေကောင်းအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဧပြီ ၂၅ ရက်က ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ကျင်းပသော နှီးနှောဖလှယ်ပွဲတွင် တာဝန်ရှိသူတို့၏ ပြောကြားချက်ကို ဗီယက်နမ်နယူးစ်တွင် ဖော်ပြသည်။

ဗီယက်နမ် စီးပွားရေးလုပ်ငန်းများသည် မိမိတို့၏ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ကို ကာကွယ်စောင့် ရှောက် စီမံခန့်ခွဲပြီး အကောင်အထည်ဖော် အသုံးပြုသွားရန်လိုကြောင်း ဗီယက်နမ် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့် အသင်းဥက္ကဋ္ဌ မိုင်ဟာက ပြောသည်။ ထိုသို့အသုံးပြုခြင်းအားဖြင့် ကုမ္ပဏီများက လုပ်ငန်းဆောင်ရွက်ရာတွင် အကောင်းဆုံးအဆင့်သို့ရောက်ရှိအောင် အထောက်အကူဖြစ်နိုင်ပြီး အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်နှင့်ပတ်သက်ပြီး အငြင်းပွားမှုများနှင့် ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်မှုများကို ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း သူကပြောသည်။ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ကို ကာကွယ်စောင့်ရှောက်မည့် မူဝါဒကောင်းကို လက်ကိုင်ထားမည်ဆိုပါက ဈေးကွက်အတွင်း၌ အခြားလုပ်ငန်းရှင်များနှင့် ယှဉ်ပြိုင်သောအခါ အားသာချက်များကို ရရှိနိုင်သည်ဟု ဆိုပါသည်။

ထိုသို့ဆောင်ရွက်ပါက ကုမ္ပဏီတစ်ခုသည် ဈေးကွက်အတွင်း၌ မိမိ၏ရပ်တည်မှုကို ခိုင်မာအောင် ဆောင်ရွက်နိုင်ကြောင်း၊ မိမိ၏ ကုန်ပစ္စည်းကို ပြိုင်ဘက်များက တုပနိုင်မည်မဟုတ်ကြောင်းနှင့် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ကို ပြိုင်ဘက်များက ဖောက်ဖျက်ကျူးလွန်ပါက လျော်ကြေးတောင်းခံနိုင်သည့် အခွင့်အရေးရမည်ဖြစ်ကြောင်း သူက ပြောသည်။

အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ကြောင့် ရင်းနှီးမြှုပ်နှံသူများနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများ၏ အမြင်တွင် ကုမ္ပဏီ၏ တန်ဖိုးကို မြှင့်တက်လာအောင် အထောက်အကူပေးမည်ဖြစ်ကြောင်းနှင့် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရှိသော ကုန်ပစ္စည်းများကို ရောင်းချခြင်းဖြင့် ကုမ္ပဏီဝင်ငွေ တိုးတက်လာနိုင်ကြောင်း သူက ပြောသည်။

စီးပွားရေး တိုးတက်မှုတွင် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်၏ အခန်းကဏ္ဍကို စီးပွားရေး အသိုက်အဝန်းမှ အများစု၏ အယူအဆမှာ မှားယွင်းနေကြောင်း ဗီယက်နမ်ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဖန်သီသူဟန်းက ပြောသည်။

အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်မှာ ရုပ်ဝတ္ထု ပစ္စည်းအဖြစ် အကောင်အထည်ဖော်၍ရသော အရာမဟုတ်သော်လည်း ရုပ်ဝတ္ထု အကောင်အထည် အားလုံးထက် မြင့်မားသော တန်ဖိုးရှိသည့် အရာဖြစ်သည် ဟူသောအချက်ကို ပြည်တွင်းကုမ္ပဏီများက နားလည်သိရှိရန်လိုကြောင်း သူမက ပြောသည်။

အထူးသဖြင့် ဗီယက်နမ် နိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းနှင့် နက်ရှိုင်းစွာ ပေါင်းစည်းတော့မည်ဖြစ်ရာ ကုန်ထုတ်လုပ်မှုမှအစ ဖြန့်ဖြူးရေးအဆုံး စီးပွားရေးလုပ်ငန်းရပ်အားလုံးတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်က အရေးပါသော အခန်းကဏ္ဍသို့ ရောက်ရှိလာကြောင်းလည်း သူမက ပြောသည်။

# စင်ကာပူနိုင်ငံ၏ အလုပ်လက်မဲ့နှုန်း ခုနစ်နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိ

စင်ကာပူနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ယခုနှစ် ပထမသုံးလပတ်တွင် ခုနစ်နှစ်အတွင်း အမြင့်ဆုံး အဆင့်သို့ရောက်ရှိခဲ့ကြောင်း၊ အလုပ်အကိုင် ရရှိမှုနှုန်းမှာ ၁၄ နှစ်အတွင်း အနိမ့်ဆုံးသို့ ရောက်ရှိခဲ့သည့်အတွက် စင်ကာပူ ပြည်တွင်းစီးပွားရေးတွင်ပါဝင်သော ကဏ္ဍအားလုံး၌ အားနည်းချက်များရှိသည်ကို ပြသလျက်ရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အလုပ်လက်မဲ့နှုန်းသည် ၂၀၁၆ ခုနှစ် နောက်ဆုံးသုံးလပတ်က ၂ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ် ပထမသုံးလပတ်တွင် ၂ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့သည့်အတွက် ၂၀၀၉ ခုနှစ် စတုတ္ထသုံးလပတ် နောက်ပိုင်း အမြင့်ဆုံးနှုန်းဖြစ်ကြောင်း လူအင်အားဝန်ကြီးဌာနမှထုတ်ပြန်သော ပဏာမကိန်းဂဏန်းများအရ သိရသည်။ စုစုပေါင်း အလုပ်အကိုင်ရရှိမှုမှာ ၈၅၀၀ ဦး ကျဆင်းခဲ့သည့်အတွက် ၂၀၁၃ ခုနှစ် ဒုတိယသုံးလပတ်၏ နောက်ပိုင်း သုံးလပတ်အလိုက် ကျဆင်းမှုအမြင့်ဆုံး ဖြစ်ခဲ့သည်။

“သမိုင်းကြောင်းကိုပြန်ကြည့်ရင် ဒီလိုကျဆင်းမှုမျိုးက စီးပွားရေးဆုပ်ကပ် (Recession) ဖြစ်တဲ့ အချိန်အခါမျိုးမှသာ တွေ့ရတတ်ပါတယ်။ ဒါကြောင့် ဒီကိန်းဂဏန်းတွေကိုကြည့်ရင် စိုးရိမ်စရာတော့ဖြစ်နေပါတယ်” ဟု NatWest မှ စီးပွားရေးပညာရှင် ဗနင်ဒါဆင်းက ပြောကြားခဲ့သည်။

နောက်ထပ်စိုးရိမ်စရာတစ်ခုမှာ အလုပ်အကိုင် ဈေးကွက်အခြေအနေများ အေးနေခြင်းဖြစ်ပြီး ထိုသို့အေးနေခြင်းကြောင့် မိသားစုအသုံးစရိတ် ကျဆင်းသွားနိုင်သည်ဟုဆိုသည်။ ဧပြီ ၂၅ ရက်က စင်ကာပူဗဟိုဘဏ်က နှစ်ဝက်အစီရင်ခံစာအဖြစ်ထုတ်ပြန်ခဲ့သော မေခရို စီးပွားရေးအခြေအနေ အစီရင်ခံစာတွင်လည်း ဤအချက်ကို ဖော်ပြထားသည်။

“အလုပ်အကိုင် ဈေးကွက်အေးနေတဲ့အချိန်မှာ စင်ကာပူစားသုံးသူတွေက မလိုအပ်တဲ့ အသုံးစရိတ်ကို လျှော့ချတတ်ပါတယ်။ ဒါကြောင့် အလုပ်သမားဈေးကွက်ကို ခိုင်မာအောင် ဆောင်ရွက်ပြီး ဝယ်လိုအား ကျဆင်းမှုကြောင့် ဈေးနှုန်းအားပေးမှုတွေကို လျှော့ချဖို့လိုပါတယ်”ဟု စင်ကာပူငွေကြေး အာဏာပိုင်အဖွဲ့က ပြောသည်။

၂၀၁၆ ခုနှစ် စတုတ္ထသုံးလပတ်က ပုဂ္ဂလိက စားသုံးသူ အသုံးစရိတ်ကို ယခင်နှစ် အခြေအနေနှင့်နှိုင်းယှဉ်ပါက ၂ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ရာ ၂၀၀၉ ခုနှစ် ဒုတိယသုံးလပတ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် နှစ်အလိုက် ကျဆင်းခဲ့ခြင်းဖြစ်သည်။ စုစုပေါင်း ပြည်တွင်းထုတ်ကုန် (ဂျီဒီပီ) တိုးတက်မှုနှုန်း ၂ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်မှုရှိနေချိန်မှာပင် ယခုကဲ့သို့ ကျဆင်းခဲ့ခြင်းဖြစ်သည်။

ဉာဏ်တင်-စုစည်းတင်ပြသည်